The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 29 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 3 , 2015




## မိုးထဲရေထဲက ကယား-မယ်ဟောင်ဆောင် ကုန်စည်ပြပွဲ

| မောင်မောင်အေး- လှိုင်ကော် |

၂၀

## ကြွက်ထောင်ချောက်နှင့် စားသုံးသူရေးရာ



၁၄

အီးယူနိုင်ငံများမှ ပေးအပ်သည့်
ဂျီအက်စ်ပီအခွင့်အရေး ပြန်လည်ရရှိပြီးနောက်
ဂျီအက်စ်ပီအားနှစ်အလိုက်အသုံးချမှု တိုးတက်လာ

၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ
သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော
ကုန်ပစ္စည်းအမယ်များ (Negative List) ကြေညာ

၂၀

ဧရာဝတီတိုင်းဒေသကြီးတွင်
ပုစွန်၊ ကဏန်းသားပေါက်များအတွက်
မွေးမြူရေးအစာ ARTEMIA စမ်းသပ်မွေးမြူရာ
အောင်မြင်မှုများရရှိ

၃၃

# မြန်မာနိုင်ငံဈေးကွက်တွင် တရားဝင်ရောင်းချနေသော အရည်အသွေးကောင်းမွန်သည့် ထိုင်းနိုင်ငံထုတ် Dumex Super Mix နို့မှုန့်(လိမ္မော်ရောင်)နှင့် Gold Standard Dumex Hi-Q (အပြာရောင်)

Dumex Super Mix




- **မိခင်နို့သည်ကလေးအတွက် အကောင်းဆုံးဖြစ်ပါသည်။**

**Breast Milk is the best Food for Infant.**

- သင့်ကလေးအတွက် ကျန်းမာရေးဝန်ထမ်း၏ညွှန်ကြားချက်ဖြင့် "နို့မှုန့်" တိုက်ကျွေးရန် လိုအပ်လာပါက အရည်အသွေးပြည့်မီကောင်းမွန်သော ထိုင်းနိုင်ငံထုတ် Dumex နို့မှုန့်များကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ တင်သွင်းခွင့် (IR) နှင့် (Health Certificates)ထောက်ခံချက်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်များရယူကာ နိုင်ငံတော်သို့ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ အပြည့်အဝပေးဆောင်ပြီး သက်သာသောဈေးနှုန်းများဖြင့် မြန်မာနိုင်ငံဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

- ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၂၄-၇-၂၀၁၄) ရက်စွဲပါ အမိန့်စာ-အမှတ် ၂၂/ ၂၀၁၄ နှင့်အညီ DUMEX (Thailand) နို့မှုန့်ဘူးများပေါ်တွင်မြန်မာဘာသာပြန်ဆိုပြီး ရောင်းချနေခြင်းဖြစ်သဖြင့် အလွယ်တကူ ဖတ်ရှုလေ့လာပြီး ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**(ဆက်သွယ်ရန်) ရန်ကုန်ကိုယ်စားလှယ်များ**

ဦးခင်ဦး - (မင်္ဂလာဈေး)၊ ဖုန်း ၀၁ ၂၉၀ ၂၈၉
ကျော်ကျော် - (ညောင်ပင်လေးဈေး/မင်္ဂလာဈေး)၊ ဖုန်း ၀၁ ၂၉၈၁၇၉
မခင်ထွေးယဉ် - (ညောင်ပင်လေးဈေး)၊ ဖုန်း ၀၁ ၂၀၀၀၉၅
ဘီ-၂၇ - (ညောင်ပင်လေးဈေး)၊ ဖုန်း ၀၁ ၂၁၀ ၂၃၃ (လိုင်းခွဲနံပါတ် ၂၅၁)
ငွေးငွေးမြတ် - (သိမ်ကြီးဈေး) ၀၁ ၂၄၀၆၀၀ (လိုင်းခွဲနံပါတ် ၄၂၀၉)

**မော်လမြိုင်ကိုယ်စားလှယ်**

ဒေါ်ခင်စောဝင်း - ဖုန်း ၀၉ ၅၉၅၇၂၁၂၉၇

**တောင်ကြီးကိုယ်စားလှယ်**

ဒေါ်ခင်ငွေဖြူ - ဖုန်း ၀၉ ၄၂၅၂၈၈၃၉၁

**ပခုက္ကူကိုယ်စားလှယ်**

ဒေါ်ခင်ကြည်မြင့် - ဖုန်း ၀၉ ၂၃၀၁၀၁၉

**မြစ်ကြီးနားကိုယ်စားလှယ်**

ဒေါ်ခင်ထွေးဝင်း - ဖုန်း ၀၇၄၂၂၁၃၆

**ကျေးဇူးတင်စွာဖြင့်**

**The Advanced Generation Co.Ltd**

**တိုးတက်မျိုးဆက်ကုမ္ပဏီလီမိတက်**

**ဖြန့်ချိရာဌာန**
အမှတ်-၁၂၅(မြေညီထပ်)၊ ၄၂ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်းနံပါတ်**
၀၁ ၃၈၈၈၀၅၊ ၀၁ ၃၉၂၇၉၃၊ ၀၁ ၃၉၈၄၈၁၊
၀၉ ၂၅၄၂၁၇၉၂၇၊ ၀၉ ၇၃၁၄၂၂၆၉

**ပုသိမ်ကိုယ်စားလှယ်**

မျိုးသူအောင် - ဖုန်း ၀၄၂ ၂၅၃၉၃

**ပဲခူးကိုယ်စားလှယ်**

မသူဇာ - ဖုန်း ၀၅၂၂၂၅

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပ





စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်လ ၁၁ရက်နေ့က မရမ်းကုန်းမြို့နယ်၊ကျိုက်ဝိုင်းဘုရားလမ်းရှိ ပဋ္ဌာနရုံပါဠိတက္ကသိုလ်ကျောင်းတွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဇနီးဒေါက်တာနီလာလွင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများတက်ရောက်ခဲ့ကြသည်။

အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားအား နမောတဿသုံးကြိမ် ရွတ်ဆိုပူဇော်၍ အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပဋ္ဌာနရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညထံမှ ငါးပါးသီလခံယူခဲ့ပြီး ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုများကို အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထို့နောက်ပဓာနနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညကအနုမောဒနာ တရားတော်များကို ဟောကြားခဲ့ပြီးရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်ဦးညွှန့်အောင်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများသည် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါပဋ္ဌာနရုံပါဠိတက္ကသိုလ် စာသင်တိုက်သည်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ဆရာဒကာကျောင်းဖြစ်ပြီး ၁၉၉၈ခုနှစ်မှစတင်ကာနှစ်စဉ်မပျက် လှူဒါန်းခဲ့သောကျောင်းတစ်ကျောင်းဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ၁၉၉၈ခုနှစ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲမှ ၂၀၁၄ခုနှစ်အထိ အလှူငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၆၉၇သိန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ယခုကျင်းပခဲ့သည့် (၁၈)ကြိမ် မြောက်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ဆန်အိတ်၃၀၊ ဆီ ပိဿာ ၅၀ အပါအဝင် စုစုပေါင်းလှူဒါန်းမှုပမာဏမှာ ကျပ် ၂၆သိန်းတစ်သောင်းငါးထောင်ဖြစ်ကြောင်း သိရသည်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Myanmar-Japan Center (MJC) တို့ ပူးပေါင်းကျင်းပသည့် Mid–Term Review Report ဆွေးနွေးပွဲနှင့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနနှင့် Myanmar-Japan Center(MJC) တို့ ပူးပေါင်း ကျင်းပသည့် Mid-Term Review Report ဆွေးနွေးပွဲနှင့် လက်မှတ်ရေး ထိုးပွဲအခမ်းအနားကို ဇူလိုင်လ ၂၉ ရက်နေ့က နေပြည်တော်ရှိ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်း အနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်ဦးတိုးအောင်မြင့်နှင့် တာဝန် ရှိသူများ၊ မြန်မာဂျပန်စင်တာမှ တာ ဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် JICA တို့ ဆောင်ရွက်လျက်ရှိသည့် Record of Discussion အရ MJC စီမံချက်အား ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ MJC စီမံချက်မှာ သုံးနှစ်စီမံချက်ဖြစ်ပြီး တစ်နှစ်ခွဲ ဆောင်ရွက်ပြီးစီးခဲ့မှုအား ပြန်လည်သုံးသပ်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဆွေးနွေးရရှိမှုများအပေါ် Mid–Term Review Report တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်သည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကဏ္ဍရှိလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ မန္တလေး၊



မကွေး၊ စစ်ကိုင်း၊ ပဲခူးနှင့် တောင်ကြီးမြို့တို့တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး မော်လမြိုင်မြို့နှင့် ဘားအံမြို့တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.29 Monday August 3 2015

# တရုတ်လိုင်းမဆွဲရင် ဆန်ကြမ်းဈေး ယခုအတိုင်းဆက်သွားနိုင်ပြီး ပြည်တွင်းအဓိကဈေးကွက်သာရှိတဲ့ ဆန်ချောမှာလည်း အဝယ်ပါးနေလို့ ဈေးဆက်အေးနိုင်



ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ ထိပ်စ ၃၈၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၉၀၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ နယ်စုံ ပေါ်ဆန်းလတ်စ ၃၅၀၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်အတိုင်း ဆန်ချောဈေးတွေ ဆက်ငြိမ်နေကြောင်း၊ ရွှေဘိုပေါ်ဆန်းဈေးနှုန်း ၄၄၅၀၀ ကျပ်မှ ၄၆၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးအနည်းငယ်ဆက်တက်လာတာ တွေ့ရပါတယ်။

ဆန်ချောအရောင်းအဝယ်တွေ အေးနေလို့ ဈေးဆက်ငြိမ်နေပေမယ့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းနယ်ဘက် ရေကြီးမှုကို အကြောင်းပြု၍ နယ်သမားက ဈေးဆွဲတင်လာလို့ ရွှေဘိုပေါ်ဆန်းဈေး အနည်းငယ် ဆက်တက်ရတာဖြစ်ကြောင်း၊ ဧည့်မထ လတ်စ တစ်အိတ် ၁၉၅၀၀ ကျပ်၊ ထိပ်စ ၂၀၈၀၀ ကျပ်ဖြင့် ဈေးဆက်ငြိမ်နေသော်လည်း မီးကောက်ဆန် တစ်အိတ် ၂၀၅၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်၊ နွေဆန်ရှယ် ၁၈၈၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးအနည်းငယ်တက်ခဲ့တာ တွေ့ရပါတယ်။

ရန်ကုန်သို့ ဆန်အဝင်ပါးချိန် မြို့တွင်း လက်လီဆိုင်သမားအဝယ်ရှိခဲ့လို့ ဆန်ကြမ်းရှယ်စအချို့ ဈေးအနည်းငယ်ပြန်တက်ရတာဖြစ်တယ်လို့ သိရှိရပြီး ဝါးတန်းဒိုင်သို့ ဆန်အဝင် အနည်းငယ်လျော့သလို အရောင်းအဝယ်မှာလည်း အနည်းငယ်ပါးနေတယ်လို့ ကုန်စည်ဒိုင် ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၆၅၀၀ ကျပ်-၁၆၉၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်နေပြီး တစ်အိတ်ကို ၃၀၀ ကျပ် ခန့် ဈေးအနည်းငယ်တက်ခဲ့သော်လည်း ပစ္စည်းပေးသွင်းရန် အဝယ်အချို့ရှိခဲ့ကြောင်း၊ ရန်ကုန် FOB သဘော်တင်ငြိမ်နေသော်လည်း ဆန်နှင့်ဆန်ကွဲ အနည်းငယ်စီ တင်ပို့မှုတော့ရှိနေကြောင်း၊ EMATA 25 % FOB (Yangon) ဈေး 310-315 USD မှ 330-340 USD/MT ခန့်ဈေးရှိသော်လည်း အရောင်းအဝယ်အတော်ပါးနေကြောင်း၊ တရုတ်လိုင်း -မူဆယ်မှာ နွေရှယ်ဆန်ကို တစ်အိတ်လျှင် ၁၂၃ ယွမ်ဖြင့် ဈေးချရောင်းနေရပြီး ဆန်ကွဲအနည်းငယ် မူဆယ်သို့သွားနေတယ်လို့ ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

တရုတ်လိုင်း- မူဆယ် ဆန်ဈေးကွက်မှာ ဇူလိုင် ၃၀ ရက်နေ့ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် နွေရှယ် တစ်အိတ်ကို ၁၂၂-၁၂၅ ယွမ်၊ မှော်ဘီ ၁၃၀-၁၃၄ ယွမ်၊ ဧည့်မထ ၂၅ မှတ် သုခပျက် တစ်အိတ်ကို ၁၁၂ ယွမ်၊ ငစိန် ၁၅ မှတ် ၁၂၂-၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ် ၁၁၇-၁၁၉ ယွမ်၊ B2,3,4 ဆန်ကွဲတစ်အိတ်ကို ၉၂ -၉၃ ယွမ်၊ B1,2 ၉၅-၉၇ ယွမ်၊ B1, EXTRA ၉၉-၁၀၁ ယွမ်ဖြစ်ခဲ့ကြပြီး မူဆယ်ရှိ ဇူလိုင် ၃၀ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ် ၁၉၈ ကျပ်ဖြစ်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁ ဒသမ ၂၀ ကျပ် ဈေးပြန်ကျခဲ့ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ တစ်ပတ်အတွင်း ဆန်အဝင်မှာ တန် ၁၃၀၀၀ ခန့်ရှိပြီး ယခင်တစ်ပတ်ထက် ဆန်အနည်းငယ် ပိုဝင်ခဲ့ကြောင်း၊ မူဆယ်ဆန်စပါး ကုန်စည်ဒိုင်သို့ တရုတ်ကုန်သည် ၂၀ ဦးခန့် သာလာရောက်ပြီး လက်ငင်းနှင့် အကြွေးစနစ် နှစ်မျိုးလုံးဖြင့် ရောင်းဝယ်ကြသော်လည်း ယခင်ထက်ငွေပေးချေမှု ပိုမြန်လာပြီး ယခင်အရောင်းအဝယ်ကောင်းခဲ့စဉ်က ထက်ဝက်ခန့် ပမာဏသာ အရောင်းအဝယ်ဖြစ်တော့ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ကားခ တစ်တန်ကို ၇၅၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၅၀၀၀ ကျပ်ခန့် ဈေးဆက်တက်လာကြောင်း၊ တရုတ်ဘက်မှာသာ အဖမ်းအဆီးမရှိပါက အရောင်းအဝယ်ဆက်ကောင်းလာနိုင်မယ်လို့ မူဆယ်ဆန်ဈေးကွက်မှ ခန့်မှန်းနေကြကြောင်း ကြားသိရပါတယ်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်နေ့ထိ တန်ချိန် ၅၉၃၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၅ သန်းကျော် တင်ပို့ထားပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၆၅၁၈၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ မြန်မာ့ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် တရုတ်လိုင်းမဆွဲရင် ဆန်ကြမ်းဈေး ယခုအတိုင်းဆက်သွားနိုင်ပြီး ပြည်တွင်းအဓိကဈေးကွက်သာရှိတဲ့ ဆန်ချောမှာလည်း အဝယ်ပါးနေလို့ ဈေးဆက်အေးနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၇-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၈ | ၃၉၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၉ | ၃၈၈ | ▽ | ၃၄၅ | ၃၄၅ | □ | ၃၈၅ | ၃၈၅ | □ | ၃၇၀ | ၃၆၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၁ | ၃၇၂ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၀ | ၃၂၀ | ▽ |
| ပေါင်းဆန် | ၃၉၀ | ၃၈၀ | ▽ | - | - | - | ၃၈၀ | ၃၇၅ | ▽ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၇-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၀ | ၄၇၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၄၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၇-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၈၆ | □ | ၁၈၅၀၀ | □ | ၇၉၆၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၄၇၈၆ | △ | ၂၁၀၀၀ | □ | ၇၇၈၅ | △ | ၃၆၅၀၀ | □ |
| ပဲခူး | ၄၅၅၀ | □ | ၁၉၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၂၁၀၀၀ | △ | ၁၁၈၀၀ | △ | ၄၀၀၀၀ | □ |
| စစ်တွေ | ၄၈၀၀ | □ | ၁၉၀၀၀ | □ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | □ | ၁၉၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | □ | - | - | ၄၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# တရုတ်နိုင်ငံသို့ တရားဝင်လမ်းကြောင်းမှ ဆန်တန်ချိန် ၃၀၀၀ တင်ပို့နိုင်ရေး ဆောင်ရွက်မည်

မြန်မာ-တရုတ် နယ်စပ် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ ၁၈ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ ဝယ်လိုအားပေါ်မူတည်ပြီး ဆန်တင်ပို့မှု အနည်းအများ၊ အတိုး/အလျော့ ဖြစ်နေပြီး ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၆ ဒသမ ၂၂၈ သန်းဖိုးရှိတဲ့ ဆန်တန်ချိန် ၁၆၃၄၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်တင်ပို့မှုထက် ၁၀၈၉၄ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၅၉၀၄ တန်ကျော်နဲ့ ဧည့်မထဆန် ၉၄၃၆ တန်ကျော်၊ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံကို တရားဝင်လမ်းကြောင်းကနေ တန်ချိန် ၃၀၀၀ တင်ပို့နိုင်ဖို့ ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရှိရပါတယ်။ ယခုရက်ပိုင်းကတော့ မိုးရွာသွန်းမှုများနေတာကြောင့် အစိုပျံ့နေလို့ အစိုဓာတ်ကို ပြန်ထိန်းနေပြီး ဒီလကုန်မှာတော့ တန်ချိန် ၃၀၀၀ ပြည့်မီအောင် တင်ပို့ဖို့နဲ့ နောက်ပိုင်းမှာတော့ အများပိုင်ကုမ္ပဏီ ၂၉ မှ ဆက်လက်တင်ပို့သွားမယ်လို့လည်း သိရှိရပါတယ်။ ဧည့်မထ ၂၅ မှတ် ဆန်များကို စတင်တင်ပို့သွားမှာဖြစ်တယ်လို့ မူဆယ် ကုန်စည်ဒိုင်မှ သိရှိရပါတယ်။

ဆန်အပြင် ကန်ဒေါ်လာ ၁ ဒသမ ၄၅၆ သန်းဖိုးရှိ ဆန်ကွဲ ၄၄၄၄ တန်ကျော်ကို မူဆယ် (၁၀၅) မိုင်နဲ့ ကန်ဒေါ်လာ ၀ ဒသမ ၃၂၀ သန်းဖိုးရှိ ဆန်ကွဲ တန် ၁၀၀၀ ကို လွယ်ဂျယ်မှ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တန် ၄၀၀၀ ကျော်ပိုမို တင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုကတော့ ယခုတစ်ပတ်မှာ လျော့ကျခဲ့ပါတယ်။ ဇူလိုင်လ ၁၉ ရက်မှ ၂၅ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာသုည ဒသမ ၅၁၄ သန်းဖိုးရှိ ဆန်ကြမ်း ၁၄၂၁ တန်ကျော်ကို အီးယူနိုင်ငံများနဲ့ မလေးရှားနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၁၈၀ သန်းဖိုးရှိ ငစိန်ဆန် ၄၂၃ တန်နဲ့ ကန်ဒေါ်လာသုည ဒသမ ၃၃၄ သန်းဖိုးရှိ ဧည့်မထဆန် ၉၉၈ တန် တင်ပို့ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၁၈၆၇ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပေါင်းဆန်တင်ပို့မှုမရှိတဲ့အတွက် လျော့နည်းရခြင်းဖြစ်ပါတယ်။ အီးယူနိုင်ငံများကို ဆန်အပြင် ဆန်ကွဲ ၂၉၇၅ တန်နဲ့ စင်ကာပူနိုင်ငံကို ၄၂၅ တန် တင်ပို့ပြီး ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေဟာ ကန်ဒေါ်လာ ၉၁၀၉၅၀ ရှိတယ်လို့ သိရှိရပါတယ်။

**MIRT**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၇-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၇ | ၃၀/၇ | ပြောင်းလဲမှု | ၂၄/၇ | ၃၀/၇ | ပြောင်းလဲမှု | ၂၄/၇ | ၃၀/၇ | ပြောင်းလဲမှု | ၂၄/၇ | ၃၀/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၄၇ | ၂၃၃၀ | ▼ | ၂၃၃၃ | ၂၀၆၇ | ▼ | ၂၃၅၀ | ၂၃၅၀ | ■ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၂၂၁ | ၂၂၂၁ | ■ | ၂၁၆၇ | ၂၁၁၇ | ▼ | ၂၁၀၀ | ၂၁၅၀ | ▲ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၃ | ပဲတီစိမ်း | ၁၉၆၅ | ၁၉၆၅ | ■ | ၁၉၅၆ | ၁၆၈၉ | ▼ | - | ၂၀၀၀ | - | ၁၈၇၀ | ၁၈၇၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၈၀ | ၁၆၀၀ | ▲ | - | - | - | - | - | - | ၁၃၀၅ | ၁၃၀၅ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၂၃၀ | ၁၂၃၀ | ■ | - | - | - | - | - | - | ၁၀၅၃ | ၁၀၅၃ | ■ |
| ၆ | ထောပတ်ပဲ | ၈၁၅ | ၇၈၀ | ▼ | ၈၅၃ | ၈၅၃ | ■ | ၇၃၇ | ၇၃၇ | ■ | ၈၈၅ | ၆၈၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၇-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၃/၇ | ၂၉/၇ | ပြောင်းလဲမှု | ၂၃/၇ | ၂၉/၇ | ပြောင်းလဲမှု | ၂၃/၇ | ၂၉/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၇၀ | ၁၀၇၀ | ■ | ၁၁၃၀ | ၁၁၂၇ | ▼ | ၁၁၄၆ | ၁၀၄၉ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၉၀ | ၁၀၉၀ | ■ | ၁၁၄၆ | ၁၁၅၄ | ▲ | ၁၁၅၀ | ၁၁၅၄ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၀၈ | ၉၃၉ | ▼ | ၁၀၀၅ | ၉၃၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၂၂ | ၇၀၈ | ▼ | ၇၀၆ | ၇၂၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၈.၇.၁၅)ထိ | ယခုတစ်ပတ် (၂၅.၇.၁၅)ထိ | (၁.၄.၁၅) မှ (၂၅.၇.၁၅) ထိ |
| မတ်ပဲ | ၁၂၅၂၆ | ၉၅၄၉ | ၃၁၄၇၉၅ |
| ပဲတီစိမ်း | ၁၇၈၄ | ၁၄၅၆ | ၇၄၄၈၆ |
| ပဲစင်းငုံ | ၃၄၃၅ | ၁၈၇၂ | ၈၄၇၁၀ |
| ကုလားပဲ | ၂၃၅၂ | ၁၅၀၉ | ၁၇၂၄၇ |
| ပဲလွန်းဖြူ | ၃၄၈ | ၆၅ | ၉၁၁၈ |
| မြေထောက်ပဲ | ၅၁၀ | ၁၂၀ | ၉၅၂၃ |



## မုံရွာပဲတီစိမ်းအား Export ဝယ်လက်ရှိ

Export (တရုတ်)ဝယ်လက်ရှိ၍ မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်အကောင်းဆုံး သီးနှံမှာ ပဲတီစိမ်းသီးနှံဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံသည် ဝယ်လိုအားများကာ ရောင်းလိုအားနည်းသော်လည်း ဈေးငြိမ်နေကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်အတွင်း ရွာသွန်းခဲ့သောမိုးကြောင့် မုံရွာကုန်စည်ဒိုင်သို့ မြို့နယ်စုံမှ ပဲမျိုးစုံသီးနှံဝင်ရောက်မှု လျော့နည်းခဲ့ပါတယ်။

မုံရွာမြို့ပတ်ဝန်းကျင်ရှိ မုံရွာခရိုင်အတွင်းပါဝင်သော ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်များမှသာ ပဲတီစိမ်းသီးနှံများ မုံရွာကုန်စည်ဒိုင်သို့ဝင်ရောက်ခဲ့ရာ Export(တရုတ်)ဝယ်လက်ရှိ၍ ဇူလိုင်လနောက်ဆုံးပတ်အတွင်း တစ်ရက် ပျမ်းမျှ တင်း ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး တစ်တင်း ၃၈၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ပဲတီစိမ်း ဝယ်လိုအားကောင်းလာသော်လည်း ဈေးလျော့သွားခဲ့

ဇူလိုင်လကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ်များ တစ်ရက်အိတ် ၂၀၀ ကျော်ထိ အများအပြား ဝင်ရောက်လာပြီဖြစ်ပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျိုးသဲ စတဲ့နယ်စုံမှ ဝင်ရောက်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် အိတ်အရေအတွက် သိသာစွာပိုလာတာဖြစ်ပါတယ်။

ပဲအထွက်လှိုင်လာသော်လည်း ယခုရက်ပိုင်းတွင် မိုးများဆက်တိုက်ရွာသွန်းမှုကြောင့် ခူးဆွတ်သင့်သလောက် မခူးဆွတ်နိုင်သေးကြောင်း သိရပါတယ်။ ဩဂုတ်လအတွင်းမှာ ပဲအဝင်ပိုများလာနိုင်ပြီး ပဲဈေးနှုန်းကတော့ ယခုဈေးထက် မြင့်တက်လာမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယခုတစ်ပတ် ပြည်ပဲတီစိမ်းဈေးမှာ တစ်တင်း ၃၆၀၀၀ ကျပ်ဖြင့် ယခင်ပတ်ထက် တစ်တင်းကျပ် ၄၀၀၀ ကျဆင်းသွားခဲ့ပါတယ်။ မန္တလေးဝယ်လက်အဝယ်လိုက်လို့ ဝင်လာသမျှပဲများကတော့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ဇူလိုင်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံဈေးမြင့်နေပြီး ကုလားပဲဈေးမြင့်ကာ ပဲခွဲစက်သမား ပုံမှန်အဝယ်ရှိ



ဇူလိုင်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲများရဲ့ဈေးနှုန်းများကို လေ့လာရာမှာ ပြည်ပဝယ်လိုအားရှိသော မတ်ပဲနှင့်ပဲစင်းငုံသီးနှံများ ဈေးငြိမ်နေကာ ဒေသတွင်း ဝယ်လက်အဝယ်များတဲ့ ကုလားပဲသီးနှံကတော့ ဈေးမြင့်တက်လာခဲ့ပြီး ပဲကြီးသီးနှံနှင့် ပဲပုပ်သီးနှံများ ဈေးငြိမ်လျက်ရှိနေတာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများသာရှိခဲ့ရာ ယခုရက်ပိုင်းတွင်း မိုးရွာသွန်းမှုများပြီး အရောင်းအဝယ်လည်း အေးနေတဲ့အတွက် အိတ် ၂၀၀ ကျော် ၃၀၀ ခန့်သာ တချို့ရက်တွေမှာ ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ဇူလိုင်လလယ်တွင် ဈေးမြင့်တက်ပြီး ဝယ်လိုအားလည်းကောင်းနေပေမယ့် ဇူလိုင်တတိယပတ်မှစ၍ ပဲဈေးပြန်အေးသွားပြီး တစ်တင်း ၄၁၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်အေးသလို ဈေးလည်းအေးခဲ့ပါတယ်။ ယခုလကုန်ပတ်မှာလည်း ၎င်းဈေးအတိုင်း ဈေးဆက်ငြိမ်နေခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲများသာရှိလို့ ပဲအဝင်မရှိတော့ပေမယ့် ရန်ကုန်ဝယ်လက် ဝယ်ယူသည့်ရက်တွင် အိတ် ၃၀၀ ကျော်သာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲစင်းငုံနှင့် မတ်ပဲသီးနှံမှာ မေလမှစ၍ ပြည်ပဝယ်လိုအားရှိတဲ့အတွက် ဈေးပြိုင်မြင့်တက်ခဲ့ရာ ဇွန်လအတွင်းမှာလည်း ဈေးဆက်ကောင်းပြီး တစ်တင်း ကျပ်လေးသောင်းအထက် ရနေခဲ့သလို ယခုဇူလိုင်လအတွင်းမှာလည်း အရောင်းအဝယ်အေးပေမယ့် ဈေးကတော့ ကျပ်လေးသောင်းအောက်မလျော့ဘဲ ဈေးကောင်းကောင်းနဲ့ ဈေးဆက်ငြိမ်နေခဲ့ပါတယ်။ ပဲစင်းငုံ တစ်တင်း ၄၃၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးငြိမ်ပြီး ယခင်နှစ်က ဇူလိုင်လကုန်ဈေးထက် ကျပ် နှစ်သောင်းကျော်ပိုရခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ လက်ပံတန်းမြို့နယ်၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်နှင့် မကွေးတိုင်း ကံမမြို့နယ်များမှ ပဲလက်ကျန်များ ဝင်ရောက်လို့ ဝင်လာတဲ့ပဲများရော လှောင်ပဲများပါ ရောင်းချခဲ့ကြရပါတယ်။ ခွဲစက်သမား နေ့စဉ်အဝယ်ရှိလို့ အိတ် ၃၀၀ နှင့် ၄၀၀ ကြား ရောင်းချခဲ့ပြီး ပဲဈေးမှာ တစ်တင်း ၂၇၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုလာခဲ့တာကို တွေ့ရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဈေးမှာ တစ်တင်း ၂၆၆၀၀ ကျပ်သာရရှိခဲ့ပြီး လဆန်းရက်မှာလည်း တစ်တင်း ၂၄၆၀၀ ကျပ်သာ ရရှိခဲ့တဲ့အတွက် အခြားပဲများဈေးငြိမ်ပေမယ့် ကုလားပဲဈေးကတော့ တရိပ်ရိပ်မြင့်တက်နေခဲ့တယ်လို့ သိရပါ တယ်။

ပဲကြီးသီးနှံကတော့ ပဲအဝင်ပါးလို့ လက်ကျန်ပဲများ နေ့စဉ်အရောင်းအဝယ်ဖြစ်ကာ ပဲလှော်ဖို လုပ်ငန်းသမားများ အဓိကထား ဝယ်ယူနေကြတာကြောင့် အိတ် ၄၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ လက်လီသမားအချို့လည်း ဝယ်ယူနေပြီး ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်း ရွှေကျွန်း တစ်တင်း ၂၈၀၀၀ ကျပ်၊ ကမ်းနား တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ ပဲကြီးဈေးနှုန်းများမှာလည်း ဇူလိုင်လ ဆန်းဈေးနှုန်းထက်ဈေးပိုခဲ့သလို ယခင်နှစ်က ဇူလိုင်လ အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းထက်လည်း အနည်းငယ် ပိုရခဲ့တာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံဈေးမှာ ယခုနှစ်ဈေးက တစ်နှစ်တာလုံး ဈေးအတက်အကျသိပ်မဖြစ်ခဲ့ဘဲ မေ၊ ဇွန်လ များမှစ၍ ဈေးငြိမ်ကာ တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် လက်လီ သာ အဝယ်ရှိခဲ့ကြပါတယ်။ ယခင်နှစ်က ဈေးမှာ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဇူလိုင်လအတွင်း ဈေးရခဲ့သော်လည်း ယခုနှစ်ဈေးကတော့ ယခုချိန်ထိ ဈေးကောင်းမရခဲ့ဘဲ ဈေးအေးနေ ခဲ့တဲ့သီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## တိရစ္ဆာန်စာ ဈေးကွက်ကြောင့်ဈေးရပြီး မုံရွာပဲဖတ်ဈေးကွက် ပစ္စည်းလက်ကျန်နည်း

ပဲဖတ်များကို ရန်ကုန်ဝယ်လက်မှ တိရစ္ဆာန်အစာ(ငါးစာ)အဖြစ် ဝယ်ယူမှုရှိနေသဖြင့် ပစ္စည်းလက်ကျန် နည်းလာသလို ဈေးမှာလည်းအနည်းငယ်မြင့်လာကြောင်း၊ မုံရွာကုန်စည်ဒိုင် ကုန်သည်တစ်ဦးက ပြောပြပါတယ်။

မုံရွာကုန်စည်ဒိုင်သို့ဝင်ရောက်သမျှသော မြေပဲဆံများမှာလည်း တရုတ်ဝယ်လက်ပုံမှန်ရှိနေသဖြင့် ဒေသတွင်း လုပ်ငန်းရှင်များ ဆီကြိတ်ခွဲမှုနည်းပါးကာ ပစ္စည်းရှားလာပြီး မြေပဲဆီဈေးနှုန်းလည်းတက်လာပါတယ်။

မုံရွာကုန်စည်ဒိုင် ဇူလိုင်လနောက်ဆုံးပတ် ပေါက်ဈေးနှုန်းများမှာ မြေပဲလုံးဆံ တစ်ပိဿာ ၃၃၅၀ ကျပ်၊ ပဲဖတ်တစ်ပိဿာ ၁၁၀၀ ကျပ်။ ပဲဆီတစ်ပိဿာ အနိမ့်/အမြင့် ပေါက်ဈေးမှာ ဇူလိုင်လဆန်းတွင် ၅၀၀၀ ကျပ်- ၅၂၀၀ ကျပ်မှ ဇူလိုင် ၂၇ ပေါက်ဈေးမှာ ၅၈၀၀ ကျပ်- ၅၉၀၀ ကျပ် သို့ဈေးလှုပ်ခဲ့ပါတယ်။

**အောင်မင်း-တန့်ဆည်**

## Export ဝယ်လက်လို့ စစ်ကိုင်းကုလားပဲဖြူလုံးကြီး V2 အရောင်းအဝယ်ကောင်း

ရန်ကုန် Export ဝယ်လက်ရှိလို့ မုံရွာကုန်စည်ဒိုင်၌ ဒုတိယအရောင်းအဝယ် အကောင်းဆုံးသီးနှံမှာ ကုလားပဲဖြူလုံးကြီး V2 ဖြစ်ပါတယ်။ တောင်သူလက်ဝယ် လက်ကျန်နည်းနေပြီး လှောင်လက်များက ဈေးကောင်းရ၍ ထုတ်ရောင်းနေကြောင်း ကုန်သည်တစ်ဦးထံမှ သိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ ဇူလိုင်လနောက် ဆုံးပတ်တွင် ကုလားပဲဖြူလုံးကြီး V2 တစ်ရက်ပျမ်းမျှတင်း ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ကာ တစ်တင်းအနိမ့်/ အမြင့်ပေါက်ဈေးမှာ ၂၂၂၀၀ ကျပ်- ၂၅၅၀၀ ကျပ် ဈေးပေါက်ပါတယ်။ ယခင်နှစ် ကာလတူပေါက်ဈေးမှာ ၁၄၁၀၀ ကျပ်- ၁၄၅၀၀ ကျပ်ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ဘိုကိတ်ဈေးပိုသော်လည်း လက်ကျန်နည်း

ပြည်ပဲဈေးကွက်အတွင်း ဘိုကိတ်ပဲသီးနှံဟာ ပဲလက်ကျန်မရှိသလောက်ဖြစ်ခဲ့လို့ လက်လီသမား အဝယ်ရှိသော်လည်း အရောင်းအဝယ်ဖြစ်မှုပမာဏနည်းသွားပြီဖြစ်ပါတယ်။ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲဈေးနှုန်းမှာ တစ်တင်း ၁၈၀၀၀ ကျပ်ရရှိခဲ့ကာ ဇူလိုင်လဆန်းဈေးထက်လည်း ၂၀၀၀ ကျပ်ခန့် ပိုရခဲ့ပါတယ်။ ပဲဈေးမှာ မေ၊ ဇွန်လများအတွင်း တစ်တင်း ၁၅၀၀၀ ကျပ်ကျော် ဈေးငြိမ်ခဲ့ပြီး ပဲလက်ကျန်နည်းချိန်မှစ၍ ပဲဈေးမှာ မြင့်တက် လာခဲ့ခြင်းဖြစ်ကာ ယခင်နှစ်က ဇူလိုင်လဈေးနှုန်းနဲ့ ယှဉ်ရင်လည်း ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ်က ဇူလိုင်လဈေးနှုန်းမှာ တစ်တင်း ၁၃၀၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်စားတော်ပဲ လက်လီသမားအဝယ်သွက်သလို ဈေးကောင်းလည်းရနေ

ယခုတစ်ပတ်အတွင်း ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်ပေမယ့်အခြားပဲများနဲ့ယှဉ်ရင် အရောင်းအဝယ်သွက်နေတဲ့ ပဲကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။ တစ်ရက်ကို အိတ် ၅၀ မှ ၁၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်လီသမားများသာ အဝယ်လိုက်ခဲ့တယ်လို့ သိရပါတယ်။ ပဲအဝင်မရှိဘဲ၊ လက်ကျန်ပဲများရှိတဲ့အတွက် အဝယ်ရှိသလောက်အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ဈေးနှုန်းမှာ ဇူလိုင်လဆန်းဈေးထက် ယခင်အပတ်မှစသာ၍ ဈေးပိုလာကာ ယခုလကုန်ရက်မှာလည်း ၎င်းဈေးအတိုင်း ဈေးမပြောင်းဘဲ ၃၂၀၀၀ ကျပ်ဖြင့် ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲနီပြား ဇူလိုင်လဆန်းဈေးထက် လကုန်မှာဈေးပိုရလာ

ပြည်ပဲဈေးကွက်အတွင်း လက်လီအရောင်းအဝယ်သာဖြစ်ခဲ့တဲ့ ပဲနီပြား သီးနှံဟာ ယခုလကုန်ပတ်မှာလည်း တစ်တင်း ၅၀၀ ကျပ်ခန့် ပိုလာကာ တစ်ရက်အိတ် ၅၀ ကျော်၊ ၁၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လက်ကျန်ပဲများရှိလို့ ပုံမှန်ရောင်းဝယ်နိုင်ခဲ့ကြပြီး ဇွန်လမှစ၍ ပဲအဝင်ပါးသွားခဲ့ပါတယ်။ ပဲဈေးနှုန်းများမှာလည်း ဇူလိုင်လဆန်းမှာ တစ်တင်း ၁၈၅၀၀ ကျပ်သာရရှိခဲ့ပြီး ယခုလကုန်မှာတော့ တစ်တင်း ၂၀၅၀၀ ကျပ်ခန့်ထိ ရလျက်ရှိကာ ယခင်နှစ် ဇူလိုင်လကုန်ဈေးထက်လည်း ကျပ်တစ်ထောင်ခန့် ဈေးပိုရလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် ဇူလိုင်လကုန်ပတ် ပဲဈေးကွက် လက်ကျန်နည်းလို့ ကုလားပဲဈေးမြင့်တက်

မုံရွာကုန်စည်ဒိုင်၊ ဇူလိုင်လကုန်ပတ် ပဲဈေးကွက်မှာ မုံရွာမြို့နယ်နဲ့ အနီးတစ်ဝိုက် နေ့စဉ်နီးပါး မိုးအဆက်မပြတ်ရွာခဲ့လို့ဒိုင်မှာပဲမျိုးစုံ သိသိသာသာအဝင်လျော့ခဲ့ပြီး အရောင်းအဝယ်လည်း ပါးတယ်လို့ဆိုပါတယ်။ ပြည်တွင်းပြည်ပ ဝယ်လိုအား ကောင်းမွန်နေတာကြောင့် ယခုတစ်ပတ်မှာလည်း ကုလားပဲဈေးမြင့်တက်ခဲ့တာ တွေ့ရပါတယ်။

ထိုင်ဝမ်ကုလားပဲက ဒိုင်မှာ ပဲလက်ကျန်ပါးသွားလို့ နေ့စဉ်ပေါက်ဈေးမဖွင့်နိုင်ဘဲ ယခင်တစ်ပတ်က တစ်တင်း ၂၅၀၀၀ ကျပ်နဲ့ အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပြည်ပဈေးကွက်အပြင် လုပ်ငန်းသုံးအတွက် ပြည်တွင်းဝယ်လိုအားပါကောင်းနေတဲ့ V2 ဟာ တစ်တင်း ၂၅၅၀၀ ကျပ်နဲ့ ၉၂၉ က တစ်တင်း ၂၆၅၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ရက် အိတ် ၁၀၀၀ မှ ၁၂၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် စိမ်းကြီးဈေးကွက်မှာတော့ ရာသီဉတုကြောင့် နယ်ကပဲအဝင်မရှိဘဲ အဝယ်လည်း ပုံမှန်သာ ရှိခဲ့လို့ တစ်တင်း ၃၈၀၀၀ ကျပ်နဲ့ ဈေးငြိမ်ခဲ့ကာ ဒိုင်ကုန်သည်လက်ဝယ်ရှိတဲ့ ပဲအရောင်းသာဖြစ်ခဲ့လို့ တစ်ရက် တင်း ၅၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲစင်းငုံနီလည်း ယခုတစ်ပတ်မှာ မုံရွာမိုးနဲ့အတူ တစ်တင်း ၄၃၀၀၀ ကျပ်ဝန်းကျင်မှာ တန့်နေပြီး အရောင်းအဝယ်နေ့စဉ်မဖြစ်ဘဲ အေးနေခဲ့တယ်လို့ဆိုပါတယ်။

ပြည်တွင်းသုံး ပဲဈေးကွက်မှာတော့ ထောပတ်ပဲဟာ တစ်တင်း ၁၄၀၀၀ ကျပ်နဲ့ ဈေးတန့်နေခဲ့ပြီး၊ ပဲကြီး ဈေးကွက်ကတော့ ဝါမဝင်ခင်၊ ပဲကြော်လုပ်ငန်းသမားတွေ ဝယ်လိုအားလိုက်နေလို့ ယခုတစ်ပတ်မှာ တစ်တင်း ၃၀၀၀၀ ကျပ်အထိ ဈေးမြင့်လာခဲ့ကာ တစ်ရက်အိတ် ၅၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ မတ်ပဲဈေးအနေနဲ့ ပဲလက်ကျန်ရှိတဲ့ ကုန်သည်အချို့သာ ထုတ်ရောင်းချမှုအနည်းငယ်ရှိခဲ့ပြီး၊ တစ်တင်း ၄၃၀၀၀ ကျပ်ဈေးမှာ ဆက်လက်တန့်နေတာ တွေ့ရပါတယ်။

ဒေသတွင်း ဝယ်လိုမှုမြင့်မားလာတာကြောင့် ပြည်တွင်းသုံးပဲတွေဖြစ်ကြတဲ့ စွန်တာနီ၊ ပဲနီလုံးကြားနဲ့ ပဲပုပ်စေ့တို့ ယခုတစ်ပတ်မှာ ဈေးအသီးသီးအနည်းငယ်မြင့်လာခဲ့ရာ စွန်တာနီ တစ်တင်း ၁၆၅၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်း ၁၆၈၀၀ ကျပ်နဲ့ ပဲပုပ်စေ့တစ်တင်း ၁၈၅၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ ဒေသခံကုန်သည်တွေထံ လက်ကျန်လျော့နေပြီး၊ ဝယ်လိုအား ကောင်းမွန်ဆဲဖြစ်လို့ ယခုတစ်ပတ် CP ပြောင်းဈေးဟာ တစ်တင်း ၉၈၀၀ ကျပ်အထိ တက်လာခဲ့ပြီး၊ အရောင်းအဝယ်အနေနဲ့ တစ်ရက်တင်း ရာဂဏန်းမျှသာဖြစ်နိုင်တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ရွှေဘိုဆန်စပါးဈေးကွက် ဇူလိုင် စတုတ္ထပတ်အတွင်း အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရွှေဘိုမြို့ ဆန်စပါးဈေးကွက်တွင် ဇူလိုင် တတိယပတ်မှ စတုတ္ထပတ် အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဧရာမင်းစပါးဆန်တွေ နယ်မှအဝင်နည်းပြီး ဈေးအနည်းငယ်မြင့်တက်သော်လည်း အရောင်းအဝယ်အနေနဲ့ ပုံမှန်သာဖြစ်နေတယ်လို့ ကုန်သည်ပွဲစားများ သတင်းရပ်ကွက်က သိရပါတယ်။

နွေအသွယ်စနှင့် ၇၄၇ စပါးဆန်အနေနဲ့ ဗန်းမော်ဒေသမှ ဝယ်လက်အားကောင်းနေသည့်အတွက် အရောင်းအဝယ်သွက်နေကြောင်းလည်း ဈေးကွက်မှ သိရပါတယ်။ ယခင်ဇူလိုင်ဒုတိယပတ် ဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်းမွှေး စပါးတင်း ၁၀၀ ကို ၁၁၄၅၀၀၀ ကျပ်မှ ၁၁၅၀၀၀၀ ကျပ်၊ ဧရာမင်းစပါး တင်း ၁၀၀ ကို ၆၉၀၀၀၀ ကျပ်မှ ၇၀၀၀၀၀ ကျပ်၊ နွေအသွယ်စပါး တင်း ၁၀၀ ကို ၄၆၀၀၀၀ ကျပ်မှ ၄၇၀၀၀၀ ကျပ်၊ နွေ ၇၄၇ စပါး တင်း ၁၀၀ ကို ၅၂၀၀၀၀ ကျပ်မှ ၅၃၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို ၃၉၀၀၀ ကျပ်မှ ၃၆၅၀၀ ကျပ်၊ ဧရာမင်း ဆန်တစ်အိတ် ၃၀၅၀၀ ကျပ်မှ ၃၁၅၀၀ ကျပ်၊ နွေအသွယ်စ ဆန် တစ်အိတ်ကို ၁၉၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်၊ နွေ ၇၄၇ ဆန်တစ်အိတ်ကို ၁၉၀၀၀ ကျပ်မှ ၂၀၅၀၀ ကျပ်နဲ့ ယခု ဇူလိုင်စတုတ္ထပတ် ဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ ကို ၁၁၇၅၀၀၀ ကျပ်မှ ၁၁၈၀၀၀၀ ကျပ်၊ ဧရာမင်း စပါးတင်း ၁၀၀ ကို ၇၂၀၀၀၀ ကျပ်မှ ၇၂၅၀၀၀ ကျပ်၊ နွေအသွယ်စပါး တင်း ၁၀၀ ကို ၄၆၀၀၀၀ ကျပ်မှ ၄၇၀၀၀၀ ကျပ်၊ နွေ ၇၄၇ စပါးတင်း ၁၀၀ ကို ၅၄၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းမွှေး ဆန်တစ်အိတ်ကို ၃၉၅၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်၊ ဧရာမင်းဆန် တစ်အိတ်ကို ၃၃၀၀၀ ကျပ်မှ ၃၃၅၀၀ ကျပ်၊ နွေအသွယ်စဆန်တစ်အိတ်ကို ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်၊ နွေ ၇၄၇ ဆန်တစ်အိတ်ကို ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း ဆန်ကုန်သည်များဈေးကွက်မှ သိရပါတယ်။

**ညိုညို-ရွှေဘို**

# လက်ကျန်တောင်ပျံစပါး ဈေးကောင်းပေမယ့် ဧည့်မထစပါး ဈေးငြိမ်နေခဲ့

ပြည်ဆန်စပါးဈေးကွက်မှာ ဆန်ဈေး၊ စပါးဈေးများ ယခုလတွင် ဈေးငြိမ်လျက်ရှိနေပြီး၊ နတ္တလင်း တောင်ပျံမွှေးစပါးကတော့ လက်ကျန်စပါးဖြစ်လို့ ဈေးဆက်လက်ကောင်းလျက်ရှိပါတယ်။ နယ်ဘက်သို့ အထွက် မရှိသလောက်လည်းဖြစ်နေပါတယ်။ ဒေသတွင်း အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေပါတယ်။ တောင်ပျံမွှေးတင်း ၁၀၀၊ ၄၆ ပေါင်ကိုက်ဈေး ၈၀၉၆၀၀ ကျပ်ထိ ပေါက်ဈေးအမှန်ဖြစ်နေပြီး၊ ဆန်တစ်အိတ်ဈေးကတော့ (လတ်စ) ၃၉၀၀၀ ကျပ်နဲ့ (ထိပ်စ) ၄၀၀၀၀ ကျပ်ဖြစ်နေပါတယ်။

ဧည့်မထစပါးဈေး၊ ဆန်ဈေးက အတော်လေးကိုငြိမ်နေပါတယ်။ နယ်သို့ အတင်မရှိကြောင်း၊ မူဆယ်လိုင်း ဘက်သို့ အရောင်းအဝယ်ပိတ်ထားကြောင်းလည်းသိရပါတယ်။ ဧည့်မထ (မိုး) စပါးတင်း ၁၀၀၊ ၄၆ ပေါင်ကိုက်ဈေး ၅၃၃၆၀၀ ကျပ်နဲ့ စပါးဈေးငြိမ်နေပြီး အကျဘက်ကိုရောက်လာတာ တွေ့ရပါတယ်။ ဆန်တစ်အိတ်ဈေး (လတ်စ) ၂၀၀၀၀ကျပ်နဲ့ (ထိပ်စ) ကျပ် ၂၁၀၀၀ ဖြင့် အတက်အကျမရှိဘဲ ဈေးငြိမ်နေပါတယ်။ ဒေသတွင်းဧည့်မထစပါးဈေး ကတော့ ပုံမှန် ၄၈၇၆၀၀ ကျပ်ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေး (လတ်စ) ၁၈၅၀၀ ကျပ်၊ (ထိပ်စ) ၁၉၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။

ဇူလိုင်လနောက်ဆုံးပတ်ထိ ဆန်ဈေး၊ စပါးဈေးတွေဟာ ကျလာတယ်လို့ဆိုရပေမယ့် ဧည့်မထ (မိုး) စပါးလက်ကျန်နဲ့ နွေစပါးပေါ်လာတဲ့အချိန်ဖြစ်လို့၊ စပါးနှစ်မျိုးရောပြီး ဆန်သားအဖြစ် ရောင်းဝယ်ကြတဲ့အတွက် ဈေးကျလာတာလို့ ဈေးကွက်က ဆိုပါတယ်။ စားသုံးသူက စပါးအဟောင်း၊ ဆန်အဟောင်းဆိုပြီး စားသုံးတဲ့အခါ ထမင်းအေးခဲသွားတဲ့အခါမှာ ထွေးခဲနေတာတွေ့ရပါတယ်။ ဧည့်မထမိုးဟောင်းစပါးမဟုတ်ဘဲ ဆန်ကုန်သည်များရဲ့ စပါးရောဈေးကွက်သာဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ချင်း

### ဝါတွင်းကာလအလှူအတွက် ချင်းဥမများ အရောင်းသွက်

ပြည်ချင်းဈေးကွက်အတွင်းသို့ တောင်ကြီး၊ အောင်ပန်းဘက်မှ ချင်းဥမ များ သာဝင်ရောက်ပြီး ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့် ယခင်တစ်ပတ်ကထက် အဝင်ပို များလာကြောင်း သိရပါတယ်။ တစ်ပိဿာကို ချင်းဥမ ၁၀၀၀ ကျပ်မှ ၁၁၀၀ ကျပ်အတွင်း ဈေးငြိမ်ကာ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့အပါအဝင် တစ်နေ့ပိဿာချိန် ၄၅၀ ခန့် အရောင်းအဝယ် ဖြစ်ပါတယ်။ ချင်းဓားလှီးသမားများမှ အဝယ်ရှိလို့ ဝါတွင်းချင်းသုတ်အလှူအတွက် မျှော်မှန်းပြီး ချင်းဥမများ တစ်နေ့ ပိဿာချိန် ၃၀၀ ခန့် အရောင်းသွက်လျက်ရှိတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### မိုးကောင်းနေလို့ အောင်ပန်းချင်းဈေးကွက်သို့ ချင်းဥမအဝင်နည်း

ရှမ်းပြည်နယ် နေရာအနှံ့မှာလည်း မိုးကြီးနေတာ တစ်ပတ်ခန့်ရှိနေပါပြီ၊ မိုးကောင်းနေလို့ အောင်ပန်းဈေးကွက်မှာလည်း ချင်းဥမလည်း အဝင်နည်းသွားပါတယ်။ အရင်တစ်ပတ်ကတော့ ငါးရက်တစ်ဈေးကို ပိဿာချိန်သောင်းချီပြီးဝင်ပေမဲ့ ဒီတစ်ပတ်တော့ ၅ရက် တစ်ဈေးကို ပိဿာချိန် ၇၅၀၀-၈၀၀၀ ခန့်သာ အဝင်ရှိပါတော့တယ်၊ မိုးကောင်းလွန်းလို့ခြံရှင်တွေကလည်း မဖော်နိုင်ကြသေးပါဘူး။ ပြည်ပဝယ်လက်ကလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် အဝယ် ရပ်နေပါတယ်။

တောင်ကုတ်၊ စစ်တွေဝယ်လက်တွေရပ်နေပေမယ့် ပြည်တွင်းသုံးဈေးပတ်သမားတွေဖြစ်တဲ့ မကွေး၊ မန္တလေး၊ ပြည်၊ ရန်ကုန်ဝယ်လက်တွေကတော့ ပုံမှန်ဝယ်ယူနေတယ်လို့ သိရပါတယ်။ ရောင်းအားကတော့ အရင်တစ်ပတ်ကထက်ကျသွားပြီး တစ်ပတ်အတွင်း ချင်းပိဿာချိန် ၆၀၀၀၀ ခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ချင်းဥမဈေးကတော့ တစ်ပိဿာကို ၇၀၀ -၇၅၀ ကျပ်ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ ပစ္စည်းလက်ကျန်လည်းနည်းသလို ဝယ်လက်ကလည်းပျောက်နေတယ်လို့လည်း သိရပါတယ်။ တစ်ပိဿာကို ၂၂၀၀ -၂၃၀၀ ကျပ် ဈေးပေါက်နေပေမယ့် ဈေးသာရှိပြီး၊ ဝယ်လက်ကတော့ မရှိသေးဘူးလို့ အောင်ပန်းဈေးကွက်က သိရှိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း ချင်းဥမ ကတစ်ပိဿာ ၇၀၀ ကျပ်ဈေးရှိပြီး ရာသီဥတုကြောင့် အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### ဒီတစ်ပတ် ချင်းတင်ပို့မှုလျော့

ဇူလိုင်လ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ချင်း ၂၆ ဒသမ ၂၃၈ တန်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကိုရီးယားနိုင်ငံကို ၃ ဒသမ ၆၉ တန်နဲ့ စင်ကာပူကို ၂၂ ဒသမ ၅၄၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ချင်းတင်ပို့မှုမှာ ၇၅ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၄၂၈၉ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## မန်ကျည်း

### မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ နှစ်သောင်းနှစ်ထောင်ကျော် ဝင်ငွေရရှိ

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပဈေးကွက်ကို ဇူလိုင်လ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၉၉ ဒသမ ၉၂၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူတစ်နိုင်ငံထဲသာတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ ၈၈ တန်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် ၁၁ တန်ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၂၇၆၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း



### ရှမ်းနနွင်းဈေးကွက်မှာ ပွဲရုံဈေးကွက်သာ အဝယ်ရှိ

ရှမ်းနနွင်းလည်းဈေးအေးနေပါတယ်။ အဝင်ကလည်းနည်း ဝယ်လက်ကလည်းနားနေတော့ အရောင်းအဝယ်လည်း နည်းသွားပါတယ်။ အောင်ပန်းပွဲရုံတွေကတော့ တောင်သူတွေလာရောင်းတဲ့ နနွင်းကို ဈေးဖြတ်ပြီး ဝယ်ယူထားကြပါတယ်။ ဒီလိုမှမဝယ်ထားပေးရင်လည်း တောင်သူတွေ ဈေးကွက်ပျောက်ပြီး နောက်နှစ်တွေမှာ စိုက်ပျိုးဖို့အတွက် ခက်ခဲလာနိုင်တာကြောင့် ပွဲရုံတွေကတော့ ပုပ်ကုန်မဟုတ်လို့ ဝယ်ပြီးပုံထားရတယ်လို့လည်း ဒေသခံပွဲရုံတွေထံက သိရပါတယ်။

ဈေးပတ်သမားတွေကလည်း တစ်ခါတစ်ရံမှသာ ဝယ်ယူကြသလို ပရဆေးဖော်ဖို့အတွက်လည်း တစ်ခါတစ်ရံဝယ်ယူမှုသာရှိနေပါတယ်။ ချင်းလိုတော့ အမြဲတမ်းဝယ်လက်မရှိပေမယ့် ဒီတစ်ပတ်မှာလည်း နနွင်းပိဿာချိန် ၂၀၀၀၀ ခန့်တော့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် နနွင်းပေါက်ဈေးမှာ အောင်ပန်းစက ၁၂၀၀ ကျပ်-၁၅၀၀ ကျပ်၊ ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်နဲ့ ဈေးငြိမ်နေတယ်လို့လည်း သိရပါတယ်။ ဟိုပုံးမှာလည်း မိုးကောင်းနေလို့ ချင်း၊ နနွင်းဈေးကွက်မှာ အရောင်းအဝယ်ငြိမ်နေပြီး ဟိုပုံးနနွင်းက တစ်ပိဿာ ၁၂၅၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### ဒီတစ်ပတ် နနွင်းတန်ချိန် ၂၀၀ နီးပါးပိုမိုတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင်လ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း နနွင်း ၂၄၀ ဒသမ ၀၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံကို ၈ ဒသမ ၀၂၂ တန်၊ ကိုရီးယားကို ၄ ဒသမ ၀၂၅ တန်၊ စင်ကာပူကို ၃၆ တန်၊ တောင်အာဖရိကကို ၁၉၂ တန်တင်ပို့ခဲ့ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၄၀ ကျော်သာတင်ပို့နိုင်ခဲ့ တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၀ နီးပါးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ FOB ဈေးက တစ်တန်ကို ကန်ဒေါ်လာ ၇၃၀-၇၃၅ ဝန်းကျင်ရရှိခဲ့ပါတယ်။ နနွင်း တင်ပို့မှုမှ စုစုပေါင်း ကန်ဒေါ်လာ ၁၇၅၈၇၉ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

၂၇-၇-၂၀၁၅ မှ ၃၀-၇-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 161 | 10,165,200.307 |
| 2 | Form D | 24 | 1,553,501.200 |
| 3 | Form E | 73 | 1,133,639.580 |
| 4 | Korea GSP | 3 | 45,320.000 |
| 5 | Form AK | 36 | 1,634,519.318 |
| 6 | Form AJ | 3 | 70,489.976 |
| 7 | Form AI | 30 | 1,160,562.200 |
| 8 | Form AANZ | 1 | 11,680.290 |
| 9 | Form DFTP | - | - |
| Grand Total | | 331 | 15,774,912.871 |

## ကြက်သွန်

### ဈေးမြင့်တက်မှုကြောင့် ကြက်သွန်နီအရောင်းဝယ်အေး

ဇူလိုင် ၁၈ ရက်မှ ၂၄ ရက်တာ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၄၂၁၄ တန်ဖိုးရှိ ကြက်သွန်နီ ၅၂ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၂၈၄၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၀၂ တန်နဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၈၄၃၇၇ တန်ဖိုးရှိ ကြက်သွန်နီ ၂၆၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် မူဆယ်မှ ၁၇၇ တန်ခွဲ၊ မြဝတီမှ ၃၅၅ တန်ခွဲနဲ့ တာချီလိတ်မှ တန် ၅၀ တင်ပို့ခဲ့ပါတယ်။

"ယခုနှစ် ကြက်သွန်ပေါ်ဦးစမှာလည်း ပျက်စီးမှုများခဲ့တယ်၊ အထွက်နှုန်းနည်းခဲ့တဲ့အတွက် အခုအချိန်မှာ လက်ကျန် နည်းသွားတာကြောင့် တောင်သူတွေက ထိန်းပြီးရောင်းဝယ်နေကြတယ်။ တောင်သူတွေ အရောင်းအဝယ်ပေါ် မူတည်ပြီး ဈေးကလည်း အတက်ကျရှိနေတာပါ"ဟု မန္တလေးမြို့အတွင်းရှိ ကြက်သွန်ပွဲရုံ ပိုင်ရှင်တစ်ဦးကပြောပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီ မိုးကောင်းလို့ အရောင်းအဝယ်အေးနေ

စားဖိုဆောင်သီးနှံ ပြည်ကြက်သွန်နီဈေးကတော့ ဇူလိုင်လ နောက်ဆုံးပတ်တွင် မိုးနဲ့အတူ အေးနေတာ တွေ့ရပါတယ်။ ပွဲရုံများတွင် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ကြက်သွန်နီ အဝင်နည်းနေပေမယ့် ဈေးကွက်မှာ အရောင်းအဝယ်မဖြစ်တာကြောင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။ လက်လီသမားများဖြစ်တဲ့ စားသုံးသူများကြောင့် သာမန် အရောင်းအဝယ်လောက်သာ ဖြစ်နေခဲ့ပါတယ်။

ပွဲရုံများမှာတော့ တစ်ပိဿာလျှင် (ကြီး) ၉၀၀ ကျပ်၊ (လတ်) ၈၅၀ ကျပ်၊ (သေး) ၇၅၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး လက်လီဒေသတွင်း ဈေးကွက်တွင် (ကြီး) ၁၀၀၀ ကျပ်၊ (လတ်) ၉၅၀ ကျပ်၊ (သေး) ၈၅၀ ကျပ်တို့ဖြစ်ကြောင်းလည်း သိရပါတယ်။ ပွဲရုံများ၌ တစ်ရက်လျှင် အိတ် ၈၀-၉၀ နီးပါးသာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**နီနီဝင်း-ပြည်**



Vol: 15, No.29 Monday August 3 2015




# လွတ်လပ်သောကုန်သွယ်မှုမှတစ်ဆင့် အာရှပေါင်းစည်း ဆောင်ရွက်ခြင်း

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

(ယခင်တစ်ပတ်မှအဆက်)

အာရှအနေဖြင့် အာရှနိုင်ငံများအကြား အမြင်များဖလှယ်မှု မကြာခဏ လိုအပ်သည်။ ထို့ပြင်စီးပွားရေးစောင့်ကြည့်မှုများသည် အဖွဲ့ဝင်နိုင်ငံများ၏ မက်ခရိုစီးပွားရေးနှင့်ဘဏ္ဍာရေးပေါ်လစီများ အပေါ် စိစစ်အကဲဖြတ်ခြင်းပေါ်သာမက ယင်းတို့၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစနစ်များ ထိခိုက်လွယ်မှုများအပေါ် ခွဲခြားရွေး ထုတ်ခြင်းအပေါ်တွင်လည်း ပါဝင်ပတ်သက်နေသည်။ အာရှနိုင်ငံများသည် အာရှရှိ ငွေကြေးဈေးကွက်များ၏ တည်ငြိမ်သော ဖွံ့ဖြိုးမှုအတွက် ဖြစ်နိုင်သော ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာ ဖန်တီးခြင်းအပေါ်တွင် ဆက်လက်စဉ်းစားသင့်သည်။

ဤအမြင်ရှုထောင့်မှကြည့်လျှင် အာရှငွေချေးစာချုပ် ဈေးကွက်အဆိုပြုချက်သည် အလွန်အမင်းအရေးကြီးသည်။ ဤအရေးပါမှုသည် ဥရောပငွေကြေးယူနစ်နှင့် ဒေသဆိုင်ရာ ညီမျှချက်တစ်ခုမည်သို့ဖန်တီးရေး စဉ်းစားရန် အာရှနိုင်ငံများ၏ အဆင့်သင့်ဖြစ်မှုပေါ်တွင် တည်မှီနေသည်။ ဥရောပငွေကြေးယူနစ်သည် ပါဝင်ဆောင်ရွက်သောနိုင်ငံများ၏ ငွေကြေးဖလှယ်မှုနှုန်းကို တည်ငြိမ်မှုရရှိရန် ကူညီသင့်သည်။ အာရှငွေကြေးများ ဖလှယ်မှုအတွက် လိုအပ်သော ကော်မရှင်ကြေးများ လျှော့ချရန် ယင်းအချက်က ကူညီလိမ့်မည်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းအတွက် ငွေကြေးဈေးကွက် သဟဇာတရှိခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းသည် အရှေ့အာရှတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်း၏ တစ်စိတ်တစ်ဒေသကို ဖွဲ့စည်းသင့်သည်။ အရှေ့အာရှအနေဖြင့် ယင်းဒေသတွင် FTAs များ ဖန်တီးခြင်းနှင့်အပြိုင် ဆက်လက် ဆောင်ရွက်နေသည်။

FTAs များတွင် ကွဲပြားခြားနားသော နယ်ပယ်များ၌ ကနဦးပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည်။ ယင်းတို့မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု၊ လူသားစွမ်းရည်တည်ဆောက်မှု၊ မီဒီယာနှင့်အသံလွှင့်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှု၊ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၊ စာပို့လုပ်ငန်းနှင့်ပို့ဆောင်ရေးတို့ပါဝင်သည်။ သိပ္ပံနှင့်နည်းပညာနယ်ပယ်ရှိ ဖက်စပ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်းသည် အထူးသဖြင့် အသိပညာဆိုင်ရာ ပိုင်ဆိုင်မှုပစ္စည်း အသုံးပြုခြင်းအား ကာကွယ်ရန်၊ တိုးမြှင့်ရန် ခိုင်ခံ့တောင့်တင်းသော ဘောင်အတိုင်းအတာတစ်ခုဖန်တီးပေးလိမ့်မည်ဖြစ်သည်။ ထို့ပြင် အလားအလာကောင်းသော လုပ်ငန်းစတင်ဆောင်ရွက်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အားပါးတရရှိလာအောင် အတိုင်းအတာကို ဖန်တီးပေးမည်ဖြစ်သည်။ တစ်ဖန် သက်ရှိသိပ္ပံနယ်ပယ်ရှိ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်လည်း အတိုင်းအတာတစ်ရပ်ကို ဖန်တီးပေးလိမ့်မည်ဖြစ်သည်။

သတင်းအချက်အလက်နှင့် နည်းပညာ၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ရှိ ကျွမ်းကျင်သူများသည် နှစ်နိုင်ငံအချင်းချင်းနှင့် ဒေသဆိုင်ရာ တရားဝင်ဘောင်အတိုင်းအတာဖန်တီးခြင်းအတွက် နည်းလမ်းအမျိုးမျိုးပေါ်တွင်လည်း အာရုံစိုက်ခဲ့ပြီးဖြစ်သည်။

FTAs များသည် ပညာရေးဆိုင်ရာ သိပ္ပံများ၊ အသက်မွေးဝမ်းကျောင်း အဖွဲ့အစည်းများနှင့် အစိုးရအေဂျင်စီများအကြား ဖလှယ်မှု များမှတစ်ဆင့် လူသားအရင်းအနှီးဖွံ့ဖြိုးရန် ကူညီနိုင်သည်။ ဒီဂရီများကို အသိအမှတ်ပြုခြင်းမှတစ်ဆင့် လူသားအရင်းအနှီး ဖွံ့ဖြိုးရန်လည်း ကူညီနိုင်သည်။ သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်များရှိ ပူးပေါင်းဆောင်ရွက်မှုသည် ဆက်သွယ်ရေး အခြေခံအဆောက်အအုံ လုံခြုံရေးကို တိုးမြှင့်ရန်ကိုလည်းကောင်း၊ အီလက်ထရောနစ် အပေးအယူလုပ်ငန်းများအတွက် တရားဝင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သေချာမှုကို မြင့်မားတိုးတက်စေရန်လည်းကောင်း၊ e-government များ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ပေးရန်လည်းကောင်း ဆောင်ရွက်ပေးလိမ့်မည်ဖြစ်သည်။ FTAs များသည် အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အဖွဲ့အစည်းများ စတင်ထူထောင်ခြင်းများအကြား စီးပွားရေးလုပ်ငန်း ပူးတွဲဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ပေးလိမ့်မည်ဖြစ်သည်။ ယင်းတို့သည် တစ်ဦးနှင့်တစ်ဦး ဈေးကွက်များနှင့်ဒေသများ တိုးချဲ့ရန် စိတ်အားထက်သန်နေကြ သည်။

ယင်းအကျိုးဖြစ်ထွန်းမှုများသည် ဝန်ဆောင်မှုကဏ္ဍများ လျှော့ပေါ့ပေးခြင်းနှင့်အခွန်အခများ လျှော့ချခြင်းမှတစ်ဆင့် ရရှိသည်ထက် ပိုမိုကြီးမားသော ပမာဏနှင့်သေချာမှုကို ရရှိပေမည်။ ယင်းတို့သည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး သက်သာချောင်ချိဖူလုံရေးကို ဆက်လက်တိုးမြှင့်ပေးလိမ့်မည်ဖြစ်သည်။ ထို့ပြင် FTAs များသည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးစနစ် ခေတ်မီရေးကို ကူညီပေးနိုင်သည်။ တစ်ဖန် စီးပွားရေးတိုးတက်မှုနှင့် ဆက်လက်ဖွံ့ဖြိုးမှုအတွက် ပြန်လည် ထူထောင်မှုများကို အရှိန်ရစေရန် ကူညီလိမ့်မည်။ ဈေးကွက်လက်ခံမှုများ၏ အပြန်အလှန် တိုးမြှင့်မှုမှ ရယူနိုင်သော ထူးခြားသော စုပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်နှင့် အခွင့်အလမ်းများသည် စက်မှုလုပ်ငန်းများအတွက် ပိုမိုကြီးမားသော တရစပ်ပြန့်လျက်ရှိသော ဈေးကွက်တစ်ခုကို ဖန်တီးပေးလိမ့်မည်ဖြစ်သည်။

FTAs များ၏ နယ်ပယ်သည် တရားဝင် လိုအပ်မှုများကို ပိုမိုလျင်မြန်သော ခြေလှမ်းဖြင့် ဈေးကွက်လက်ခံမှုဆိုင်ရာ အပြန်အလှန်တိုးမြှင့်မှုသို့ယူဆောင်ပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ စက်မှုလုပ်ငန်းများအတွက် ပိုမို ကြီးမားသော တရစပ်ပြန့်လျက်ရှိသော ဈေးကွက်တစ်ခုခုကို ဖန်တီးပေးလိမ့်မည်ဖြစ်သည်။ ထို့ပြင် ပိုမိုလျင်မြန်သော ပြောင်းလဲမှုခြေလှမ်းကို သယ်ဆောင်ပေးလိမ့်မည်။ တစ်ဖန် အနာဂတ်အတွက် လို အပ်သော စွမ်းဆောင်နိုင်မှုများနှင့် လုပ်ရည်ကိုင်ရည်များကို ပိုမို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ပေးလိမ့်မည်ဖြစ်သည်။

ယင်းသို့ FTAs များ၏ နယ်ပယ်သည် တရားဝင်လိုအပ်မှုများ အရကြည့်လျှင် ကုန်သွယ်မှုသဘောတူညီချက်ထက် ပိုမို ကျယ်ပြန့်သည်။ အဖွဲ့အစည်း၏ ဖွံ့ဖြိုးမှုအဆင့်များထက် ပိုမိုကောင်းမွန်သည်။ ယင်းသဘောတူညီချက်တစ်ခုတွင် စီးပွားရေးလက်တွဲမှု သဘောတူညီချက်တစ်ခုထက် ပိုမိုတိကျသည်။

ပြန်လည်ထူထောင်ဖွဲ့စည်းမှုနှင့် ပြောင်းလဲမှုများသည် အာရှစီးပွားရေးများအကြား စည်းမျဉ်းများနှင့်စနစ်များ သဟဇာတဖြစ်မှုမှတစ်ဆင့် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုကိုရှေးရှုသော ကြိုးပမ်းမှုများသည် နည်းပညာတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်းက ယူဆောင်လာခဲ့သော စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရမည်ဖြစ်သည်။ စီးပွားရေးလက်တွဲဆောင်ရွက်မှု သဘောတူညီချက်များသည် စဉ်ဆက်မပြတ် သုံးသပ်မြှင့်တင်ရေးမှတစ်ဆင့် ဖန်တီးတတ်သော အတွေ့အကြုံရရှိခြင်းလုပ်ငန်းစဉ်တစ်ခုကို ပူးပေါင်းဆောင်ရွက်သင့်သည်။ ထို့ပြင်ဒေသအတွက် စီးပွားရေးပေါင်းစည်းဆောင်ရွက်မှု၏ မော်ဒယ်လ်ပုံစံအတိုင်းအတာတစ်ခုကို ကူညီပံ့ပိုးသင့်သည်။

**FTAs များသည် ပညာရေးဆိုင်ရာ သိပ္ပံများ၊ အသက်မွေးဝမ်းကျောင်း အဖွဲ့အစည်းများနှင့် အစိုးရအေဂျင်စီများအကြား ဖလှယ်မှုများမှတစ်ဆင့် လူသားအရင်းအနှီးဖွံ့ဖြိုးရန် ကူညီနိုင်သည်။**

စီးပွားရေးလက်တွဲဆောင်ရွက်မှုများ EPAs ၏ ရှာဖွေမှုအတွက် အမျိုးမျိုးသော စိတ်ဓာတ်မြှင့်တင်မှုများရှိသည်။ တချို့နိုင်ငံများသည် အရေးကြီးသော ဈေးကွက်များတွင် ပိုမိုလုံခြုံမှုရှိပြီး နှစ်လိုဖွယ်ရာကောင်းသော လက်ခံမှုရရှိရန် ယင်း၏သဘောတူညီချက်များ တည်ဆောက်နိုင်သည်။ ဤတွင် အခြားနိုင်ငံများက ယင်းတို့ကို ဒေသဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပေါင်းစည်းဆောင်ရွက်မှု တိုးမြှင့်ရန် မဟာဗျူဟာဆန်သော ယာဉ်များအနေဖြင့် မြင်ကြလိမ့်မည်။ ဒေသဆိုင်ရာ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဖြင့် မောင်းနှင်ထားသော ဥရောပမှာကဲ့သို့ စီးပွားရေး ပေါင်းစည်းဆောင်ရွက်မှု အစီအစဉ်များ အောင်မြင်ခဲ့လျှင် အရှေ့အာရှနိုင်ငံများ ပေါင်းစည်းဆောင်ရွက်မှုသည် ယင်းအရှိန်အဟုန်မျိုးကို ရရှိနိုင်ပေလိမ့်မည်။

စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုအတွက် တရားဝင်ဘောင်အတိုင်းအတာကို ကူညီပံ့ပိုးသင့်သော EPAs များသည် ပိုမို ကျယ်ပြန့်ပြီး ပိုမိုပြည့်စုံသော နယ်ပယ်များရှိ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းဆောင်ရွက်မှုအတွက် အဖွဲ့အစည်းဆိုင်ရာဘောင်အတိုင်းအတာကို ကူညီဖြည့်ဆည်းပေးလိမ့်မည်ဖြစ်သည်။ ယင်းတို့သည် အရှေ့အာရှ အသိုက်အမြုံ၏ ကြီးမားသော ဖွဲ့စည်းမှုကို ယင်း၏ တိုင်များနှင့် ယက်မများကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ထောက်ကူပေးနိုင်သည်။

**Ref: Integrating Asia Through Free Trade by Makio Miyagawa**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၉၈၆ တန်ကျော်ဝင်

ဇူလိုင် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၁၃၆၁၀၂၉ တန်ဖိုးရှိ ဒီဇယ် ၇၁၁ ဒသမ ၈၆၂ တန်နဲ့ ကန်ဒေါ်လာ ၁၈၃၉၉၄၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၇၄ ဒသမ ၅၄၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှု လမ်းမှတင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ ဒီဇယ်အဝင်မှာ ၂၅၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၅၇ တန်ကျော်အဝင်ပိုခဲ့သလို ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၁၃၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၃၈တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇူလိုင် ၂၇ ရက်နေ့မှ ၃၀ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီး ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ဒီတစ်ပတ်ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရောဒီဇယ်ပါ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၉၀ ကျပ်၊အောက်တိန်း (92) ၇၃၀ကျပ်၊ အောက်တိန်း (95) ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇူလိုင် ၂၇ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၃၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇူလိုင်လ ၂၇ ရက်မှာ ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီဈေးငြိမ်နေပေမဲ့ ဒီဇယ်ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၂၇ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၃၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၆၀၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်ရာမှ ဇူလိုင် ၃၀ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျ လာခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇူလိုင်လ ၂၇ ရက် ဝယ်ဈေး ၁၄၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၉ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ်၃၂၀၀ ကျပ်၊ဓါတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၃၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၄၀၀ ကျပ်၊အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**သီတာဝင်း(DOT)**

### Energy NYMEX 30-7-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.85 | 0.06 | 0.12 |
| Brent Crude Futr (USD/bbl) | 53.60 | 0.22 | 0.41 |
| Gasoline Rbob Fut (Cent/gal) | 183.75 | 1.51 | 0.83 |
| Natural Gas Futr (USD/MMBtu) | 2.87 | 0.01 | 0.31 |
| Heating Oil Futr (Cent/gal) | 166.22 | 0.39 | 0.24 |

## ဗဟိုဘဏ်၏ထိန်းညှိမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများက ပြန်လည်ကျဆင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဈေးကျဆင်းခဲ့သည့် မြန်မာ့ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဈေးများ ကျဆင်းခဲ့ကြောင်းသိရသည်။

ငွေလဲနှုန်းများမြင့်တက်ခဲ့ရသဖြင့် ပြည်ထောင်စုဝန်ကြီးများနှင့်ဗဟိုဘဏ်တို့တွေ့ဆုံညှိနှိုင်းအပြီးတွင် ရည်ညွှန်းငွေလဲနှုန်းကို ပြင်ပပေါက်ဈေးအတိုင်း ထုတ်ပြန်ပေးခဲ့ပြီးနောက် ငွေလဲနှုန်းများ အဆမတန်မြင့်တက်လာခဲ့သည်။

သို့သော် ယခုတစ်ပတ်တွင် ငွေလဲနှုန်းများအား ဗဟိုဘဏ်မှ ထိန်းချုပ်ဆောင်ရွက်မှုများကြောင့် ဆက်လက်ကျဆင်းခဲ့ရသည်။

“ဗဟိုဘဏ်က ငွေဈေးကို အပြင်ဈေးအတိုင်း သတ်မှတ်ပြီး ဈေးကိုဖွင့်ချလိုက်တယ်။ အဲဒီလိုဖွင့်ချလိုက်တဲ့အတွက် ပုဂ္ဂလိကဘဏ်တွေကလည်း လိုက်ပြီး ရောင်းလာကြတယ်။ ဒီပုဂ္ဂလိကဘဏ်တွေက ရောင်းပေးတဲ့အတွက် ငွေလဲနှုန်းတွေက ပြန်ပြီးကျဆင်းလာတယ်”ဟုပြောကြားခဲ့သည်။

ငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်လှုပ်ရှားလာခဲ့သည်။

ဇူလိုင်လ ၂၇ရက်နေ့တွင် ရောင်းဈေး ၁၂၅၁ကျပ်၊ ဝယ်ဈေး ၁၂၃၄ကျပ်၊ ဇူလိုင်လ ၂၈ရက်နေ့တွင် ရောင်းဈေး ၁၂၄၇ကျပ်၊ ဝယ်ဈေး ၁၂၄၃ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။ထို့နောက် ဇူလိုင် ၃၀ရက်နေ့တွင် ရောင်းဈေး ၁၂၃၄ကျပ်၊ဝယ်ဈေး၁၂၃၀ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်တစ်သောင်းကျော် ကျဆင်း



ပြီးခဲ့သည့် ဇွန်လကတည်းက ဆက် တိုက်မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန်လည်ကျ ဆင်းလာခဲ့ကာ တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် ကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်ခဲ့မှုကြောင့် ငွေလဲနှုန်းနှင့်အတူမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ဈေးကွက်အတွင်း အဝယ်အရောင်းမရှိဘဲ ဈေးအမြင့်ဖြင့်သာ ရက်ပေါင်းများစွာရပ်တည်ခဲ့သည်။

ငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်စဉ် ဇူလိုင်လ ဒုတိယပတ်အတွင်းတွင် ငွေလဲနှုန်းများမြင့်တက်မှုကြောင့် ရွှေဈေးများလည်း ထပ်မံမြင့်တက်နိုင်သည်ဟူသည့် သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ရွှေဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်အသက်ဝင်လာခဲ့သည်။

ဝယ်ရောင်းသမားများက ဈေးအမြင့်ကို မျှော်၍ ဝယ်ယူလာကြခြင်းကြောင့် ကမ္ဘာ့ရွှေဈေးကျဆင်းနေသော်လည်း မြန်မာ့ရွှေဈေးကွက်မှာကျဆင်းလာခြင်းမရှိဘဲ အတက်ဈေးအတိုင်း ရပ်တည်နေခဲ့သည်။

“ဈေးကွက်ထဲမှာ အဝယ်ရော အရောင်းရော ပြန်လိုက်လာတယ်။ ရွှေဈေးတွေ ထပ်ပြီးမြင့်တက်လိမ့်မယ်ဆိုတဲ့သတင်းကြောင့် ဈေးကွက်ထဲမှာ ဝယ်သူတွေ များလာတယ်။ အဲဒီလိုဖြစ်ပြီးနောက်ရက်တွေမှာ ရွှေဈေးကွက်က ပုံမှန်မဟုတ်တော့ဘူး။ ဈေးက ပြန်ပြီး ကျစပြုလာတယ်။ အဲဒီအချိန်တုန်းက ရွှေဈေး ကျပ် ၇၆၅၀၀၀ လောက်ရှိတယ်။ အဲဒီအချိန်က ရွှေဈေးသာတက်လာခဲ့ရင် ၇၈၀၀၀၀ လောက်အထိဖြစ်လာနိုင်သလို ရှစ်သိန်းလောက်အထိဖြစ်လာနိုင်တာကြောင့် ဝယ်သူတွေများလာခဲ့တယ်။ အဲဒီသူတွေ ခုချိန်မှာ ဈေးပြန်ကျလာတော့ ဒုက္ခတွေ့နေကြပြီ”ဟုရွှေဈေးကွက်အခြေအနေကို သုံးသပ်ပြခဲ့သည်။မြန်မာ့ရွှေဈေးကွက်သည် ဇူလိုင်လ ၂၇ရက်နေ့က ကျပ် ၇၃၅၀၀၀ ကျပ်ရှိခဲ့ပြီး ဇူလိုင်လ ၂၉ရက်နေ့တွင် ကျပ် ၇၂၉၀၀၀ ရှိခဲ့သည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျပ် ၇၂၂၀၀၀သို့ကျဆင်းခဲ့သည်။ **မယ်သီတာ**

### Currency Exchange Rate

July 30, 2015

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.37 |
| BDT Bangladesh Taka | 77.23 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.21 |
| EUR Euro | 0.91 |
| HKD Hong Kong Dollars | 7.75 |
| INR India Rupees | 63.99 |
| IDR Indonesia Rupiahs | 13470.49 |
| JPY Japan Yen | 124.23 |
| MYR Malaysia | 3.82 |
| PKR Pakistan Rupees | 101.78 |
| PHP Philippines Pesos | 45.65 |
| RUB Russia Rubles | 59.17 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1169.80 |
| LKR Sri Lanka Rupe | 134.41 |
| THB Thailand Baht | 35.16 |
| GBP United Kingdom Pounds | 0.64 |
| VND Vietnam Dong | 21815.01 |

*Source : xe.com*

### World Gold Price

July, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1096 | 1096 | 1096 |
| 28 | 1094 | 1095 | 1095 |
| 29 | 1096 | 1095 | 1096 |
| 30 | 1083 | 1085 | 1084 |
| 31 | - | - | - |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-7- 2015 | 736.50 | 734.90 |
| 28-7- 2015 | 732.50 | 731.80 |
| 29-7- 2015 | 729.00 | 728.50 |
| 30-7- 2015 | 725.00 | 724.50 |
| 31-7- 2015 | - | - |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6 .20 | 34.84 | 77.59 | 63.99 |
| 28 | 6. 21 | 34.92 | 77.59 | 64.02 |
| 29 | 6 .21 | 34.95 | 77.48 | 63.89 |
| 30 | 6 .21 | 35.16 | 78.23 | 63.99 |
| 31 | - | - | - | - |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-July | 14.64 | 1976.35 | 1627.14 | 5350.91 | 984.00 |
| 28-July | 14.62 | 1969.18 | 1624.90 | 5274.53 | 983.00 |
| 29-July | 14.65 | 2010.40 | 1638.56 | 5362.71 | 985.00 |
| 30-July | 14.76 | 1990.69 | 1686.72 | 5347.33 | 984.00 |
| 31-July | - | - | - | - | - |

Source:kitco.com

## ဘိလပ်မြေ

### မိုးကာလ ဘိလပ်မြေ အဝင်နည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၇၉၄၄၀ တန်ဖိုးရှိဘိလပ်မြေ ၁၆၅၁၂ တန်ကို ပင်လယ်ရေကြောင်းကုန် သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄ တန်၊ စင်ကာပူ နိုင်ငံမှ ၁၀၈ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၆၄၀၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်တံဆိပ်ဘိလပ်မြေ အများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း တန်ချိန် ၁၇၈၀၀ ကျော်သာဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၂၉၃ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ မိုးကာလ ရောက်လာတာ ကြောင့် ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေတင်သွင်းမှုများ နည်းပါးလာတယ်လို့ သိရပါတယ်။

### မိုးကောင်း၍ ဘိလပ်မြေဈေးငြိမ်

ဇူလိုင် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၆၅၁၂ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၁၇၈၀၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၁၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၁၁၄၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၄၇၉၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၆၅၁ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးတယ် လို့ သိရပါတယ်။ မိုးရာသီကာလဖြစ်နေတာကြောင့် ဘိလပ်မြေကအရောင်းပါးသလို ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၇၀၀ ကျပ်၊ ကြံ့ ၅၆၀၀ ကျပ်၊ အပါချီ ၅၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးနေသလို ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၈၀၀ ကျပ်၊ မြန်မာဆင် ၅၀၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၉၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ကျပ်၊ မြင်းခေါင်း ၄၉၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအေးသလို ဒီတစ်ပတ်မှာ ဈေးလည်းငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ဆင်(ထိုင်း)၇၀၀၀ ကျပ်၊စိန် (ထိုင်း) ၇၄၀၀ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ် မြေသြဇာအဝင်ပို

ဇူလိုင်လ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၀၈၀၉ တန်ဖိုးရှိ မြေသြဇာ ၄၃၅၃ ဒသမ ၁၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၁၀၃၈ ဒသမ ၁၆၈တန်၊ ထိုင်းနိုင်ငံမှ ၃၇၂ တန်၊ နယ်သာလန်နိုင်ငံမှ ၆၃ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀၀ နဲ့ တရုတ်နိုင်ငံမှ ၁၈၇၉ ဒသမ ၉၇၂ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာ အဝင်မှာ တန်ချိန် ၃၉၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၅၆ တန် ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့မြေဆီများမှာ ကွန်ပေါင်းနိုက်တြိုဂျင်၊ အမိုးနီးယမ်းဆာလဖိတ် စတဲ့ မြေဆီများဝင်လာခဲ့တယ်လို့ သိရပါတယ်။

### ယခင်တစ်ပတ်ထက် ဈေးကွက်ငြိမ်နေတဲ့ ဓာတ်မြေသြဇာ

ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၄၃၅၃ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၉၉၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ ၁၈၃၀၆ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၁၅၄၀၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့တောင်ကြီးမှာ ဈေးမြင့်ပြီး ရန်ကုန်ဈေးကွက်မှာ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာ အဝယ်လိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မိုးရွာပေမယ့်လည်း မိုးသီးနှံအတွက် အဝယ်ရှိနေတာကြောင့် အဝယ်လိုက်ပေမယ့် ကွန်ပေါင်း(ပန်းရောင်) က၁၅၀၀ ကျပ် ဈေးမြင့်တာကလွဲပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅ပတ်လည် (ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ်လည် (ထိုင်း) ၃၁၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာကအရောင်းအေးသလို မြေသြဇာဈေးလည်း ပြန်ကျမလာဘဲ တက်ဈေးနဲ့ပဲငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ(GTSP ၄၆%-တရုတ်) ၂၀၇၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၄၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ မိုးကောင်းနေတာကြောင့် အရောင်းအဝယ်က မဖြစ်ကြဘူး။ အရောင်းအေးနေသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၇၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၄၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊တီစူပါ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ်၊ ဓာတ်ဆား(တရုတ်)၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၇၀၀ ကျပ်၊ ယူရီးယား(ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၈၀၀ ကျပ်ဈေးနဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေး သလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ -တရုတ် (၁၂း၁၃) (အပြာ) ၁၆၀၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်၊ အာမို(၁၀း ၁၀း၅) ၁၆၆၀၀ ကျပ်၊ အာမို (၁၆း၁၆း၈) ၃၄၀၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၇၀၀ ကျပ်၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား (ဗွီ-စူပါ) ၃၈၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

### နှံ့ဆီတန်ချိန် ၅၇၀ ကျော်နဲ့ နှံ့မှုန့်တန်ချိန် ၇၈၀ ကျော်ဝင်

ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၈၁၂၂၀ တန်ဖိုးရှိ နှံ့ဆီ ၅၇၂ ဒသမ ၁၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနှံ့ဆီတစ်မျိုးတည်းသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် ၁၃ တန်သာ ဝင်ခဲ့တဲ့ နှံ့ဆီက ဒီတစ်ပတ်မှာ ဝင်အားကောင်းကောင်းနဲ့ ဝင်လာတာ တွေ့ရပါတယ်။

နှံ့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၄ တန်၊ ဩစတြေးလျမှ ၁၇၇ ဒသမ၆၃၇တန်၊နယ်သာလန်မှ ၁၆တန်၊ မလေးရှားမှ ၄၉၈ ဒသမ ၂၄၁ တန်နဲ့ စင်ကာပူမှ ၈၂ ဒသမ ၁၂၁ တန်ဝင်လာခဲ့ပါတယ်။

ယခင်သီတင်းပတ် နှံ့မှုန့်အဝင်မှာ တန်ချိန် ၉၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၈/၇ မှ ၂၄/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၁/၇ မှ ၁၇/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၄၁.၄၅ | ၁၇၀၉.၂၀ | (-) | ၄၆၇.၇၅ |
| ၂။ | လွယ်ဂျယ် | ၁၇၆.၀၀ | ၆၁၆.၀၀ | (-) | ၄၄၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၂.၅၀ | ၆၈.၇၅ | (-) | ၃၆.၂၅ |
| ၄။ | ကန်ပိုက်တီး | ၈၃၈.၀၀ | ၂၀၇၉.၅၀ | (-) | ၁၂၄၁.၅၀ |
| ၅။ | တာချီလိတ် | ၅၀၀.၀၀ | ၄၅၀၀.၀၀ | (-) | ၄၀၀၀.၀၀ |
| ၆။ | မြဝတီ | ၈၉၂.၅၀ | ၂၅၇.၆၆ | (+) | ၆၃၄.၈၄ |
| ၇။ | ကော့သောင်း | ၅၁၉၀.၀၀ | ၅၃၆၆.၂၀ | (-) | ၁၇၆.၂၀ |
| ၈။ | မြိတ် | ၂၂၇၅.၀၀ | ၂၀၀.၀၀ | (+) | ၂၀၇၅.၀၀ |
| ၉။ | မော်တော | - | - | | - |
| | စုစုပေါင်း | ၁၁၁၄၅.၄၅ | ၁၄၇၉၇.၃၁ | (-) | ၃၆၅၁.၈၆ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၈/၇ မှ ၂၄/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၁/၇ မှ ၁၇/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၆၄၀.၇၅၀ | ၁၄၆၈၆.၅၀၀ | (+) | ၁၉၅၄.၂၅၀ |
| ၂။ | လွယ်ဂျယ် | ၆၄.၀၀၀ | ၅၉.၀၀၀ | (+ | ၅.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၅၅.၂၅၀ | ၂၆၁.၀၀၀ | (+) | ၃၉၄.၂၅၀ |
| ၄။ | တာချီလိတ် | ၉၀.၀၀၀ | - | (+) | ၉၀.၀၀၀ |
| ၅။ | မြဝတီ | ၄၀၄.၈၆၅ | ၃၉၀.၁၀၀ | (+) | ၆.၇၆၅ |
| ၆။ | ကော့သောင်း | ၂၅၁.၅၀၀ | - | (+) | ၂၅၁.၅၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၀၀.၀၀၀ | - | (+) | ၂၀၀.၀၀၀ |
| | စုစုပေါင်း | ၁၈၃၀၆.၃၆၅ | ၁၅၄၀၄.၆၀၀ | (+) | ၂၉၀၁.၇၆၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### မုံရွာဆီထွက်သီးနှံဈေးကွက် မြေပဲဈေး ဆက်လက်မြင့်တက်နေ

မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက်မှာ နယ်အဝင်မရှိသလောက် လျော့ခဲ့တဲ့ မြေပဲဆန်ဟာ စတုတ္ထပတ်မှာ မြေပဲဆန် အနီတစ်ပိဿာ ၃၃၅၀ ကျပ်နဲ့ အဖြူတစ်ပိဿာ ၃၃၅၀ ကျပ်အသီးသီးတက်ဈေးဖြစ်ခဲ့ပြီး အရောင်း အဝယ်အားဖြင့်တစ်ရက် မြေပဲဆန် (အနီ) ပိဿာ ၇၀၀ ခန့်နဲ့ မြေပဲဆန် (အဖြူ) ပိဿာ ၂၀၀၀ ခန့်ဖြစ်ခဲ့ တယ်လို့သိရပါတယ်။ မြေပဲဆန်ဈေး ဆက်လက်မြင့်တက်လာခြင်းကြောင့် ပဲဆီဈေးလည်း မြင့်ခဲ့ရာ၊ ယခုလဆန်းပိုင်းက တစ်ပိဿာ ၅၀၀၀ ကျပ်ရှိခဲ့ရာက ယနေ့တစ်ပိဿာ ၅၈၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးကွက်မှာတော့ မိုးကြိုနှမ်းရိတ်ချိန် နှောင်းခဲ့ပေမယ့် ဒိုင်မှာထင်သလောက် အဝင်မသွက်ခဲ့ဘူးလို့ ဆိုပါတယ်။ ပြည်ပဝယ်လိုအားမသွက်လို့ ယခုတစ်ပတ်မှာ နှမ်းညိုတစ်တင်း ၂၈၅၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၃၅၀၀၀ ကျပ်ဈေးများမှာ ဆက်လက်ငြိမ်နေသလို နှမ်းဆီဈေးအနေနဲ့လည်း တစ်ပိဿာ ၃၇၀၀ ကျပ်မှာ ဆက်လက်တန့်နေတယ်လို့သိရပါတယ်။

ပြည်တွင်းထုတ်လုပ်တဲ့ စားဆီဈေးမာနေတာနဲ့အတူ စားအုန်းဆီဈေးဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၅၀ ကျပ်အထိ ပေါက်ဈေးဖြစ်ခဲ့ပြီး၊ စပ်ဆီကတော့ တစ်ပိဿာ ၂၄၀၀ ကျပ်ဝန်းကျင်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

### ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမြင့်သလို ပဲဆီဈေးမြင့်ပြီး နှမ်းဈေးနှင့် နှမ်းဆီဈေးပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆီဈေးမြင့်ပြီး နှမ်းဆီဈေးမှာ ပုံမှန်ဖြစ်နေပါတယ်။ မိုးအခါဖြစ်တဲ့အတွက် မိုးမြေပဲနှင့် မိုးနှမ်းများ စိုက်ချိန်တွင်ဈေးကွက်၌ ပစ္စည်းလက်ကျန်နည်းချိန် မြေပဲဆီကိုဝယ်လက်သမားများ အဝယ်လိုက်သဖြင့် ပဲဆန်ဈေးမြင့်သလို ဆီဈေးမှာလည်း အမြင့်ဆုံးဖြစ်လျက်ရှိပါတယ်။ နှမ်းကို ဝယ်လက်များက အဝယ်သိပ်မရှိလို့ ဈေးအေးနေပါတယ်။ ယခု တစ်ပတ် မိုးဆက်တိုက်ရွာသဖြင့် အရောင်းအဝယ်အေးသော်လည်း မြေပဲဆန်ဈေးနှင့်အတူ ဆီဈေးပါမြင့်နေပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ်ဆန်တစ်ပိဿာကို ၂၅၀၀ ကျပ်ဖြင့် ဈေးမြင့်ပြီး မြေပဲဆီဈေးမှာ တစ်ပိဿာကို ၅၈၀၀ ကျပ်အထိ ဈေးမြင့်နေပါတယ်။ လုံးဆန်အဖြူ တစ်ပိဿာ ၂၈၀၀ ကျပ်နှင့် လုံးဆန်အနီ တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့်ဝယ်လက်များ အဝယ်ရှိ၍ ဈေးမြင့်လျက်ရှိပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်းကို ၂၈၃၀၀ ကျပ်ဖြစ်ပြီး ဆီဈေးမှာ တစ်ပိဿာ ၄၇၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးမှန်နေတာ တွေ့ရပါတယ်။ နှမ်းနက်ရိုးရိုး တစ်တင်းကို ၃၃၀၀၀ ကျပ်၊ စမုံနက်နှမ်းတစ်တင်းကို ၆၀၀၀၀ ကျပ်ဖြင့် ဈေးရှိနေသော်လည်း စမုံနက်နှမ်းသာ ဝယ်လက်များက အနည်းငယ်သာ အဝယ်ရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မပျက်ဖြစ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ပြည်ပဈေးကွက်များတွင် ဈေးနှုန်းကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးကျ

ရင်းဂစ်တန်ဖိုးကျဆင်းမှုက စားအုန်းဆီဈေးနှုန်းမြင့်တက်ဖို့ အထောက်အကူပြုခဲ့ပေမယ့် ဈေးကွက်အတွင်းမှာ စားအုန်းဆီ ပြိုင်ဖက်သီးနှံတွေရဲ့ ဈေးနှုန်းကျဆင်းမှုနဲ့ ကမ္ဘာ့ကုန်စည်ဈေးနှုန်းတွေပါ ကျဆင်းလာခဲ့ပါတယ်။ ဒါ့ကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်စာချုပ်ဈေးမှာ ဇူလိုင် ၂၄ ရက်က ငါးရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ရာ သုံးလအတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဇူလိုင် ၂၇ ရက်နေ့ ဈေးပိတ်ချိန်မှာ ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)ရဲ့ အောက်တိုဘာလအတွက် ကြိုရောင်းစာချုပ်ဈေးက သုည ဒသမ ၄၇ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန် ကို ၂၁၃၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၆၂) နှုန်း ရှိခဲ့ပါတယ်။ နံနက်ပိုင်းဈေးကွက်မှာ စာချုပ်ဈေးက တစ်တန်ကို ၂၁၁၅ ရင်းဂစ်နှုန်းထိပင် ရောက်ရှိခဲ့ရာ ဧပြီ ၃၀ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့ပါတယ်။

စုစုပေါင်းရောင်းချမှု ပမာဏက ၂၅ တန်ရှိအတွဲ ၃၇၃၄၁ တွဲရှိခဲ့ရာ နေ့စဉ်ပျမ်းမျှရောင်းချနေတဲ့ အတွဲ ၃၅၀၀၀ ထက် မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

"ကျွန်တော်တို့က တရုတ်ဒါလီယံဈေးကွက်ရဲ့ လမ်းကြောင်းနောက်ကိုပါသွားတာဖြစ်ပါတယ်"လို့ ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်နေသူ ကုန်သည်တစ်ဦးက ပြောပါတယ်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodities Exchange) ရှိ ပဲပုပ်ဆီကြိုရောင်းကြိုဝယ်ဈေးတွေ မကြာသေးမီက ကျဆင်းခဲ့တာကို ရည်ညွှန်းပြီး ယခုလိုပြောကြားတာဖြစ်ပါတယ်။

အာရှစားအုန်းဆီ အခြေခံစံထားဈေးနှုန်း အတက်အကျဟာ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ကုန်စည်ဈေးနှုန်းတွေရဲ့အတက်အကျက အကျိုးသက်ရောက်မှုရှိနေပေမယ့် ရင်းဂစ်တန်ဖိုးကျဆင်းလာတာဟာ ဈေးနှုန်းအတွက် အထောက်အကူရစေကြောင်း အခြားကုန်သည်တစ်ဦးက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းတဲ့အတွက် တခြားငွေကြေးကိုင်ထားတဲ့ ပြည်ပဝယ်လက်တွေအတွက် မလေးရှားစားအုန်းဆီဈေးနှုန်းကို ကျဆင်းလာစေခဲ့ပါတယ်။

"ရင်းဂစ်ဈေးနှုန်းက ၁၇ နှစ်အတွင်း အနိမ့်ဆုံးကိုရောက်ရှိစေခဲ့ပါတယ်။ ဒါဟာလည်း ကောင်းတဲ့ကိစ္စဖြစ်ပါတယ်"လို့ ကုန်သည်တစ်ဦးကပြောပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်သုံးပတ်အတွင်း စားအုန်းဆီထုတ်လုပ်မှုမှာ ကမ္ဘာ့နံပါတ်(၂)နေရာမှာရှိနေတဲ့ မလေးရှားနိုင်ငံဟာ ရင်းဂစ်တန်ဖိုးကို ၁၉၉၈ ခုနှစ်က အခြေအနေထိ လျှော့ချခဲ့ပါတယ်။ အဲဒီနှုန်းအတိုင်းထားရှိစဉ်က ရင်းဂစ်ကို ဒေါ်လာနဲ့ချိတ်ဆက်ထားပြီး ငွေကြေးထိန်းချုပ်မှုတွေ ဆောင်ရွက်နေရတဲ့ကာလဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုမှာ နံပါတ် (၁) နေရာမှာရှိနေတဲ့ အင်ဒိုနီးရှားနိုင်ငံဟာ လည်း ဇူလိုင်လမှ နိုဝင်ဘာလအထိ အယ်လ်နီညိုရာသီဥတုအခြေအနေနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ခန့်မှန်းကြပါတယ်။ အထူးသဖြင့် ဆူမတြားကနေ အင်ဒိုနီးရှားအရှေ့အလယ်ပိုင်းအထိ ထိခိုက်မှုရှိမယ်လို့ ခန့်မှန်းထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံဘက်မှာလည်း စားအုန်းဆီကြမ်းနဲ့ စားအုန်းဆီနဲ့ ထုတ်လုပ်တဲ့တခြားထုတ်ကုန်တွေအတွက် ပို့ကုန်ခွန်တွက်ချက်မှုတွေကို ပြင်ဆင်ထားပါတယ်။ ပို့ကုန်ခွန်တွက်ချက်ရာမှာ ယခင်ကလို ဈေးနှုန်းအပေါ်မူတည်ပြီး ရာခိုင်နှုန်းနဲ့တွက်ချက်မှာမဟုတ်ဘဲ ဒေါ်လာနဲ့တန်ဖိုးသင့်ပြီး တွက်ချက်တော့မှာဖြစ်ပါတယ်။

တခြားပြိုင်ဖက်သီးနှံဈေးကွက်မှာ တရုတ်ရှယ်ယာဈေးကျဆင်းတဲ့အတွက် စားအုန်းဆီကြမ်းဝယ်လိုအား အများဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ဝယ်လိုအား အလားအလာကို သံသယဝင်နေတာကြောင့် ဆီဈေးနှုန်းတွေက ဇူလိုင် ၂၈ ရက်နေ့မှာ ငါးရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပြီး ခြောက်လအတွင်း အနိမ့်ဆုံး ဈေးကိုရောက်ရှိခဲ့ ပါတယ်။

အာရှဈေးကွက်မှာ အမေရိကန်ပဲပုပ်ဆီရဲ့ ဩဂုတ်လအတွက် ကြိုရောင်းစာချုပ်ဈေးက သုည ဒသမ ၄၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဒါလီယံကုန်စည်ဒိုင်မှာ သုည ဒသမ ၉၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၇-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၈၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၅၇၀၀ | ၅၇၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၇၅ | ၁၄၄၀ | ▽ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၁၀ | ၁၅၅၀ | ▽ |
| ပဲခူး | ၃၁၀၀ | ၃၁၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၁၅၇၀ | ၁၅၅၀ | ▽ |
| မကွေး | ၅၃၀၀ | ၅၃၀၀ | □ | ၃၈၀၀ | ၃၉၀၀ | △ | ၁၆၇၅ | ၁၆၀၀ | ▽ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၆၅၀ | ၁၆၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၂၇-၇-၂၀၁၅ မှ ၃၀-၇-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၇-၇-၂၀၁၅ | ၆၆၀ |
| (၂) | ၂၈-၇-၂၀၁၅ | ၆၅၀ |
| (၃) | ၂၉-၇-၂၀၁၅ | ၆၅၀ |
| (၄) | ၃၀-၇-၂၀၁၅ | ၆၄၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၇-၂၀၁၅ US$/Ton

| အမျိုးအစား | ဇူလိုင်လစတုတ္ထပတ် | ဇူလိုင်လပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၈.၀၀ | ၅၈၃.၅၀ | △ |
| RBD P.Olein | ၆၀၇.၀၀ | ၆၀၃.၅၀ | ▽ |
| RBD P.Strarin | ၅၂၂.၀၀ | ၅၁၈.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀- ၇ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) |
|---|---|---|
| | | Cloud Point 8˚CMax |
| CIF ဈေး | (CIFx USD)/ 612 | ၁၃၀၂.၆၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၂၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၅.၁၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၆.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၄၃.၅၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၇-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၄၅ဒေါ်လာ၊ FOB ၆၂၀ဒေါ်လာနှင့် USD ဈေး ၁၂၃၆ ကျပ်)ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၃၀-၇-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၃၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျအပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းလေကြောင်းလိုင်းများအား အမေရိကန်သို့ ပျံသန်းခွင့် တားမြစ်

အမေရိကန် လေကြောင်းဦးစီးဌာန (Federal Aviation Administration _ FAA) သည် ထိုင်းနိုင်ငံအား ၎င်း၏လေယာဉ်ပျံသန်းမှု လုံခြုံရေး စံချိန်စံညွှန်းများတွင် အားနည်းချက်/ ချို့ယွင်းချက်များ ရှိနေသည်ကို ဖြေရှင်းရန် အချိန် ၆၅ ရက်ပေးထားကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prajin ကပြောကြားခဲ့ပါသည်။

သတ်မှတ်ချိန်အတွင်း ချို့ယွင်းချက်များကို ပြင်ဆင်နိုင်ခြင်းမရှိပါက ထိုင်းလေယာဉ်များသည် အမေရိကန်သို့ ပျံသန်းမှု တားမြစ်ခြင်းကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ FAA သည် ထိုင်းနိုင်ငံ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန (Department of Civil Aviation _ DCA) ၏ ဆောင်ရွက်မှုများကို ဇူလိုင်လ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ငါးရက်ကြာ စစ်ဆေးခဲ့ပါသည်။ FAA သည် Thai Airways International နှင့် Bangkok Airways တို့ကိုလည်း စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့ (International Civil Aviation Organi- zation _ICAO) က ချို့ယွင်းအားနည်းချက်များကို ပြင်ဆင်ရန် ထိုင်းနိုင်ငံအား ရက်ပေါင်း ၉၀ ပေးခဲ့သော်လည်း DCA အနေဖြင့် သတ်မှတ်ရက်များအတွင်း ပြင်ဆင်နိုင်ခြင်းမရှိခဲ့သောကြောင့် ICAO မှ ထိုင်းနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးသည် စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုမရှိကြောင်း၊ အနီရောင်အလံအမှတ်အသားပြ၍ သတ်မှတ်ခဲ့ပြီးနောက်ပိုင်း FAA မှ စစ်ဆေးမှုများ ပြုလုပ်လာခြင်းဖြစ်ပါသည်။

FAA မှ စစ်ဆေးတွေ့ရှိချက်များကို DCA ညွှန်ကြားရေးမှူးချုပ်အားနှုတ်ဖြင့် သတင်းပို့ပြီးဖြစ်ကြောင်း၊ လာမည့်ရက်ပေါင်း ၃၀ အတွင်း DCA သို့ တရားဝင်စာပို့ဖြင့် ပေးမည်ဖြစ်ကြောင်း၊ FAA ၏ စစ်ဆေးတွေ့ရှိချက်များတွင် လေကြောင်းလိုင်းများ၏ လေယာဉ်ဘေးကင်းလုံခြုံမှု စစ်ဆေးရန် ဝန်ထမ်းလုံလောက်မှုမရှိခြင်း (ICAO မှလည်း တင်ပြသည့် စိုးရိမ်မှု) DCA ၏စစ်ဆေးရာတွင် အချို့သော နည်းလမ်းများသည် ခေတ်မမီခြင်း စသည်တို့ပါဝင်ကြောင်း သိရှိရပါသည်။

သတ်မှတ်ရက်ပြည့်ပါက FAA သည် ၎င်း၏နောက်ဆုံးအကြိမ် စစ်ဆေးမှုကို ရက်ပေါင်း ၃၀အတွင်း အပြီးသတ်၍ ထိုင်းနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေး စံချိန်စံညွှန်းများအပေါ် တရားဝင် အဆင့်သတ်မှတ်ချက်ကို ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

DCA သည် FAA ၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီပါက အုပ်စုတစ်အဆင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ အုပ်စုတစ်အဆင့် သတ်မှတ်ပါက ထိုင်းလေယာဉ်များ (Thai-registered carriers) အနေဖြင့် အမေရိကန်သို့ ပုံမှန်အတိုင်း ဆက်လက်ပျံသန်းနိုင်မည်ဖြစ်ပါသည်။

FAA ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းမရှိပါဘဲ အုပ်စုနှစ်အဆင့် သတ်မှတ်ခြင်းခံရမည်ဆိုပါက ထိုင်းနိုင်ငံအနေဖြင့် ဝန်ဆောင်မှုအသစ် စတင်ခြင်း (လေကြောင်းပို့ဆောင်မှုခရီးစဉ်သစ် စတင်ခြင်း) ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ အားနည်းချက်များကို ပြုပြင်နေသည့် ကာလအတွင်း လက်ရှိဝန်ဆောင်မှုများကိုလည်း ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရှိရပါသည်။

DCA အနေဖြင့် ချို့ယွင်းအားနည်းချက်များကို ပြုပြင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ဆောင်ရွက်မှုများကို FAA သို့ ပုံမှန်အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း၊ ပြဿနာဖြေရှင်းရန် သန္နိဋ္ဌာန်ချကြိုးပမ်းဆောင်ရွက်မှုများကြောင့် ထိုင်းနိုင်ငံသည် အဆင့်လျှော့ကျသွားမည်မဟုတ်ကြောင်း၊ FAA က ထိုင်းလေကြောင်းလိုင်းများအား အုပ်စုနှစ်အဖြစ် သတ်မှတ်မည်ဆိုပါကလည်း အမေရိကန်သို့ ပျံသန်းပြေးဆွဲနေသည့် ထိုင်းလေယာဉ်များအပေါ် သာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင် ကွဲပြားသော လေကြောင်းပို့ဆောင်ရေး စံချိန်စံညွှန်းများ ရှိသောကြောင့် ဖြစ်ကြောင်း ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Prajin ကပြောကြားခဲ့ပါသည်။

FAA ၏ နောက်ဆုံး စစ်ဆေးချက်သည် ထိုင်းနိုင်ငံအတွက် အခြေအနေမကောင်းပါက Thai Airways သည် ဖြေရှင်းရန် နည်းလမ်းရှိပြီးဖြစ်ကြောင်း၊ ၎င်း၏ဖောက်သည်များကို Star Alliance အဖွဲ့ဝင်များဖြစ်သော လေကြောင်းလိုင်းများသို့ လွှဲပြောင်းပေးရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယား သင်္ဘောကျင်းကြီး သုံးခု၏ ဝင်ငွေများကျဆင်းမှုကို စိုးရိမ်

ကိုရီးယားသင်္ဘောကျင်းကြီး သုံးခုဖြစ်သည့် Hyundai Heavy Industries, Samsung Heavy Industries နှင့် Daewoo Shipbuilding & Marine Engineering တို့သည် ယခုနှစ်ဒုတိယသုံးလပတ်အတွင်း ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ကမ်းလွန်သင်္ဘောကျင်းလုပ်ငန်းများမှ ဝင်ငွေများကျဆင်းသွားခဲ့ကြောင်း Hyundai Heavy Industries နှင့် Samsung Heavy Industries တို့သည် ၎င်းတို့၏ ဒုတိယသုံးလပတ် ဘဏ္ဍာရေးအခြေအနေကို ဇူလိုင်လ ၂၉ ရက်နေ့တွင်ထုတ်ပြန်ခဲ့ပြီး ဒေဝူးကလည်း အလားတူ ထုတ်ပြန်သွားမည်ဖြစ်ကြသည်။

ဈေးကွက်သုံးသပ်လေ့လာချက်များ၏ ခန့်မှန်းချက်အရ သင်္ဘောကျင်းကြီး၏ စုစုပေါင်းဆုံးရှုံးမှုသည် ဝမ် ၄ ထရီလီယံခန့်ရှိနိုင်ကြောင်း ဆိုကြပြီး၊ ပထမသုံးလပတ်ကလည်း ၂၀၀ ဘီလီယံ ဝမ်ခန့်အမြတ်ငွေဆုံးရှုံးခဲ့ကြသည်ဟု သိရှိရသည်။ ဟွန်ဒေးသည် ယမန်နှစ်က ၃ ထရီလီယံဝမ်အရှုံးပေါ်ခဲ့ပြီး၊ ယခုပထမသုံးလပတ်တွင် လုပ်ငန်းဆုံးရှုံးမှုတန်ဖိုး ၁၉၂ ဒသမ ၄ ဘီလီယံဝမ်ဖြစ်၍ ဒုတိယသုံးလပတ်တွင် လုပ်ငန်းဆုံးရှုံးမှုတန်ဖိုး ၁၀၀ ဘီလီယံဝမ် ခန့်ရှိနိုင်ကြောင်း သုံးသပ်ထားသည်။

ဆမ်ဆောင်းသည် ပထမသုံးလပတ်က လုပ်ငန်းအမြတ် ၂၆ ဒသမ ၃ ဘီလီယံဝမ်ရှိခဲ့ပြီး၊ ဒုတိယသုံးလပတ်တွင် လုပ်ငန်းအရှုံးပမာဏ ၁ ထရီလီယံ ဝမ်ခန့်ရှိနိုင်သည်။ ဒေဝူးသည် ဒုတိယသုံးလပတ်တွင် ဆုံးရှုံးမှုတန်ဖိုး ၃ ထရီလီယံ ဝမ်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အမေရိကန်နိုင်ငံတွင် မေလအတွင်းက နိုင်ငံတကာခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံထိ ရောက်ရှိ

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ မေလ၌ ခရီးသွားများ၊ ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်း များမှတစ်ဆင့် ခရီးသွားများသုံးစွဲမှု သည် ဒေါ်လာ ၁၈ ဘီလီယံဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Penny Pritzker က ဇူလိုင်လ ၁၅ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံတကာခရီးသွားများ၏ အမေရိကန်နိုင်ငံအတွင်း သုံးစွဲမှုမှာ ဒေါ်လာ ၉၃ ဘီလီယံဖြစ်ကြောင်းနှင့် ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် အလုပ်အကိုင်စုစုပေါင်း တစ်သန်းကျော်ကို လုပ်အားခများပေးချေနိုင်ခဲ့ကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ပထမအကြိမ် အမေရိကန်-ယူကရိန်း စီးပွားရေးဖိုရမ်ကျင်းပ

ပထမအကြိမ် အမေရိကန်-ယူကရိန်း စီးပွားရေးဖိုရမ်ကို အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တွင် ဇူလိုင်လ ၁၃ ရက်နေ့က ကျင်းပခဲ့ပြီး ဇူလိုင်လ ၁၆ ရက်နေ့တွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်၊ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် Mr.Arseniy Yatsenyuk၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Ms. Penny Pritzker အမေရိကန်အစိုးရဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ယူကရိန်းစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဖိုရမ်ကို နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရန်နှင့်ယူကရိန်းနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆွေးနွေးရန်၊ အမေရိကန်နိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့သည် တရားဥပဒေစိုးမိုးရေးကို အခြေခံသည့် စီးပွားရေးယှဉ်ပြိုင်မှုနှင့်စွန့်ဦးတီထွင်မှုများ ပိုမိုတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဆေးဝါးထုတ်လုပ်ရေးနှင့် အခြားအရေးကြီးသောကဏ္ဍများတွင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအကြား ညှိနှိုင်းဆွေးနွေးမှုနယ်ပယ် တိုးချဲ့ရန်တို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် Ms. Penny Pritzker သည် ယူကရိန်းနိုင်ငံ ကိယက်မြို့သို့အလည်အပတ်ခရီးသွားရောက်၍ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရန်တို့ကို ဖိုရမ်မှ သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ယူကရိန်းနိုင်ငံအနေဖြင့်လည်း သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်၊ အနုပညာနှင့်တီထွင်ဖန်တီးမှုကဏ္ဍများတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို ကာကွယ်ရန်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Government Procurement Agreement သို့ဝင်ရောက်ရေးအတွက် ပိုမိုကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။




**အေးစန္ဒာလွင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထားဝယ်စီမံကိန်း ဖြည်းဖြည်းချင်း အကောင်အထည်ပေါ်လာ

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် ပြည်တွင်းလိုအပ်ချက်တည်ဆောက်ရေးလုပ်ငန်းများ၊ အခြားသောစီမံကိန်းများအတွက် လျှပ်စစ်ဓာတ်အား ထုတ်ပေးလျက်ရှိသော ပထမဆုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်အတူ စတင်ရုပ်လုံးပေါ်လာပြီ ဖြစ်ပါသည်။

ထိုင်းနှင့်မြန်မာ ပူးပေါင်းဆောင်ရွက်မှုတွင် ဂျပန်ပါဝင်လာပြီးနောက် ရင်းနှီးမြှုပ်နှံမှု အလွန်ကြီးမားသောစီမံကိန်းသည် အတိုင်းအတာတစ်ခုအထိ အရှိန်ရလာပြီဖြစ်ပါသည်။ ထားဝယ်နှင့်လေဆိပ်ကို ဆက်သွယ်ထားသော အမြန်လမ်းကို အဆင့်မြှင့်တင် တိုးချဲ့လျက်ရှိပါသည်။

Andaman Power and Utility Co. (APU) ကုမ္ပဏီသည် ထားဝယ်ဇုန်တွင်မဂ္ဂါဝပ် ၅၀၀ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ပထမဆုံးလိုင်စင်ရရှိခဲ့ သော ကုမ္ပဏီဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ပထမအဆင့်အဖြစ် ၆-၂၀ မဂ္ဂါဝပ် ထုတ်လုပ်မှု စတင်ခဲ့သည်မှာ တစ်လခန့်ရှိပြီဖြစ် ကြောင်း၊ APU သည် ဗြိတိန်အခြေစိုက် Aggreko ကုမ္ပဏီမှ နှစ်နှစ်စာချုပ်ဖြင့် ငှားထားသည့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်စက်များ အသုံးပြု၍ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါ သည်။

APU အနေဖြင့် ပထမအဆင့် လျှပ်စစ်ဓာတ်အားထုတ်စက်ရုံအနီးတွင် မဂ္ဂါဝပ် ၂၀၀ ထုတ်လုပ်နိုင်သည့် ဒုတိယစက်ရုံတည်ဆောက်မည်ဖြစ်ပြီး၊ လျှပ်စစ်ဓာတ်အား ဝယ်ယူရေးစာချုပ်နှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရနှင့် ဆွေးနွေးလျက်ရှိပါသည်။ စီမံကိန်း၏ ဒုတိယအဆင့် လျှပ်စစ်ဓာတ်အားစက်ရုံအတွက် ဘတ် ၆ ဒသမ ၅ -၇ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါသည်။

တတိယအဆင့်အဖြစ် မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံအတွက် ဓာတ်ငွေ့များကို မြန်မာနိုင်ငံရှိ PTT Exploration and Production (PTTEP)၏ ဇောတိကဓာတ်ငွေ့မြေမှ ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မြောက်ကိုရီးယားနိုင်ငံသား တစ်ဦးချင်း၏ ၂၀၁၄ခုနှစ်က ဝင်ငွေ ဝမ် ၁ ဒသမ ၃၉ သန်းရှိခဲ့

၂၀၁၄ ခုနှစ်အတွင်း မြောက်ကို ရီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း သည် ၁ ဒသမ သုည ရာခိုင်နှုန်းရှိခဲ့ပြီး၊ တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံသား တစ်ဦးချင်းဝင်ငွေ ကွာဟချက်သည် ၁ အချိုး ၂၁ ဒသမ ၄ ဖြစ်ခဲ့သည်။ ဇူလိုင် လ ၁၇ ရက်နေ့က ကိုရီးယားဗဟိုဘဏ်မှ ထုတ်ပြန်သည့် '2014 North Korea Economic Growth Rate Estimates' အရ မြောက်ကိုရီးယား၏ Real GDP သည် ၁ ဒသမ သုည ရာခိုင်နှုန်းတိုးလာခဲ့၍ ၂၀၁၁ခုနှစ်က တိုးနှုန်း သုည ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ် တိုးနှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၁၃ ခုနှစ် တိုးနှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။ မြောက်ကိုရီးယား၏ ၂၀၁၄ ခုနှစ် GNI သည် ၃၄ ဒသမ ၂ ထရီလီယံဝမ် (အမေရိကန် ဒေါ်လာ ၂၉ ဒသမ ၇ ဘီလီယံ) ဖြစ်ပြီး ယင်း၏ ၄၄ ဆ သည် တောင်ကိုရီးယား၏ GNI (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံ) ဖြစ်ခဲ့သည်။

မြောက်ကိုရီးယား၏ နိုင်ငံသားတစ်ဦးချင်းဝင်ငွေသည် ၁၃၈၈၀၀၀ ဝမ် (အမေရိကန်ဒေါ်လာ ၁၁၆၃) ဖြစ်ပြီး တောင်ကိုရီးယား၏ နိုင်ငံသားတစ်ဦးချင်းဝင်ငွေ ဝမ် ၂၉ ဒသမ ၆၈ သန်း (အမေရိကန်ဒေါ်လာ ၂၅၈၀၉) ဖြစ်ပြီး ၂၁ဆရှိ နိုင်ငံသားတစ်ဦးချင်းဝင်ငွေကွာဟချက်သည် ၂၀၁၃ ခုနှစ်က တစ်အချိုး ၂၀ ဒသမ ၈ ဖြစ်သည်။ ယမန်နှစ်က မြောက်ကိုရီးယားသည် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိခဲ့၍ ၂၀၁၃ ခုနှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အကြောင်းအရင်းမှာ ဓာတ်သတ္တုများထွက်ကုန်သည် ၁၇ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပမာဏသည် ၇ ဒသမ ၈ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅ ဘီလီယံ) တိုးခဲ့ပြီး၊ စက်ကိရိယာ ပစ္စည်းများ (၂၇ ဒသမ ၁ ရာခိုင်နှုန်း)နှင့် အထည်အလိပ် ၁၄ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုတင်ပို့ခဲ့ခြင်းကြောင့် ဖြစ်သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# မိုးခေါင်မှုကြောင့် ထိုင်းနိုင်ငံ၏ စပါးထွက်ရှိမှု ၁၅ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်

ထိုင်းနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ဆယ်စုနှစ်အတွင်း အဆိုးဆုံးဖြစ်သော မိုးခေါင်မှုသည် စပါးထွက်ရှိမှုကို ၁၅-၂၀ ရာခိုင်နှုန်း ကျဆင်းစေလိမ့်မည်ဟု ခန့်မှန်းထားကြပါသည်။ ဆန်ဈေးနှုန်းများ မြင့်တက်နိုင်မည့်အခြေအနေနှင့် သိုလှောင်ထားသော အစိုးရဆန်များကို ထုတ်ရောင်းနိုင်ရန် အခွင့်အလမ်း ပိုမိုလာနိုင်သည်ဟု ယူဆထားကြပါသည်။

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် အလွန်ခြောက်သွေ့သည့် ရာသီဥတု ဖြစ်ပေါ်လျက်ရှိသော ထိုင်းနိုင်ငံနှင့်အခြားသော ဆန်တင်ပို့သည့် နိုင်ငံများ၏ ရောင်းလိုအားလျော့နည်းသွားသည့်အတွက် ဆန်ဝယ်လိုအားသည် မြင့်တက်ဖွယ်ရှိကြောင်း ထိုင်းဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Mr. Charoen ကပြောကြားခဲ့ပါသည်။

မိုးခေါင်မှုကြောင့် ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမှာပင် (စုစုပေါင်း) စပါးအထွက်တန်ချိန် ၃၅ သန်းခန့် (ဆန်တန်ချိန် ၁၈-၁၉ သန်းခန့်) သို့လျော့ကျသွားလိမ့်မည်ဟု ခန့်မှန်းထားကြပါသည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ယခုနှစ် ထိုင်းနိုင်ငံ၏ အဓိကသီးနှံဖြစ်သည့် စပါးထွက်ရှိမှုသည် နှစ်ရာခိုင်နှုန်းကျဆင်း၍ တန်ချိန် ၂၆ သန်းသာ ရှိနိုင်သည်ဟု အစောပိုင်းက ခန့်မှန်းခဲ့ပါသည်။ စပါးစိုက်ပျိုးခြင်းသည် ဩဂုတ်လတိုင်အောင် နှစ်လခန့် နောက်ကျနိုင်သည်ဟူသော အချက်အပေါ်အခြေခံ၍ ယင်းကဲ့သို့ ခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။ မိုးခေါင်မှုကြာရှည်နေမည်ဆိုပါက စပါးထွက်ရှိမှုသည် ခန့်မှန်းထားသည်ထက် ပို၍လျော့နည်းဖွယ်ရှိနေပါသည်။

စပါးထွက်ရှိမှု လျော့နည်းမည်ဟူသော ခန့်မှန်းချက်ကြောင့် စပါးဈေးနှုန်းသည် တစ်တန်လျှင် ဘတ် ၇၅၀၀-၈၀၀၀ မှ ဘတ် ၉၀၀၀ ကျော်ထိ မြင့်တက်နိုင်ချေရှိကြောင်း၊ သို့ရာတွင် စပါးဈေးမြင့်တက်မှုသည် ပြိုင်ဖက်နိုင်ငံများ၏ စပါးထွက်ရှိမှု၊ မိုးခေါင်မှုကြောင့် ဖြစ်ပေါ်သော အကျိုးသက်ရောက်မှုပမာဏ၊ ကမ္ဘာ့စီးပွားရေးအခြေအနေတို့ အပေါ်တွင်လည်း မူတည်မည်ဖြစ်ကြောင်း Mr. Charoen ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ် ဆန်ပြည်ပတင်ပို့မှုသည် တန်ချိန် ၉ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇ ဘီလီယံဖိုးခန့်) ရှိနိုင်ကြောင်း၊ ပထမငါးလအတွင်း ဆန်တင်ပို့မှုသည် တန်ချိန် ၄ ဒသမ ၅ သန်းဖြစ်ရာ ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၁ ဒသမ ၁ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ဆန်ပြည်ပတင်ပို့သူများအသင်းသည် ဒုတိယနှစ်ဝက်တွင် ပြည်ပတင်ပို့မှု မြှင့်တင်ရန် ကြိုးပမ်းမှုအဖြစ် အစိုးရ လက်ကျန်ဆန်များကို ထုတ်ရောင်းပေးရန်နှင့် အစိုးရချင်းစနစ် (G to G)ကို အဆုံးသတ်ရန် အစိုးရအား အဆိုပြုတင်ပြမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘတ်ငွေတန်ဖိုး တည်ငြိမ်စေရန်နှင့် ရေရှည်(ကာလရှည်) ဆန်စီမံခန့်ခွဲမှု ပိုမို တိုးတက်အောင် ဆောင်ရွက်ပေးရန်တို့ကို တောင်းဆိုကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဒွန်မောင်းလေဆိပ်တွင် ခရီးဆောင်အိတ်များ မြှင့်တင်စစ်ဆေးခြင်းအားရပ်တန့်

ထိုင်းနိုင်ငံ၏ Airports of Thailand Plc (AoT) သည် လုံခြုံရေးစီမံချက်များကို မြှင့်တင်ဆောင်ရွက်သည့် အနေဖြင့် ဗန်ကောက်မြို့ရှိ ဒွန်မောင်း (Don Mueang) လေဆိပ်၌ ခရီးဆောင်အိတ်များ စစ်ဆေးခြင်းကို မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။

ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ ခရီးသည်များသည် check-in နေရာသို့ မသွားခင် အိတ်များအားလုံး (ခရီးဆောင် အိတ်ကြီးများ/အထုပ်အပိုးများနှင့်လက်ဆွဲအိတ်များ) ကို အိပ်စရေးစက်များဖြင့် စစ်ဆေးခံရမည်ဖြစ်ပါသည်။ ယခင် လုပ်ထုံးလုပ်နည်းအရ စာရင်းသွင်းသည့် (check-in လုပ်သည့်) အိတ်များကိုသာ အိပ်စရေးစက်များဖြင့် စစ်ဆေးကြောင်း၊ လေယာဉ်ပေါ်သို့ ခရီးသည်နှင့်အတူ ယူဆောင်သွားမည့်အိတ်များ (cabin bags) ကို စစ်ဆေးခြင်းမရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ စစ်ဆေးမှု မြှင့်တင်ခြင်းသည် Department of Civil Aviation (DCA) ၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း AOT အမှုဆောင်အရာရှိများမှ ပြောကြားခဲ့ကြပါသည်။ DCA ၏ အကြံပြုချက်ထွက်ပေါ်လာခြင်းမှာဗန်ကောက်မြို့ ရဲချုပ်ဟောင်း Pol Lt.Gen Kamronwit ၏ ခရီးဆောင်အိတ်ထဲတွင် သေနတ်တွေ့ရှိသည့် သတင်း (၎င်း၏ခရီးဆောင်အိတ်ကြီးထဲတွင် ဝှက်ထားသည့် ကျည်ဆန်များပါသော အသေးစား ပစ္စတိုသေနတ်ကို သုဝဏ္ဏဘူမိလေဆိပ်၌ ရှာမတွေ့ခဲ့ခြင်း)ကို အကြောင်းပြု၍ ဖြစ်ပေါ်လာနိုင်ခြင်းဖြစ်ကြောင်း လေ့လာသူများက ဆိုပါသည်။

Pol Lt.Gen Kamronwit ၏ ဂျပန်ခရီးစဉ်အတွင်း 22-calibre Magnum mini-revolver သည် ၎င်းနှင့်အတူရှိနေခဲ့ကြောင်း ဗန်ကောက်သို့ ပြန်လည်ထွက်ခွာသည့် ဇွန်လ ၂၂ ရက်နေ့တွင် နာရိတာလေဆိပ်၌ ၎င်း၏ လက်ဆွဲခရီးဆောင်အိတ်ထဲရှိသေနတ်ကို ဂျပန်ရဲများမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သို့ရာတွင် စစ်ဆေးသည့် နည်းလမ်းသစ်သည် လေဆိပ်၌ ခရီးသည်များ တန်းစီနေရချိန်ပိုမိုကြာရှည်စေခဲ့ပြီး လေယာဉ်နောက်ကျမှုများဖြစ်ပေါ်ခဲ့ရာ ဒွန်မောင်းလေဆိပ်အာဏာပိုင်များက ခရီးဆောင်အိတ်များ စစ်ဆေးခြင်းကို ယခင်ပုံစံအတိုင်း ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်ခဲ့ကြကြောင်း AOT နှင့် DCA တို့၏ ဇူလိုင်လ ၂၀ ရက်နေ့ ဆွေးနွေးပွဲ၌ လုံခြုံရေးစစ်ဆေးသည့် စည်းမျဉ်းစည်းကမ်းများကို လျှော့ပေါ့ပေးရန် လိုအပ်ကြောင်း၊ စနစ်ဟောင်းဖြင့် စစ်ဆေးခြင်းကို နှစ်လခန့် ဆက်လက်ဆောင်ရွက်သင့်ကြောင်း AOT ဥက္ကဋ္ဌ Mr. Nitinaiမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကြွက်ထောင်ချောက်နှင့် စားသုံးသူ [illegible]

|MT-MDY|



အစားအသောက်၊ ရေသန့်၊ ဆေးဝါးများ၊ လူသုံးကုန်စသည့် လူတို့၏ စားဝတ်နေရေးအတွက် လိုအပ်သော ကုန်ပစ္စည်းများကို ထုတ်လုပ် သူများက ထုတ်လုပ်ခြင်း၊ ရောင်းဝယ်သူများက ရောင်းဝယ် ကုန်သွယ်ခြင်း၊ စားသုံးသူများကလည်း ဝယ်ယူစားသုံးခြင်းကို နေ့စဉ် ပြုလုပ်လျက်ရှိပါသည်။ ကျွန်တော်တို့ ဌာနကလည်း ကုန်သွယ်မှုကို မြှင့်တင်ခြင်းဖြင့် ပြည်ပပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးကို ပြုလုပ်လျက် ရှိသကဲ့သို့ တစ်ဖက်မှလည်း ကုန်စည်အပေါင်း၏ အရည်အသွေးကို ပိုမိုကောင်းမွန်ရေးအတွက် ထုတ်ကုန်များ အရည်အသွေး ထိန်းသိမ်း ရေး၊ စားသုံးသူအခွင့်အရေးကို ဖော်ဆောင်ရေးတို့ကို ဆောင်ရွက် လျက်ရှိပါသည်။ စားသုံးသူအခွင့်အရေးကိစ္စများကို ဆောင်ရွက် နေခြင်းသည် အစိုးရနှင့်သာ သက်ဆိုင်သည်။ ကုန်ထုတ်လုပ်သူနှင့် သာ သက်ဆိုင်သည် စသည်ဖြင့် တာဝန်ရှိမှု၊တာဝန်ခံမှုအပိုင်းများ ကို ပြည်သူတချို့က ခွဲခြားတွေးထင်တတ်ကြပါသည်။ မသမာမှု ဆောင်ရွက်နေသော အတုအပ ထုတ်လုပ်သူများ၊ ဆိုးဆေးဖြင့် ဆေး ဆိုးရောင်းချတတ်သူများ၊ ရက်လွန်အစားအသောက်ကို တံဆိပ် ပြောင်းရောင်းချသူများက "ငါတို့သည် ငါတို့ ဘာကိုထုတ်လုပ်နေ သည်ကို သိသဖြင့် စားမိသုံးမိရန် မရှိ၊ လူရည်လည်ပြီးဖြစ်သဖြင့် စားသုံးသူများကဲ့သို့ အညာမိရန်မရှိ"ဟု ယူဆပြီး မျက်စိစုံမှိတ်ကာ မဟုတ်တာလုပ်နေတတ်ကြပါသည်။လတ်တလော အကျိုးအမြတ်ကို သာမျှော်ကိုးပြီး ရေရှည်အတွက် လည်းကောင်း၊ အများအတွက်လည်း ကောင်း မစဉ်းမစားလုပ်တတ်ကြပါသည်။ ထိုအတုအပနှင့်အန္တရာယ် ရှိသော အစားအသောက် ထုတ်လုပ်ရောင်းချသူများသည် တာဝန် ယူမှု၊ တာဝန်ခံမှုမရှိပါ။ မိမိပြုသော ကံများ မိမိထံမလာတတ်ဟု ထင်တတ်ကြပါသည်။

> "အတုအပနှင့် အန္တရာယ်ရှိသော
> အစားအသောက်
> ထုတ်လုပ်ရောင်းချသူများသည်
> တာဝန်ယူမှု၊ တာဝန်ခံမှုမရှိပါ။
> မိမိပြုသော ကံများ မိမိထံမလာတတ်ဟု
> ထင်တတ်ကြပါ. . . .

တစ်လောက Facebook ထဲတွင် "ကြွက်ထောင်ချောက်" ဆိုသော ရေးသူမသိသည့် အကြောင်းလေးကို ဖတ်လိုက်ရပါသည်။ သူရေးထားသည့် အကြောင်းမှာ အိမ်တစ်အိမ်တွင် ကြွက်တစ်ကောင် သောင်းကျန်းနေသဖြင့် အိမ်ရှင်အမျိုးသားက ကြွက်ကို နှိမ်နင်းနည်း မျိုးစုံဖြင့် နှိမ်နင်းသော်လည်း မသေနိုင်သဖြင့် ကြွက်ထောင်ချောက် တစ်ခု ဝယ်ပြီးနှိမ်နင်းရန် မိန်းမနှင့် ညဖက်တိုင်ပင်ပါသည်။ မိန်းမ ဖြစ်သူက ရှင့်ဘာသာ လုပ်ချင်ရာလုပ် ကျွန်မက တော့ ကြွက်သတ်တဲ့ ကိစ္စ၊ ကြွက်ထောင်ချောက်ကိစ္စ ကျွန်မနဲ့မဆိုင်ဟု ဆိုသတဲ့ခင်ဗျာ။ အိမ်ရှင်ယောကျ်ားပြောဆို နေသည်ကို ကြွက်ကလည်း နားထောင်မိ သဖြင့် သူ့အတွက်သေရေးရှင်ရေးဖြစ်သော ကြွက်ထောင်ချောက်ကို ဘယ်တော့ ဝယ်လာမှာလည်း၊ ဘယ်လိုထောင်ချောက်မျိုးနှင့် ဖမ်းဆီး သတ်ဖြတ်ခံရမလဲ ဟုတွေးတောရင်း မအိပ်နိုင်၊ မစားနိုင်၊ မကိုက် နိုင်ဖြစ်နေပါသည်။ ထိုကဲ့သို့နေလာရင်း နှစ်ရက်သုံးရက်အကြာတွင် အိမ်ရှင် ယောကျ်ားမှာ မြို့သို့ဈေးဝယ်ရာမှအပြန် အိမ်ပေါ်သို့ လှမ်း အတက်တွင် ခလုတ်တိုက်ပြီး ဝယ်လာသော ဈေးထုပ်များလွတ် ကျကာ အထုပ်တစ်ထုပ်မှာ ပြေသွားပြီး သံနှင့်ပြုလုပ်ထားသည့် ကြွက်ထောင်ချောက်ကြီးတစ်ခု ထွက်ကျလာပါသည်။ ဆူညံနေသော အသံများကြောင့် ချောင်းကြည့်လိုက်သည့် ကြွက်က ထောင်ချောက် ကိုမြင်ပြီး အကြီးအကျယ် တုန်လှုပ်ချောက်ခြားသွားပါတော့သည်။ သူ့ရဲ့ သေမင်းရောက်လာပြီဟု တွေးမိခြင်းဖြစ်သဖြင့် နှလုံးများတုန်၊ ကတုန်ကယင် ဖြစ်ကာတွေ့ရာ အိမ်နီးနားချင်းများကို လိုက်ပြောပါ တော့သည်။ သူ့အိမ်နီးချင်းများက တစ်အိမ်ထဲ တစ်ခြံထဲရှိတဲ့ ကြက် တစ်ကောင်၊ ဝက်တစ်ကောင်နှင့် နွားတစ်ကောင်တို့ ဖြစ်ပါသည်။ ပထမဆုံး ကြက်ဖကိုသွား၍ "ကိုကြီးကြက်ဖရေ အိမ်ထဲမှာ ကြွက် ထောင်ချောက်ကြီးတစ်ခုရောက်နေပြီ၊ အိမ်ရှင်ယောကျ်ားဝယ်လာ တာဗျ"ဟုပြောပြရာ၊ ကြက်ဖက "ကြွက်ထောင်ချောက်ရောက်တော့ ဘာဖြစ်လဲ ကြက်ထောင်ချောက်မှ မဟုတ်တာ၊ မင်းပဲသတိထားရမှာ ကွ၊ တော်တော်နှောင့်ယှက်တဲ့ကောင်"ဟုဆိုပြီး လိုက်ခွပ်သဖြင့် ကြွက်ခမျာ လွတ်အောင်ပြေးခဲ့ရရှာသည်။ နောက်တစ်ကောင်ဖြစ် သော ဝက်ကို ဝက်စာကျင်းတွင် အစာစားနေစဉ်သွားပြောပြန်ရာ ဝက်ကလည်း ကြွက်ထောင်ချောက်ရောက်လည်း ကိစ္စမရှိဘူး၊ ငါ့ စားစရာ အချိန်တန်ရင်ရှိဖို့ပဲလိုတယ်လို့ ပြောပြန်သတဲ့။ထိုအခါ ကြွက်ကလေးလည်း နောက်ဆုံးပြောပြစရာ ဦးနွားဆီသွားပြီး"ဦးကြီး နွားအိမ်ထဲမှာတော့ ကြွက်ထောင်ချောက်ကြီးတစ်ခု ရောက်နေတယ် ဗျ"လို့ ပြောတဲ့ အခါမှာ"အေး မင်းက ဘာလို့ ငါ့ကိုလာပြောတာလဲ၊ ငါ့ခြေထောက် ညှပ်မှာစိုးရိမ်လို့လား"ဟု ပြောင်လှောင်ပြီး ပြန်ပြော လိုက်ပါသတဲ့။ ကြွက်ကလေးလည်း စိတ်ပျက်လက်ပျက်နဲ့ အိမ်ဖက်ကို ပြန်သွားပါတော့တယ်။ ကြွက်ကလေးအိမ်ထဲကို ဖြတ်ပြီး ဝင်သွားတာ ကို ခြံထဲ က မြွေတစ်ကောင်ကတွေ့ပြီး အင်း-ဒီအိမ်ထဲဝင်ပြီးအစာရှာ ရင်တော့ ညစာ ကြွက်သားလေးစားရနိုင်တယ်ဟု တွေးထားပါသည်။ ညဖက် ရောက်သည့်အခါ အိမ်ရှင်ယောကျ်ားက ကြွက်ထောင်ချောက် ထဲတွင် ငါးခြောက်တစ်ဖတ်ထဲ့ပြီး ညှပ်ကို ချိတ်ထားလိုက်ပါသည်။ ညအမှောင် လူခြေတိတ်ချိန်တွင် မြွေက အိမ်ပေါ်တက်လာပြီး ကြွက် ကို လိုက်ရှာရင်း ကြွက်ထောင်ချောက်ကို ဖြတ်မိရာ မြွေ၏အမြီးမှာ ကြွက်ထောင်ချောက်တွင် ညှပ်မိနေလေသည်။ အိမ်ရှင်မိန်းမက တစ်ရေးနိုးအပြင် ထွက်ရင်း ကြွက်ထောင်ချောက်နားဖြတ်မိရာ အမြီး ညှပ်နေ၍ စိတ်ဆိုးနေသော မြွေက ပေါက်လိုက်သဖြင့် ထိုအိမ်ရှင်မ နာကျင်ပြီး အော်လေရာ အိမ်ရှင်ယောကျ်ားနိုးလာပြီး အိမ်ရှင်မကို မြွေပေါက်မှန်းသိသွားသဖြင့် မြွေကို ရိုက်သတ်ပြီး အိမ်ရှင်မကို ဆေး ပေးခန်းသွားပြရန် ထမ်းပြီးပြေးရလေသည်။ကြွက်ခမျာအဖြစ်အပျက် ကို မြင်ပြီး အလွန်တုန်လှုပ်သွားကာ ကြက်ဖ၊ ဝက်၊ နွားတို့ကို ပြောပြ ချင်မိလေသည်။ ပြောလည်း ထပ်မပြောရဲတော့ပါ။ မနက်မိုးလင်း သောအခါ မြွေပေါက်ခံရသည့် အိမ်ရှင်မကို မြို့ပေါ်တက်ပြီး ဆေးရုံ ပို့ရလေသည်။ အိမ်တွင်လည်း လူနာမေးသည့် လူများ၊ တစ်သုတ်ပြီး တစ်သုတ်ရောက် လာလေတော့သည်။ အိမ်တွင်ကျန်ခဲ့သော ကလေး များမှာ အမေနှင့်အဖေမရှိသဖြင့် ဆွေမျိုးများက ချက်ပြုတ်ကျွေးမွေး နေရသဖြင့် လည်းကောင်း၊ လူနာမေးသည့်သူများကိုပါ ကျွေးမွေး နေရသဖြင့်လည်း ဟင်းစားရှားလာသဖြင့် အိမ်မှကြက်ဖကိုပါ ချက် စားရလေသည်။ ကြွက်ထောင်ချောက်သည် ကြွက်ကိုမမိဘဲ မြွေ ကိုမိပြီး မြွေပေါက်သဖြင့် ကြွက်ပေါ်တာ ကိုယ်နဲ့မဆိုင်ဟု ပြောသော အိမ်ရှင်မသည် ဆေးရုံရောက်ရလေပြီ။ ကြွက်ထောင်ချောက်က ကြွက်ပဲ ဂရုစိုက်ရမှာ ကြက်ထောင်ချောက်မဟုတ်ဘူးဟူသော ကြက်ဖလည်း ဟင်းဖြစ်ရ လေပြီ။ ထိုမျှနှင့်မပြီးသေးဘဲ ဆေးကုစရိတ် အတွက် ဝက်ကိုပေါ်ပြီး ရောင်းလိုက်ရလေသည်။ ထပ်ဆင့်ကာ အိမ်ရှင်မခမျာ မြွေဆိပ်ပြင်းသဖြင့်လည်းကောင်း၊ ဆေးကုနောက်ကျ သဖြင့်လည်းကောင်း သေရရှာပြီး၊ ရက်လည်ဆွမ်းသွတ်ရာတွင် ပရိ သတ်ကိုကျွေးရန် မရှိသဖြင့် နွားကိုပါပေါ်ပြီး ကျွေးရလေသည်ဟု အဆုံးသတ်ထားသည်ဟု ဖတ်မိပါသည်။ အဆိုပါ ကြွက်ထောင် ချောက်ဇာတ်လမ်းတွင် ကြွက်နှိမ်နင်းရန် ရည်ရွယ်သော အိမ်ရှင် ယောကျ်ားမှာ ရည်ရွယ်ချက် မမြောက်ဘဲ မထင်မှတ်သော အဖြစ် များဖြင့် ဒုက္ခများရလေသည်။တစ်ဖက်တွင်လည်း မိမိပတ်ဝန်းကျင် တွင် ဖြစ်ပျက်သောကိစ္စတစ်ခုသည် ကိုယ်နှင့်မဆိုင်ဟု လွဲမှားသုံး သပ်သဖြင့် မထင်မှတ်သော ရလဒ်များဖြစ်ပေါ် လာသည်ကို တွေ့ ရပါသည်။

ထိုဇာတ်ပေါင်းကိုကြည့်သည့်အခါ ကျွန်တော်တို့၏လောဘ ဇောတိုက်ကာ စားသုံးရန်မသင့်သော အစားအသောက်ထုတ်လုပ် ရောင်းချသူများ၊ အတုအပရောင်းဝယ်သူများသည် အဆိုပါ ရောင်းချ သည့် ကိစ္စသည် ကိုယ်နှင့်မဆိုင် စားသုံးသူတွေကို လိမ်လည်ရောင်းချ ပြီး ကိုယ်ဖြစ်ချင်သည့် ကိစ္စတစ်ခု၊ ကိုယ့်အကျိုးအမြတ် တစ်ခုအတွက် သာကြည့်ပြီး လုပ်ဆောင်ချက်သည် ကြွက်ထောင်ချောက်ဆင်သော ယောကျ်ားအား မထင်မှတ်သော တန်ပြန်သက်ရောက်မှုများလို ကျိန်းသေခံစားရမည်ဖြစ်ပါသည်။ အမှန်တရားသည် ချက်ခြင်းအကျိုး မပေးသော်လည်း တစ်ချိန်တွင် အကျိုးပေးလာမည်ဖြစ်ပါသည်။ အလားတူပင် စားသုံးရန်မသင့်သော အစားအသောက်များ၊ အတု အပများ ရောင်းဝယ်ဖောက်ကားနေခြင်းသည် ကိုယ်နှင့်မဆိုင်၊ ကိုယ့် ကိစ္စမဟုတ်၊ အစိုးရမှာသာ တာဝန်ရှိသည်ဟုပြောဆိုတတ်၊ ဖြစ်တတ် သောပုံပြင်ပါ ကြက်ဖ၊ ဝက်၊ နွားနှင့်တူသော ပုဂ္ဂိုလ်များသည်လည်း မိမိပတ်ဝန်းကျင်၊ မိမိ၏လူမှုစီးပွားရေးများကို ဆက်စပ်ထိခိုက်နိုင် သည်ကို သတိပြုဆင်ခြင်သင့်ပါသည်။ မိမိတစ်ဦးတည်း ပတ်ဝန်းကျင် နှင့်ကင်းကွာရန် မသင့်ဖြစ်နိုင်သည်ကို ဆင်ခြင်ပြီး ယင်းအတုအပများ၊ စားသုံးရန်မသင့်သော စားစရာများ ဖြန့်ဖြူးရောင်းချထုတ်လုပ်မှု များကို ဝိုင်းဝန်းတားဆီးသင့်ပါသည်။ တာဝန်ရှိသည် တာဝန်ယူမည် ဟု ပြည်သူတစ်ယောက် စားသုံးသူတစ်ယောက်အနေဖြင့် ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။ တိုင်ကြားခြင်း၊ သတင်းပေးခြင်း၊ ဖော်ထုတ် ခြင်း၊ မိမိပတ်ဝန်းကျင်တွင်ဆွေးနွေးခြင်းများ ဆောင်ရွက်သင့်ပါသည် ဟု တင်ပြလိုက်ရပါသည်။

# အီးယူနိုင်ငံများမှ ပေးအပ်သည့်ဂျီအက်စ်ပီအခွင့်အရေး ပြန်လည်ရရှိပြီးနောက် ဂျီအက်စ်ပီအား နှစ်အလိုက်အသုံးချမှု တိုးတက်လာ

မြန်မာနိုင်ငံကို ၁၉၉၇ ခုနှစ်မှစ၍ Forced Labor အသုံးပြုမှုကြောင့် ဂျီအက်စ်ပီ ( Generalized Specific Preference) အကျိုးခံစားခွင့် ယာယီဖယ်ရှားခံခဲ့ရသော်လည်း လက်ရှိအစိုးရသစ်တက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာကို ဆက်တိုက်ဆောင်ရွက်မှုများကြောင့် အီးယူအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးသည့်အနေဖြင့် ၂၀၁၃ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဂျီအက်စ်ပီ အခွင့်အရေးများကို ပြန်လည်ပေးအပ်ခဲ့ပါသည်။ အဆိုပါအစီအစဉ်အရ လက်နက်ခဲယမ်းမှအပ ကျန်ကုန်စည်အားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက်ကန့်သတ်ခြင်း ကင်းလွတ်ခွင့် (Duty Free and Quota Free) ကိုရရှိမည်ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အီးယူဈေးကွက်သို့ ငါး၊ ပုစွန် စသည့် ရေထွက်ကုန်များ၊ ဆန်၊ ပဲ စသည့် လယ်ယာထွက်ကုန်များ၊ ကြိမ်ထည်၊ သစ်အခြောထည်စသည့် သစ်တောထွက်ပစ္စည်းများ၊ အဝတ်အထည်၊ ဖိနပ်စသည့် စက်မှုထုတ်ကုန်များကို အဓိက တင်ပို့လျက်ရှိပါသည်။ နိုင်ငံပေါင်း ၂၈နိုင်ငံပါဝင်သည့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့မှုများအတွက် GSP Form A လျှောက်ထားမှုများသည် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် စောင်ရေ စုစုပေါင်း ၄၆၉၂ အထိရှိလာခဲ့ကာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၆၃ ဒသမ ၇၁၉ကျော်ဖိုး ကုန်သွယ်မှုရှိခဲ့ပါသည်။ ၂၀၁၄-၁၅ဘဏ္ဍာနှစ်တွင်လည်း GSP Form A လျှောက်ထားမှုများ သိသိသာသာ များပြားလာပြီး စောင်ရေ ၆၅၉၈အထိရှိခဲ့ကာ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ပေါင်း ၃၉၂ ဒသမ ၃၉၈သန်းကျော်ရှိခဲ့သည်။

ယင်းသို့ အမေရိကန်ဒေါ်လာ သန်းသုံးရာကိုးဆယ်ကျော်ရှိခဲ့သည့်အနက် စက်မှုထွက်ကုန်များအတွက် GSP Form A ၅၁၄၉စောင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၀၃ ဒသမ ၁၆၅ သန်းကျော်၊ လယ်ယာထွက်ကုန်များအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၂ ဒသမ ၆၆၀ သန်းကျော်တန်ဖိုးရှိ GSP Form A စောင်ရေ ၉၅၄ စောင်၊ ရေထွက်ကုန်များအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄ ဒသမ၃၀၀သန်းကျော် တန်ဖိုးရှိ GSP Form A စောင်ရေ ၃၈၅စောင်၊ သစ်တောထွက်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၀သန်းကျော်တန်ဖိုးရှိ GSP Form A စောင်ရေ ၉၉ စောင်၊ အခြားကုန်စည်များအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁၃ သိန်းတန်ဖိုးရှိ GSP Form A စောင်ရေ ၁၁ စောင်တို့ဖြင့် အသီးသီးကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

အီးယူမှ GSP အခွင့်အရေးပြန်လည်ပေးအပ်ပြီးနောက်ပိုင်း ကာလများဖြစ်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကို နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းများမှ အဝတ်အထည် တင်ပို့မှုသည် သိသိသာသာ တိုးတက်များပြားလာပါသည်။ လယ်ယာထွက်ကုန်အနေဖြင့် ဆန်တင်ပို့မှုနှင့် သစ်တောထွက်ပစ္စည်းဖြစ်သည့် ကြိမ်ထည်ပစ္စည်းများ တင်ပို့မှု တိုးတက်လာသည်ကို တွေ့ရှိရသော်လည်း ရေထွက်ကုန်တင်ပို့မှုများမှာ ကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။



# မော်လမြိုင်မြို့ရှိ စာသင်ကျောင်းများ၏မုန့်ဈေးတန်းများတွင် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေး

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မော်လမြိုင်မြို့ရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှာ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်းနှင့် မုန့်ဈေးတန်းများတွင် တားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတွင် ဇူလိုင်လ ၂၇ ရက်နေ့မှာ လည်းကောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၈ ရက်နေ့မှာလည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်းတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ရည်ရွယ်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များအား ဆွေးနွေးအသိပေး ဆောင်ရွက်ခဲ့ပါတယ်။ ပူးပေါင်းဌာနများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုင်အက်စတာက သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဒုတိယလက်ထောက်ဦးစီးမှူး ဦးသက်နိုင်က ပတ်ဝန်းကျင်နှင့် ကျွတ်ကျွတ်အိတ်ဘေးအန္တရာယ်များ အကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြတ်မွန်က မြေဆီလွှာနှင့် ပတ်သက်သော သိကောင်းစရာများကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁)ဦးထွန်းထွန်းဝင်းက သွေးလွန်တုပ်ကွေးနှင့် ကာကွယ်နှိမ်နင်းရေးအကြောင်းကို လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ရာ ဆရာ/ ဆရာမနဲ့ ကျောင်းသူ ကျောင်းသား စုစုပေါင်း ၁၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**Cho Win(Mon Consumer)**

# ELECTRICAL MYANMAR 2015 ပြပွဲပြသမည်

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ELECTRICAL MYANMAR 2015 ပြပွဲကို မလေးရှားနိုင်ငံအခြေစိုက် Fireworks Trade Media Pte Co., Ltd. နှင့် ပြည်တွင်းကုမ္ပဏီဖြစ်သော NMT Ltd. တို့မှ ဦးစီး၍ ကျင်းပမည်ဖြစ်ပါသည်။

ELECTRICAL MYANMAR 2015 ပြပွဲတွင် လျှပ်စစ်ပစ္စည်းများ၊ ဒီဇိုင်းသစ်လျှပ်စစ်ဆက်စပ် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ လျှပ်စစ်လုပ်ငန်းသုံးကိရိယာများ စသည်ဖြင့် အမျိုးအစားစုံလင်စွာ လာရောက်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# Myanmar Plastics, Myanmar Print, Myanmar Pack, Myanmar Foodtech, Myanmar Agrotech ပြပွဲ ပြသမည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ဩဂုတ် ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Myanmar Plastics, Myanmar Print, Myanmar Pack, Myanmar Foodtech, Myanmar Agrotech ပြပွဲကို တရုတ်(တိုင်ပေ) ရှိ CHAN CHAO INTERNATIONAL Co., Ltd. နှင့် YORKERS TRADE & MARKETING SERVICE Co., Ltd. တို့မှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီများဖြစ်သော NMT Ltd. နှင့် Care Freight Services Ltd. တို့မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ Myanmar Plastics, Myanmar Print, Myanmar Pack, Myanmar Foodtech, Myanmar Agrotec h ပြပွဲသို့ နိုင်ငံပေါင်း ၂၉ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၀၀ ခန့်မှ ပြခန်းပေါင်း ၁၆၀ ခန့်ဖြင့် ပလပ်စတစ်နှင့် ရော်ဘာလုပ်ငန်းသုံးစက်နှင့် ထုတ်ကုန်ပစ္စည်းများ၊ ပုံနှိပ်လုပ်ငန်းသုံးစက်နှင့် ထုတ်ကုန်ပစ္စည်းများနှင့် ဆက်စပ်သည့်ဝန်ဆောင်မှုများ၊ နည်းပညာများ၊ ထုပ်ပိုးခြင်းလုပ်ငန်းသုံးစက်နှင့်ထုတ်ကုန်ပစ္စည်းများ၊အစားအသောက်လုပ်ငန်းသုံးနည်းပညာရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးနည်းပညာရပ်များစသည်ဖြင့် အမျိုးအစား စုံလင်စွာ လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# ထိုင်းနိုင်ငံတွင် 56th Bangkok Gems & Jewelry Fair (56th BGJF) ပြသ

56th Bangkok Gems & Jewelry Fair (56th BGJF) ပြပွဲကို စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ အရာထမ်းတစ်ဦး လိုက်ပါကြီးကြပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ကုမ္ပဏီ ၁၅ ခုက ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများကို သွားရောက်ပြသရောင်းချမည် ဖြစ်ပါသည်။

56th Bangkok Gems & Jewelry Fair (56th BGJF) ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ သွားရောက်ပြသခြင်းဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

Commodity Exchange News
Vol: 15, No.29 Monday August 3 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃-၈-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၃ သိန်းဖြင့် ဈေးဖွင့်အဝယ်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို ဈေးကွက် စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၃၂၀၀၀၀ ကျပ် ဈေးဝန်းကျင်ဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ဒီရက်ပိုင်းမှာ မိုးကလည်း အဆက်မပြတ်ရွာသွန်းတာကြောင့် ပဲအရောင်းအဝယ်ပြုလုပ်လိုသော ကုန်သည်ကြီးများလာရောက်မှုက ပုံမှန်ထက်စာရင် နည်းသွားပေမယ့် ပဲအရောင်းအဝယ်တော့ နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ ပဲစင်းငုံနီ (RC) ကတော့ ပဲလက်ကျန်အထိုက်အလျောက်ရှိပေမယ့် အိန္ဒိယဘက်မှ ဈေးဖွင့်အဝယ်မရှိတာကြောင့် ပဲအရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီအရောင်းအဝယ်ပါး

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ပါးသွားတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၂၅ ကျပ် (တစ်တန်ကို ၁၃၀၁၃၂၈ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ မှ ၁၅၀ ကြားသာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပြောင်းအဝင်ပါး

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပြောင်းသီးနှံ အဝင်ပါးနေသလို တရုတ်ဘက်မှာလည်း ပြောင်းသီးနှံ အဖမ်းအဆီးတချို့ရှိတာကြောင့် ဝယ်လက်တွေက ဈေးကွက်အခြေအနေကို တွက်ချက်ဝယ်ယူမှုတွေရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၁၀၂ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ်ပုံမှန်ရှိနေ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်တချို့နှင့် မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ နယ်အဝင်ပါးသွားပေမယ့် တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီကတော့ လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပြည်တွင်းကုန်သည်အချင်းချင်း လက်ပြောင်းလက်လွဲနဲ့ တစ်ပိဿာကို ၂၁၆၀ ကျပ် (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၃၁၀ ကျပ် (တစ်တန်ကို၈၀၂၂၃၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မုံရွာဈေးကွက်မှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲမျိုးစုံအဝင်ပါး အရောင်းအဝယ်အေး

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပဲတီစိမ်းကြီးအဝင်ပါးသလို တရုတ်အတွက်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကလည်း အရည်အသွေးပေါ် မူတည်ပြီး တွက်ချက်ဝယ်ယူမှုတွေရှိနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ နည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ကုလားပဲ အရောင်းအဝယ်သွက်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်တင်ပို့ရန်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၇၅ ကျပ်(တစ်တန်ကို ၁၁၄၈၂၃၀ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၂၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကတော့ မြို့ခံပဲခွဲစက်တွေအပြင် နယ်ဝယ်လက်တွေပါ အဝယ်ဆုံလို့ ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၃၇၅ ကျပ်(တစ်တန်ကို ၈၄၂၀၃၆ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲအရောင်းအဝယ်ပုံမှန်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ် ပိဿာကို ၁၃၆၈ ကျပ် (တစ်တန်ကို ၈၃၇၇၄၉ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။



## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်အားပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၂၅ ကျပ်(တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းသီးနှံကို ရန်ကုန်-မန္တလေး-မူဆယ်ဝယ်အား ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် မူဆယ်ဝယ်လက်က ဝယ်လိုအားဆက်တိုက်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန် နည်းလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၅၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် နှစ်သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ လက်ကျန်ပြောင်းအနေဖြင့် ပစ္စည်းအနေအထားအရ နည်းနေပြီး ပြောင်း(သစ်)က ဩဂုတ်လကုန်ပိုင်းမှာ ဈေးကွက်ထဲဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။



## လားရှိုးဈေးကွက်မှာ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပြောင်းအရောင်းအဝယ် ဖြစ်မှုနည်း

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် ကုန်သည် များဈေးကွက်သို့လာရောက်မှုနည်းလို့ အရောင်းအဝယ်ဖြစ်မှုပမာဏလည်း နည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၅၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်းပိဿာချိန် နှစ်သိန်းဝန်းကျင်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို ရန်ကုန်အဆွဲပုံမှန်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ကုန်သည်လက်ဝယ်မှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၂၅ ကျပ်(တစ်တန်ကို ၁၃၀၁၃၂၈ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ကို ၂၁၆၀ ကျပ် (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲဈေးကောင်းရ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေနှင့် သိုလှောင်မည့်ကုန်သည်အချို့က ဝယ်လိုအားတောက်လျှောက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၃၆၀ ကျပ် (တစ်တန်ကို ၈၃၂၈၅၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀ မှ ၂၅၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါ တယ်။

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို အထောက်အကူပြုသည့် လုပ်ငန်းကော်မတီနှစ်ရပ်၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို အထောက်အကူပြုသည့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ရဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက်နေ့ နေ့လယ် ၁၄း၀၀ နာရီတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ (ဒုတိယထပ်) တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး (ကိုယ်စား) စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ဇူလိုင် ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်ဖြစ်သည့် ဈေးကွက်ထဲတွင် ရောင်းချလျက်ရှိသည့် မြေပဲဆီအမည်ခံပြီး အခြားဆီများနဲ့ ရောနှောရောင်းချနေမှုများကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းချက်နဲ့အညီ အရေးယူဆောင်ရွက်နိုင်မည့် အခြေအနေများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေက အစားအသောက်တစ်ခုတည်းအတွက် ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ ဝန်ဆောင်မှုလုပ်ငန်းများပါ ပါဝင်သဖြင့် ကျယ်ပြန့်တဲ့အတွက် Format ချမှတ်၍ ဆောင်ရွက်ရန် အခြေအနေ၊ စားသုံးသူများမှ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်၊ ဝန်ဆောင်မှုနဲ့ ပတ်သက်၍ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိလျှင် တိုင်ကြားနိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်ရမည့်တိုင်ကြားမှုပုံစံ ပြုစုထားရှိရန် အခြေအနေ၊ ဈေးကွက်ထဲတွင်ရောင်းချလျက်ရှိတဲ့ မြေပဲဆီအမည်ခံပြီး အခြားဆီများနဲ့ ရောနှောရောင်းချမှုများကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ (၇) (၈) ဖြင့် အရေးယူဆောင်ရွက်ရန် အခြေအနေ၊ ထုပ်ပိုးမှုပုံစံ အမျိုးမျိုးဖြင့် ပြုလုပ်ထားတဲ့ စားသောက်ကုန်ပစ္စည်းများနဲ့ အမှတ်တံဆိပ်နဲ့ ညွှန်ကြားချက်များက စားသုံးသူကို သတင်းအချက်အလက် အမှန်ပေးနိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန်အခြေအနေ၊ တချို့စားသောက်ကုန်ပစ္စည်းများတွင် မြန်မာဘာသာဖြင့်ရေးသား ဖော်ပြထားရန် အခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များကို စားသုံးသူ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သတင်းမီဒီယာများမှတစ်ဆင့် အသိပေးကြေညာ ဆောင်ရွက်ရမည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနဲ့ အရာထမ်း/အမှုထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဦးစီးမှူးများ၊ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုလိုအစည်းအဝေးများကို လစဉ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်း ရရှိပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

■

# ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူ အကာကွယ်ပေးရေးဥပဒေနှင့် စားသုံးသူအသိပညာပေး သိကောင်းစရာများ ဟောပြောဆွေးနွေး




ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၁၅ ရက်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြောင်းနှင့် စားသုံးသူ အသိပညာပေး သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးညွန့်သန်းက မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်၌ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် စားသုံးသူများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအဖွဲ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများနစ်နာမှုများကိုဖြေရှင်း ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၎င်းအဖွဲ့၏ လက်အောက်တွင်စားသုံးသူများတိုင်ကြားမှုကို လက်ခံဆောင်ရွက်ပေးရန် အတွက် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ပေးရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှကုန်ပစ္စည်းများကို လုံခြုံစိတ်ချမှုရှိစေရန် စစ်ဆေးခြင်းနှင့် စားသုံးသူ/သုံးစွဲသူများ ဘေးကင်းလုံခြုံစေရန်အတွက် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကိုအဖွဲ့ဝင် ၁၁ ဦးဖြင့် လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက ဖွဲ့စည်းတာဝန်ပေးပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် စားသုံးသူများ၏အခွင့်အရေးကို ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်းလိုက်နာရန် လိုအပ်ကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏တာဝန်နှင့် တားမြစ်ချက်များကို လိုက်နာရန်လိုအပ်ကြောင်း၊ ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် စားသုံးသူရေးရာဌာန၏လုပ်ငန်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစားအသောက်ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်း အမျိုးအစား၊ ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓါတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့်လုပ်ငန်း အမည်နှင့် လိပ်စာစသည့် ပါဝင်ရမည့် အချက်များအား ရှင်းလင်းပြောကြားပြီး အစားအသောက်များတွင် ဓာတုဆိုးဆေးများ၏ အန္တရာယ်ဆိုးကျိုးများအကြောင်း အရက်ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာတို့သည် လူကို စွဲလမ်းစေသော ဓာတုပစ္စည်းများပါဝင်နေပြီး အသက်အန္တရာယ်နှင့် ကင်ဆာရောဂါဖြစ်စေတတ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ လောဘရမက်တက်ပြီး ကိုယ်ကျိုးစီးပွားကိုသာကြည့်၍ မလုပ်ကိုင်သင့်ကြောင်း၊ ဓာတုဆိုးဆေးများ ပါဝင်နေသော အစားအစာများ၊ သုံးစွဲရန်မသင့်သော လူသုံးကုန်ပစ္စည်းများသည် ဈေးကွက်တွင် များပြားနေခြင်းကြောင့် အစားအသောက်များအား သတိပြု စားသုံး/သုံးစွဲကြရန် လိုအပ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့တစ်ဖွဲ့တည်း လုပ်ယူကာကွယ်၍ မအောင်မြင်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ စားသုံးသူပြည်သူ၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသူအားလုံး ပူးပေါင်းပါဝင်မှသာ စားသုံးသူကာကွယ်ရေးလုပ်ငန်းကြီးအောင်မြင်မှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ မင်းလှမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ သာယာဝတီခရိုင်အတွင်းရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံများ၊ မင်းလှမြို့နယ်တာဝန်ခံရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ အဖွဲ့အစည်းများ စုစုပေါင်းအင်အား ၂၃၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

ထို့နောက် သာယာဝတီခရိုင်ဦးစီးမှူး ဦးညွန့်သန်းနှင့် မြို့နယ်တာဝန်ခံများ၊ မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မင်းလှမြို့နယ် စည်ပင်သာယာမြို့မဈေးနှင့် အထက မြို့မကျောင်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြော်ငြာထားသည့် ကုန်ပစ္စည်း ရောင်းချနေခြင်း ရှိ၊ မရှိကို လှည့်လည်ကြည့်ရှု၍ ဈေးသူ၊ ဈေးသားများအား ကျန်းမာရေးအထောက်အကူပြုပြီး အာဟာရဖြစ်စေသော အစားအသောက်များကို ရွေးချယ်ရောင်းချရန် ဓာတုဆိုးဆေး မပါဝင်သော အစားအသောက်နှင့် မုန့်များကို စိစစ်ရောင်းချရေး ပညာပေးဆွေးနွေးမှုများ ပြုလုပ်ပြီး စားသောက်ကုန် နမူနာပစ္စည်းများ ဝယ်ယူခဲ့ကြောင်းသိရှိရပါသည်။

**အောင်ဇော်လွင် (လက်ပံတန်း)**

Vol: 15, No.29 Monday August 3 2015

# အတင့်ရဲပြီး ပြောင်ပြောင်တင်းတင်း တရားမဝင်ကုန်သွယ်မှုလုပ်ကိုင်နေသူများအား ထိထိရောက်ရောက်ကြပ်မတ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်ကြရန် လို

မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်မှာ မြန်မာဂိတ် ၂၆ ဂိတ်၊ ထိုင်းဘက်မှာ ၁၉ ဂိတ်ရှိပြီး နယ်မြေခံတပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့နဲ့ပြည်သူ့စစ်တို့မှ လုံခြုံရေးအတွက် ယူထားတဲ့နေရာများမှာ လူပစ္စည်းအဝင်အထွက်များပါ ပြုလုပ်နေကြကြောင်း၊ အချို့ဂိတ်များမှာ ပစ္စည်းအဝင်အထွက် မရှိတော့သော်လည်း ၁၃ဂိတ်(ဖားခြောက်ကောင်)၊ ၁၁/၁၁၊ ၁/၂ ဂိတ်၊ ၁၄ ဂိတ်၊ ၉၉၉၊ ဂေါက်ကွင်းရှေ့၊ (၁)ဂိတ်-မုတ်သုံဂိတ်၊ (မယ်တော်သလေး)၊ ၁၇ ဂိတ်၊ မုတ်သုံဂိတ်၊ ၉၉၉ ဂိတ်သစ်၊ ဝ-ဂိတ်၊ ၆၆၉ (၉၉၉)၊ နေစိုးမြဂိတ်၊ ဇီးတောဂိတ်၊ (ပြည်သူ့စစ်ဂိတ်)၁၂ဂိတ်၊ (BGF) ကရင်စာပေဂိတ်၊ မယ်တော်သလေဂိတ်၊ ၈ ဂိတ် (BGF) စတဲ့ ဂိတ်များမှ ဂျပန်ကား၊ စက်ဘီး၊ ကွမ်းသီး၊ ဂေါက်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ရေခဲသေတ္တာအဟောင်း၊ ခေတ်ဆီ၊ ဒီဇယ်၊ ဘီယာ၊ဘိလပ်မြေ၊ ကုန်မျိုးစုံ၊ စားသောက်ကုန်၊ ယန္တရားစတဲ့ကုန်စည်အဝင်များပြီး ကြက်သွန်၊ ပဲ၊သစ်၊ခနောက်စိမ်း၊ငရုတ်သီးတို့အတွက် များတဲ့ ဂိတ်ပေါက်များဖြစ်ပါတယ်။ ဇီးတောဂိတ်နဲ့ ၈ ဂိတ်တို့ကတော့ စက်ရုံ၊ အလုပ်သမားစတဲ့ လူအဝင်အထွက်များတဲ့ ဂိတ်များဖြစ်ကြပါတယ်။

မိမိဘက်မှ တရားဝင်တင်ပို့ခြင်းမရှိတဲ့ ကျွဲ၊ နွားအရှင်၊ ပရိဘောဂအပြင် တင်ပို့ခွင့်ပြုထားတဲ့ ခနောက်စိမ်း၊ မြေပဲဆံတို့ တရားမဝင်သွားလာနေကြတာ တွေ့ရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှာ ဝင်ရောက်စစ်ဆေးခံတဲ့ ယာဉ်စီးရေ ၂၀၀ ကျော်ခန့်ရှိသော်လည်း အသေးစိတ်ဖွင့်ဖောက်စစ်ဆေးဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် အပိုအလွဲများပါရှိနိုင်သလို နေ့စဉ် သွားလာနေတဲ့ ခရီးသည်တင်ယာဉ်ငယ် ပျမ်းမျှအစီး ၃၀၀၊ ဘတ်စ်ကား ၁၅ စီးခန့် တစ်ပိုင်တစ်နိုင်ပစ္စည်းများပါရှိနိုင်ခြင်း၊ ဇုန်ရှောင်ကွင်းလမ်းနှစ်လမ်းမှ တစ်နေ့ပျမ်းမျှ ကုန်တင်ယာဉ်စီးရေ ၁၀၀ ခန့် သွားလာနေခြင်းများလည်း ရှိနေပါတယ်။ တရားမဝင်လုပ်ငန်းဆောင်ရွက်သူများအနေနဲ့ နယ်မြေလုံခြုံရေးအခြေအနေ အားနည်းချက်အပေါ် အခွင့်ကောင်းယူလုပ်ဆောင်နေကြသဖြင့် ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေးကို ထိခိုက်စေလျက်ရှိပါတယ်။

တရားမဝင်လုပ်ငန်းဆောင်ရွက်သူများအနေနဲ့ နယ်မြေလုံခြုံရေးအခြေအနေအားနည်းချက်ကို အခွင့်ကောင်းယူ၊ ငြိမ်းချမ်းရေးလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ မွန်၊ ကရင်ဒေသသုံးပစ္စည်းများ တင်သွင်းခြင်း၊ ပြည်တွင်းသို့တရားမဝင်သယ်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒေသအုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးအပ်ထားတဲ့ စစ်ဆေးရေးအဖွဲ့များကလည်း အဖွဲ့အစည်းများနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှုအခက်အခဲကြောင့် ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ကုန်သွယ်မှုပမာဏတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ တရားမဝင်သွားလာနေမှုများကို ထိရောက်စွာ တားဆီးဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် တရားမဝင်ဆောင်ရွက်သူများဟာ အတင့်ရဲပြီး ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြတာတွေ့ရပါတယ်။

တရားမဝင်သွားလာနေမှုများအား ထိထိရောက်ရောက် တားဆီးဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ထိုင်းနယ်စပ် မြဝတီ-မဲဆောက်မှာ နှစ်နိုင်ငံကုန်သွယ်မှုအား တရားဝင်သတ်မှတ်ထားတဲ့ တံတားပေါ်မှသာ သွားလာဖြတ်သန်းနိုင်ရေး၊ အခြား သောင်ရင်း မြစ်ကမ်းဂိတ်များမှ ကူးသန်းသွားလာမှုမရှိစေရေးအတွက် တစ်ဖက်နိုင်ငံမှ အဆင့်မြင့်တာဝန်ရှိသူများနဲ့ ညှိနှိုင်းဆောင်ရွက်ရန်နဲ့ တစ်ဖက်နိုင်ငံက တင်သွင်းလာတဲ့ ပစ္စည်းများအား မြဝတီမြို့တွင်းရှိ ဂိုထောင်များမှာ သိုလှောင်ခွင့်မပြုဘဲ၊ ကုန်သွယ်ရေးဇုန်ရှိ ပွဲရုံ၊ ဂိုထောင်များသို့တိုက်ရိုက်သယ်ဆောင်သိုလှောင်နိုင်ရေး၊ တံတားကျိုးရှိ စစ်ဆေးရေးဌာနများအနေနဲ့ ကုန်သွယ်ရေးဇုန်မှ ဖြတ်သန်းတဲ့ ခွင့်ပြုလိုင်စင်၊ ED/ID ပါရှိမှသာ ဖြတ်သန်းခွင့်ပြုရေး၊ သဃ်န်းညီနောင်-ကော့ကရိတ်-အာရှလမ်းသစ်မှ ကုန်တင်ယာဉ်များကို ဖြတ်သန်းခွင့်ပြုခဲ့သဖြင့် ကုန်တင်ယာဉ်များအား ထိန်းချုပ်စိစစ်နိုင်ရန်အတွက် တံတားကျိုးစစ်ဆေးရေးဂိတ်အား လမ်းဟောင်းလမ်း သစ်ဆုံရာသို့ ပြောင်းရွှေ့စိစစ်ဆောင်ရွက်ရေး၊ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ လုံခြုံရေးအဖွဲ့အစည်းများပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့များအနေနဲ့ ရှောင်ကွင်းလမ်းအား ပိတ်ဆို့တားဆီးခြင်း၊ Mobile Team အား လုံလောက်သော လုံခြုံရေးအင်အားနဲ့ ကော့ကရိတ် သို့မဟုတ် ဂျိုင်းတံတား သို့မဟုတ် ဘားအံမြို့နယ်၊ ဇာသပြင်နဲ့ ဘားအံလမ်းဆုံတို့မှ တားဆီးဆောင်ရွက်နိုင်ရေး ပြည်နယ်တာဝန်ရှိသူများနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှုသာ တရားမဝင်ကုန်စည်စီးဝင်နေမှု၊ FDA ထောက်ခံချက်မပါရှိသောအေးခဲအသားများ စီးဝင်နေမှုများကို တားဆီးသွားနိုင်မယ်လို့ မြေပြင်အဖွဲ့များထံက စုံစမ်းသိရှိရပါတယ်။

၂၀၁၂ ခုနှစ်ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ Mobile Team များမှ အများဆုံးဖမ်းဆီးရမိတဲ့ ကုန်ပစ္စည်းအမယ်များအနက် ခန့်မှန်းတန်ဖိုးကျပ် သန်းပေါင်း ၄၉၂၉ သန်းတန်ဖိုးရှိ ကျောက်စိမ်းနှင့် ကျောက်အမျိုးမျိုး၊ ကျပ်သန်းပေါင်း ၁၁၄၇၈ တန်ဖိုးရှိ မော်တော်ယာဉ်အမျိုးမျိုး၊ ကျပ်သန်းပေါင်း ၃၀၅၅ တန်ဖိုးရှိ မိုဘိုင်းဟန်းဆက်များ၊ ကျပ်သန်းပေါင်း ၁၃၂၅ တန်ဖိုးရှိ Ice ပုံဆောင်ခဲများ၊ ကျပ်သန်းပေါင်း ၂၄၀၃ သန်းတန်ဖိုးရှိ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ပါဝင်ကြောင်း သိရှိရပါတယ်။ **MIRT**

## FDA ထောက်ခံချက်မပါတဲ့ စားသောက်ကုန်များအား မီးရှို့ဖျက်ဆီး

နောင်ချိုမြို့အေးရှားဝေါတိုးဂိတ်အနီး ယာယီအခြေပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရာပူးပေါင်းအဖွဲ့ဟာ ဇူလိုင်လ ၁ ရက်နေ့တွင် သတင်းအရ ရှောင်ကွင်းလမ်းများအား ပိတ်ဆို့တားဆီးမှုပြုလုပ်ရာ စခန်းတောင်ဘက်ရှောင်ကွင်းလမ်းမှ နောင်ချိုဘက်သို့အထွက် ကွင်းလမ်းလမ်းထိပ်တွင် Super Custom 8I/xxxx ယာဉ်မှာ ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည်ကို စစ်ဆေးတွေ့ရှိရပါတယ်။ ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် တရုတ်နိုင်ငံထုတ် အေးခဲအသား/အသားတုံးကီလို ၂၉၀၀ ခန့်နှင့်ယာဉ်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပါတယ်။ အလားတူ ဇူလိုင်လ ၂၂ ရက်နေ့ ၁၈၃၀ ချိန်တွင် ဝင်ရောက်စစ်ဆေးခံတဲ့ မူဆယ်မှ မန္တလေးသို့ထွက်ခွာလာတဲ့ Hilux ယာဉ် (၈ဏ/xxxx)ပေါ်တွင်လည်း FDA ထောက်ခံချက်မပါရှိတဲ့ ခေါက်ဆွဲစိမ်းအိတ် ၂၀ နဲ့ကြာညို့ ၁၀ ဖာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။အဆိုပါသိမ်းဆည်းရမိ အေးခဲအသား၊ ခေါက်ဆွဲ စိမ်းနဲ့ ကြာညို့များကို အများပြည်သူစားသုံးရန်မသင့်တဲ့အတွက် တရုတ်နိုင်ငံထုတ် စားသောက်ကုန်များအား ဆက်စပ်ဌာနများဖြစ်တဲ့ OSS အဖွဲ့စုံဌာနတာဝန်ခံများ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်တယ်လို့သိရပါတယ်။ **MIRT**

## ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်စခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်မှ ၂၄ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၂၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန် ၂၃၀၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၆၄၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ကဏန်း ၂၈ တန်ခန့်၊ ငါးမျိုးစုံ ၄၅ တန်ကျော်၊ ပုစွန် ၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၀ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၄၄၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၅၀၂ တန်ကျော်၊ ငါးလေးခြောက် ၁၃ တန်ကျော်၊ ပုစွန် ၂ တန်ခန့်၊ ကင်းမွန် ၃ တန်၊ ကဏန်း ၁ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၁ တန်ကျော်နဲ့ ရေဘဝဲအနည်းငယ်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန်၃၄၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၆၅၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၃၈၀ တန်ကျော်၊ ငါးမှုန့်တန် ၃၀၀၊ ပုစွန် တန်၂၀ကျော်၊ ကင်းမွန် ၁ တန်ကျော်၊ သဲကဏန်း ၁တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၃၁၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ်**

## စစ်တွေကုန်သွယ်ရေးစခန်းက ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၁၆၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းက ဇူလိုင်လ ၁၈ ရက်မှ ၂၄ ရက်ထိ သီတင်းပတ်အတွင်း ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၁၆၀ ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၉၆ သန်းဖိုး တင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းဖိုးလျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်ပစ္စည်းကတော့ ရေချို(ငါးမြစ်ချင်း) ၈၄ တန်နဲ့ လယ်ယာ ထွက်ကုန်ပစ္စည်းများဖြစ်တဲ့ မန်ကျည်းစေ့ ၅၆ တန်၊ ချင်း(အစို) ၃ တန်၊ ကွမ်းသီး ၂ တန်နဲ့ စက်မှုကုန်ချောပစ္စည်း ဖြစ်တဲ့ ဆီးယိုထုပ် ၁၆ တန်တို့ကို တစ်ဘက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**တင်တင်ထွန်း**

## မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ သီဟိုဠ်စေ့ ၄၃ တန်ကျော် တင်ပို့နိုင်

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ဇူလိုင်လ ၁၈ ရက် မှ ၂၄ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၂၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ငါးတန်ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ- မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၃၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်တင်ပို့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာသုည ဒသမ ဝ၂၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ဝ၆၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ရှောင်ကွင်းလမ်းက မောင်းနှင်ထွက်ပြေးတဲ့ Pajero ယာဉ်နဲ့မြွေအရှင်များအား ဖမ်းဆီးရမိ

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့အနီး ယာယီအခြေပြု၍ စစ်ဆေးဆောင်ရွက်နေသော Mobile Team လရ-၁ အဖွဲ့ဟာ ဇူလိုင်လ ၂၅ ရက် ဝ၁း၃ဝ ချိန်မှာ ယာယီအခြေပြုစခန်းမြောက်ဘက် ရှောင်ကွင်းလမ်းသို့ Pajero အပြာရောင် တစ်စီးဝင်ရောက်သွားကြောင်းသတင်းပေးထံက သတင်း ရရှိခဲ့ပါတယ်။

တရားမဝင်ကုန်စည်သယ်ဆောင်သော ယာဉ်များဟာ ညဉ့်နက်ပိုင်းနဲ့ နံနက်စောစောပိုင်းတို့မှာ ရှောင်ကွင်းလမ်းများမှ သွားလာလေ့ရှိကြတယ်လို့ သိရပါတယ်။ သတင်းအရ Mobile Team မှ ရှောင်ကွင်းလမ်း ဝင်/ထွက်လမ်း အဝများမှာ ညဉ့်ပူးညဉ့်ပိတ်စောင့်ဆိုင်းပိတ်ဆို့တားဆီးနေစဉ် Pajero ယာဉ်ဟာလမ်းညာဘက် ပြောင်းဖူးခင်းအတွင်း မောင်းနှင်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။ရပ်ထားခဲ့သော ယာဉ်အား လယ်ထွန်စက်အသုံးပြုပြီး ပြောင်းခင်းထဲမှ ဆွဲထုတ်ကာ ယာယီအခြေပြုနေရာသို့သယ်ဆောင်လာပြီး စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။စစ်ဆေးရာမှာတော့ ပလတ်စတစ်ခြင်းများအတွင်းအဝတ်စများနဲ့ ချုပ်ထားတဲ့ အိတ်များထဲ၌ ထည့်ထားသော မြွေအရှင်မျိုးစုံကို တွေ့ရှိရတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ ဖမ်းဆီးရမိမြွေများအား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ခြင်းများထဲမှ မြွေဟောက်၊ မြွေပွေး၊ လင်းမြွေအရှည်စုံ အရှင် ၇၈ ကောင် ခန့်ရှိတယ်လို့သိရပါတယ်။ အဆိုပါမြွေများကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် တရားမဝင် သယ်ဆောင်လာကြစဉ် Mobile Teamမှ တားဆီးနိုင်ခဲ့တာဖြစ်ပါတယ်။ **MIRT**



## ဂျူတီမဲ့နဲ့ ဂျူတီပိုတင်ဆောင်လာတဲ့ကုန်ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း

ညောင်ခါးရှည် အခြေပြု Mobile Team လရ-၂ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် မြဝတီဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာတဲ့ ခရီးသည်တင်မှန်လုံယာဉ်နဲ့ သွင်းကုန်ဂျူတီယာဉ်များအား စစ်ဆေးမှုများပြုလုပ်ရာ ဇူလိုင်လ ၁၃ ရက်မှ ၁၅ ရက်ထိ ဂျူတီမဲ့ယာဉ် ငါးစီးနဲ့ ဂျူတီပိုယာဉ်သုံးစီးကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိဂျူတီမဲ့ အကောက်ခွန်မဲ့ကုန်ပစ္စည်းများကတော့ ကားအပိုပစ္စည်းများ၊ PSI စလောင်းဆက်စပ်ပစ္စည်းများ၊ SPY ဝိုင်၊ အချိုမှုန့်၊ ငံပြာရည်၊ ငါးသေတ္တာ၊ အမွှေးဆီ၊ ဆပ်ပြာမှုန့်၊ ပဲနို့၊ M-150၊ Lip Vitan D တို့ဖြစ်ပြီး ဂျူတီပိုပစ္စည်းများကတော့ ကြက်သားမှုန့်၊ ဂျယ်လီ၊ ပဲနို့၊ နို့စိမ်း၊ Sprite အချိုရည်၊ ထီးအဟောင်းမျိုးစုံ၊ သုံးဘီး (တာယာ+ကျွတ်)များဖြစ်ပါတယ်။

သိမ်းဆည်းရမိ ဂျူတီမဲ့နဲ့ ဂျူတီပိုပစ္စည်းများအား အကောက်ခွန်မဲ့စစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## လမ်းဘေးတောစပ်မှာ စုပုံထားတဲ့ သစ်ချသစ်ခွဲသားများ တာချီလိတ် Mobile Team မှ သိမ်းဆည်းရမိ

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးစီးသော OSSအဖွဲ့နဲ့ မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးဦးစီးအဖွဲ့ဟာ သတင်းအရ ဇူလိုင်လ ၂၅ ရက် ၁၄း၂၅ ချိန်ခန့်က မိုင်းဖြတ်-မိုးဆတ်လမ်းကြောင်းအား ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ မိုင်းဖြတ်မြို့မှ ၁၅ မိုင်ခန့်အကွာ မိုင်းဟဲဘိနယ် လမ်းဘေးတောစပ်၌ တရားမဝင်စုပုံထားတဲ့ သစ်ချသစ်ခွဲသား ၄၂ ချောင်းအား ရှာဖွေတွေ့ရှိခဲ့ရပါတယ်။သိမ်းဆည်းရမိသစ်ချသစ်ခွဲသား ၄၂ ချောင်းအား မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနမှာအဖွဲ့နဲ့ အသေးစိတ်တိုင်းတာမှုပြုလုပ်ပြီးနောက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထိန်းသိမ်းသွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ဓာတ်မြေဩဇာ၊ စားသောက်ကုန်နဲ့ ဘီယာများကို သိမ်းဆည်းရမိ

ညောင်ခါးရှည်အခြေပြု Mobile Team လရ-၂ အဖွဲ့သည် ဇူလိုင်လ ၂၂ ရက်မှ ၂၃ ရက်နေ့ထိ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများ ကျပ် ၁၈၆ ဒသမ ၅၃ဝ သိန်းဖိုးကို အကောက်ခွန်အမှုတွဲ ၃ ခုဖွင့်လှစ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။ အကောက်ခွန်မဲ့စစ်ဆေးတွေ့ရှိတဲ့ ပစ္စည်းများကတော့ TV 36" (used)၊ ဆပ်ပြာမှုန့်၊ သကြား၊ Queen အချိုရည်၊ Lip၊ Sprite၊ ခေါက်ဆွဲခြောက်၊ ပေပါခွံ၊ မ-စီးဖိနပ်၊ ဓါတ်မြေဩဇာနဲ့ ဘီယာများ ဖြစ်ပြီးလုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက် ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ **MIRT**

## ဆူးလေမြေပြင်ချစစ်ဆေးရေးအဖွဲ့မှ ID လွဲနဲ့ ID ထက်ပိုမိုတင်ဆောင်လာတဲ့ အကောက်ခွန်မဲ့ပစ္စည်းများတွေ့ရှိ

ညောင်ခါးရှည်အခြေပြုလရ-၂ အဖွဲ့မှ မြေပြင်ချဆူးလေစစ်ဆေးရေးအဖွဲ့သို့ ပေးပို့လာသော ယာဉ်ခုနစ်စီးအနက် 8E/xxxx ယာဉ်အားစစ်ဆေးပြီး နောက် MINI FAST ID တွင် ကုန်ပစ္စည်း ၃၅ မျိုးပါရှိပြီး ၂၈ မျိုးမှာ အမျိုးအမည်အရေအတွက် မှန်ကန်မှုရှိပြီး ကျန် ITEM ခုနစ်မျိုးထဲမှ ID တွင် Head Lamp ဟုဖော်ပြထားသော်လည်း မြေပြင်တွင်ချစစ်ဆေးရာမီးသီးအသေးအား အမယ်လွဲတင်ဆောင်လာသည်ကို စိစစ်တွေ့ရှိရပါသည်။

ကျန် Item ခေါက်မျိုးမှာလည်း ID တွင် ဖော်ပြထားသည်ထက် ပိုမိုတင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ ကျန် ခုနစ်စီးအား ဆက်လက်၍အသေးစိတ်စိစစ်နေဆဲဖြစ်ပါတယ်။ **MIRT**

## တစ်ဖက်နိုင်ငံမှ ဝင်လာတဲ့ ဆိုင်ကယ်ပေါ်မှ ရွှေတုံး ၂ဝခန့် မူဆယ် Mobile Team က သိမ်းဆည်းရမိ



ဇူလိုင်လ ၂၈ ရက် ၁ဝး၃ဝ ချိန် မူဆယ်မြို့ ဆင်ဖြူကိုတ်မှ သတင်းအရ အသွင်ယူစောင့်ဆိုင်းစဉ် တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာတဲ့ တစ်ဖက်နိုင်ငံယာဉ်မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ် 4N/xxx အား တားဆီးစစ်ဆေးမှု ပြုလုပ်စဉ် ဆိုင်ကယ်စီးနှင်းလာသူ နှစ်ဦးမှာ ဆိုင်ကယ်ကိုထားပြီး ထွက်ပြေးလွတ်မြောက်သွားပါတယ်။

Mobile Team မှ အဖွဲ့စုံနဲ့အသေးစိတ်ရှာဖွေခဲ့ရာ ခန့်မှန်းတန်ဖိုးကျပ်သိန်း ၈၄ဝဝ ကျော်တန်ဖိုးရှိ ရွှေတုံး အတုံး ၂ဝ (၁၉ ဒသမ ၄၄၂ ကီလိုဂရမ်) ကို Cycle Tool Box အတွင်းမှာရှာဖွေတွေ့ရှိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့်လှစ်၍ ရွှေတုံးများနဲ့ ဆိုင်ကယ်တို့အား မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ Mobile Team အဖွဲ့ကအပ်နှံထားပြီး ဖြစ်တယ်လို့သတင်းရရှိပါတယ်။ **MIRT**

## လမ်းဘေးတွင်စုပုံထားတဲ့ ကျွန်းတံခါးချပ်များအား မန္တလေး Mobile Team အဖွဲ့မှ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

မိုးကုတ်-မတ္တရာ-မန္တလေးကုန်းလမ်းကြောင်း မတ္တရာမြို့အဝင်လမ်းဆုံ၌ Mobile Team လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ မန္တလေး Mobile Team အဖွဲ့သည် ဇူလိုင်လ ၂၄ ရက် ၁ဝး၀၀ ချိန်တွင် (ပန်းယျ-ကံပိုင်-အိုးဘို) မတ္တရာမြို့ ရှောင်ကွင်းလမ်းအား လှည့်လည်စစ်ဆေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

ယင်းသို့ စစ်ဆေးစဉ် ပန်းယျကျေးရွာအနီးလမ်းဘေး၌ စုပုံထားတဲ့ ကျွန်းတံခါးရွက် ၂၅ ချပ်၊ ကျွန်းတံခါးမကြီး ငါးချပ်၊ ကျွန်းတံခါးအသေး ငါးချပ်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ ကျွန်းတံခါးချပ်များအား မတ္တရာမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနဲ့ အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ **MIRT**

## ဓာတ်မြေဩဇာအိတ်များနဲ့ ရောနှောတင်ဆောင်လာတဲ့ အကောက်ခွန်မဲ့ ဆိုင်ကယ် ကိုးစီးအား လရ-၁ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် မူဆယ်မှ မန္တလေးသို့ထွက်ခွာလာတဲ့ ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်နဲ့ ကိုယ်ပိုင်ယာဉ်များအား စစ်ဆေးမှု ပြုလုပ်စဉ် ဇူလိုင် ၁၃ ရက်နဲ့ ၁၄ ရက်တွင် ဖြတ်သန်းလာသော 6C/xxxx နဲ့ 9G/xxxx ယာဉ်အားစစ်ဆေးခဲ့ပါတယ်။ ယာဉ်များပေါ်မှ သွင်းကုန်ဂျူတီဖြင့် တင်သွင်းလာတဲ့ ဓာတ်မြေဩဇာအိတ်များပေါ်တွင် တင်ဆောင်လာတဲ့ တရုတ်နိုင်ငံထုတ် အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ်ကိုးစီးကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ အဆိုပါ တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းလာတဲ့ ဆိုင်ကယ်များအား လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်း ပေးအပ်သွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# r|ak a&x u
# ကယား – မယ်ဟောင်ဆောင်
## u kef p n jyyG

|မောင်မောင်အေး· လှိုင်ကော်|










ဒီရက်ပိုင်းအတွင်း မုတ်သုံကလည်း အားကောင်းပြီးရင်းကောင်းနေတော့ တစ်နိုင်ငံလုံးလိုလိုမှာ နေရာအနှံ့ မိုးတွေရွာသွန်းနေပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့မှာလည်း ဒီတစ်ပတ်အတွင်းမှာ ဖွဲဖွဲရွာလိုက် သဲသဲရွာလိုက်နဲ့ နေ့ရာညပါ မိုးကောင်းနေခဲ့ပါတယ်။ မြို့ရဲ့လမ်းဆုံလမ်းခွ လူစည်ကားရာ နေရာတွေမှာတော့ မြန်မာနိုင်ငံ ကယားပြည်နယ်နဲ့ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ပြည်နယ်တို့ ချစ်ကြည်ရေး ဘောလုံးကစားကြမယ်၊ ဒေသထွက်ကုန်ပြပွဲလည်း ပြုလုပ်မယ်၊ မည်သူမဆိုလာရောက် ကြည့်ရှုအားပေး နိုင်ပါတယ်လို့ ကြေညာထားပါတယ်။

မှန်ပါတယ်။ မိုးရာသီ၊ မိုးတွင်းကာလမှာ မိုးရွာတာကလည်း မိုးရဲ့တာဝန်ပဲဖြစ်သလို ကယားပြည်နယ်၊ လွိုင်ကော်မြို့က ကျောင်းအားကစားကွင်းနဲ့ မြို့တော်ခန်းမမှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေကလည်း မိုးကိုမမှုဘဲ သူတို့တာဝန်ကို သူတို့ကျေပွန်အောင်ထမ်းဆောင်နေကြပါတယ်။

ကယားပြည်နယ်ဟာ ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်း ငြိမ်းချမ်းတည်ငြိမ်ပြီးကတည်းက အိမ်နီးချင်းတို့ ထုံးစံအတိုင်း မယ်ဟောင်ဆောင်ပြည်နယ်နဲ့ နှစ်အိမ့်တစ်အိမ်လို ကိုယ်စားလှယ်အဖွဲ့တွေ၊ ဝန်ထမ်းအဖွဲ့တွေ၊ ကုန်သည်အဖွဲ့တွေ၊ အစိုးရတာဝန်ရှိသူတွေ ဦးဆောင်ပြီး အပြန်အလှန်ဝင်ထွက်သွားလာ လည်ပတ်နေကြပါတယ်။

ခုလည်း ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်အုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ဟာ ဇူလိုင်လ ၂၅ ရက်နေ့က လွိုင်ကော်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ချစ်ကြည်ရေးဘောလုံးလည်း ကစားကြမယ်၊ ယဉ်ကျေးမှု အကတွေလည်း အပြန်အလှန်ကပြဖျော်ဖြေကြမယ်၊ နှစ်နိုင်ငံဒေသထွက်ကုန်စည်ပြပွဲလည်း ပြုလုပ်ကြမှာ ဖြစ်ပါတယ်။ အဲဒီနေ့ ညနေ ၄း၀၀ နာရီက လွိုင်ကော်မြို့ကျောင်းသားပွဲတော် အားကစားကွင်းမှာ မယ်ဟောင်ဆောင်ခရိုင်ဘောလုံးအသင်းနဲ့ လွိုင်ကော်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြတာ လွိုင်ကော်ခရိုင် အသင်းက နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရရှိခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ လွိုင်ကော်မြို့တော်ခန်းမအတွင်းမှာ နှစ်နိုင်ငံဒေသထွက်ကုန်စည်ပြပွဲအတွက် ခင်းသူခင်း၊ ကျင်းသူကျင်း၊

**ကယားပြည်နယ်နဲ့ မယ်ဟောင်ဆောင်ပြည်နယ်တို့အား ညီအစ်မမြို့များအဖြစ် ပြည်သူတွေရဲ့ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးများ ဆက်စပ်တိုးချဲ့လုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာများလည်း ရေးထိုးဖို့ အစီအစဉ်ရှိ**

ပြသူပြ၊ သသူသ၊ ပြင်သူပြင်နဲ့ အလုပ်များနေကြပါတယ်။ ပြခန်းပေါင်း ၃၀ ရှိပြီး၊ ထိုင်းနိုင်ငံမှ ပြခန်း ၂၀ နဲ့ မြန်မာမှ ၁၀ ခန်း ပြသမှာဖြစ်ပါတယ်။

မြန်မာဘက်မှ ကယားပြည်နယ်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်အသင်းအဖွဲ့များ၊ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ကယားပြည်နယ်ထွက်သတ္တုများ၊ ကယားပြည်နယ် ရက်ကန်းအတတ်သင်ကျောင်းနဲ့ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ချည်ထည်ထွက်ကုန်များ၊ စက်မှုရပ်ကွက်များမှ ထုတ်ကုန်များ၊ ကယားပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မိုးကုတ်သဘာဝကျောက်မျက်များနှင့် ပန်းချီများ၊ အရှေ့သံလွင်ကုမ္ပဏီမှ သစ်အချောထည်များ၊ ပရိဘောဂနှင့်ပါကေးအခင်းများ၊ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းမှ ပို့ကုန်များ၊ ကယားပြည်နယ်၏ တမ်းတဖွယ်ရာ ရှုမြော်ခင်းဓါတ်ပုံများ စသည်ဖြင့် ဝေဝေဆာဆာခင်းကျင်းပြသရန် စီစဉ်ထားပါတယ်။

ထိုင်းနိုင်ငံဘက်မှ အဓိကဦးဆောင်အဖွဲ့ဖြစ်တဲ့ OTOP (One Tambon One Product) ကထုတ်လုပ်တဲ့ ရိုးရာချည်ထည်များ၊ အဝတ်အထည်နှင့် အကျီလုံချည်များ လက်မှုအနုပညာ အမှတ်တရလက်ဆောင်များ၊ လက်မှုချည်ထည်ပိုက်ဆံအိတ်များ၊ ဖိနပ်များ၊ သစ်အခြေခံစားသောက်ကုန်၊ နှမ်းဆီ၊ လိမ်းဆေး၊ ကျန်းမာရေး၊ ဆန်လုံးညိုနှင့်ကောက်ညှင်းဆန်၊ အော်ဂဲနစ်ကော်ဖီမှုန့်၊ လက်တွေ့ဖျော်သောက် ကော်ဖီမှုန့်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ဝက်အူများ၊ သွပ်မိုးများ၊ မိုဘိုင်းတယ်လီဖုန်းဟန်းဆက်များ၊ တက်ဘလက်များ စတဲ့ကုန်ပစ္စည်း မျိုးစုံပါဝင် ခင်းကျင်းရောင်းချကြတာ တွေ့ရပါတယ်။ မယ်ဟောင်ဆောင်ခရိုင်မှ လုပ်ငန်းရှင် စုစုပေါင်း ၇၈ ဦးဟာ မော်တော်ယာဉ် ၁၃ စီးနဲ့ လာရောက်ခဲ့ကြပါတယ်။

ဇူလိုင်လ ၂၆ ရက်နေ့ နံနက် ၉း၀၀ နာရီမှာတော့ မိုးထဲရေထဲမှာပဲ ကယားပြည်နယ် အစိုးရဝန်ကြီးချုပ်၊ မယ်ဟောင်ဆောင်ပြည်နယ် အုပ်ချုပ်ရေးမှူး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့က နှစ်နိုင်ငံဒေသထွက်ကုန်ပစ္စည်း၊ ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးခဲ့ကြပါတယ်။

အဲဒီနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်အစိုးရ ဝန်ကြီးချုပ် ဦးခင်မောင်ဦးက မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တရားဝင်ဖွင့်လှစ်နိုင်ရေး မြန်မာဘက်မှ OSS အဖွဲ့များအား တာဝန်များ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ မယ်ဟောင်ဆောင် အုပ်ချုပ်ရေးမှူးအနေနဲ့လည်း အဆိုပါ လမ်းကြောင်းအား အမြန်ဆုံးဖွင့်လှစ်နိုင်ရန်အတွက် ထိုင်းအစိုးရကို တိုက်တွန်းပေးစေလိုကြောင်း၊ ဖွင့်လှစ်ဖြစ်ပါက ကုန်စည်ကူးသန်း သွားလာမှုသာမက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုပါ အထောက်အကူဖြစ်စေပြီး၊ ပြည်နယ်နှစ်ခုလုံး ဝင်ငွေတိုးစေ မှာဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် NES ရဲ့ အစီအမံနဲ့ ITC မှ ပြည်ပ ပညာရှင်များက သုံးနှစ်စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားခဲ့ပါတယ်။

မယ်ဟောင်ဆောင်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Surapot Panusampol ကလည်း B.P.13 နဲ့ အနီးဆုံး ကျေးရွာဖြစ်တဲ့ ဟွေးတနုံးရွာမှာ နယ်စပ်ကုန်နှင့်လူစစ်ဆေးရေးစခန်းများ ဆောက်လုပ်ထားပြီးဖြစ်ကြောင်း၊ ၉ ကီလိုမီတာရှိသည့်လမ်းအား ပြင်ဆင်ရန်အတွက် တင်ပြထားပါကြောင်း၊ မယ်ဟောင်ဆောင်မှာရှိတဲ့ ထိုင်းဘုရင့်စီမံကိန်းများကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံ၊ လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင် ဆောင်မြို့တို့အား ဆက်သွယ်ရေးလွယ်ကူစေရန် လေကြောင်းများ တိုက်ရိုက်ချိတ်ဆက် ပျံသန်းခွင့်ရလိုကြောင်း၊ မယ်ဟောင်ဆောင်ပြည်နယ်အတွင်း တစ်နှစ်ပတ်လုံး နိုင်ငံခြားသားခရီးသွားဧည့်သည်ပေါင်း သိန်း ၅၀၊ ၆၀ ခန့်ရှိရာ အဆိုပါခရီးသွားများအား လွိုင်ကော်ဘက်သို့ ခရီးချဲ့ထွင်စေလိုကြောင်း၊ ကယားပြည်နယ်နဲ့ မယ်ဟောင်ဆောင်ပြည်နယ်တို့အား ညီအစ်မမြို့များအဖြစ် ပြည်သူတွေရဲ့ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးများ ဆက်စပ်တိုးချဲ့လုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာများလည်း ရေးထိုးဖို့ အစီအစဉ်ရှိကြောင်း ယင်းတို့အတွက် လိုအပ်သည်များကို ထိုင်းအစိုးရထံ တင်ပြပြီး တစ်ခေါက်ထက်တစ်ခေါက် ပိုမိုကောင်းမွန်တိုးတက်အောင် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။

မယ်ဟောင်ဆောင်ပြည်နယ်ဘောလုံးအသင်းဟာ လွိုင်ကော်ဘောလုံးသင်းကို ရှုံးခဲ့ပေမယ့်မြို့တော်ခန်းမ ကုန်စည်ပြပွဲမှာတော့ မယ်ဟောင်ဆောင်ပြည်နယ်က အနိုင်ရရှိခဲ့ပါတယ်။ အဆိုပါ ကုန်စည်ပြပွဲ စတင် ဖွင့်လှစ်သည် နေ့က လွိုင်ကော်မှ ဈေးဝယ်သူ အတော်များများဟာ စည်စည်ကားကား လာရောက်ဝယ်ယူအားပေးခဲ့ကြတာကြောင့် ထိုင်းနိုင်ငံမှ လာရောက်ပြသတဲ့ကုန်စည်များ အားလုံးရောင်းချခဲ့ ရပါတယ်။ မြန်မာပြခန်းဘက်မှာလည်း ကျောက်စီယွန်းပန်းချီကား၊ အဝတ်အထည်များ၊ မြန်မာဘီယာဘူးများလည်း ရောင်းခဲ့ရပါတယ်။

ထိုင်းနိုင်ငံမှ ကုန်သည်တွေကို ကုန်စည်ပြပွဲနဲ့ပတ်သက်တဲ့အကြောင်းတွေကို စုံစမ်းမေးမြန်းခဲ့ရာမှာ မြန်မာလူမျိုးတွေရဲ့ ဝယ်နိုင်စွမ်းအားကို အသိအမှတ်ပြုသွားတယ်လို့ ဆိုပါတယ်။ ထပ်မံပြသမယ့် ကုန်စည်ပြပွဲတွေမှာလည်း ကုန်ပစ္စည်း စုံစုံလင်လင်နဲ့ ထပ်မံလာရောက်ပါဦးမယ်လို့ မယ်ဟောင်ဆောင်ကုန်သည်တွေက စကားစရုံသတ် သွားတဲ့အတွက် ဈေးဝယ်ဖို့အတွက်ကိုပဲ ဝါသနာပါမနေကြဘဲ၊ ကိုယ့်ဘက်က ထုတ်ကုန်တွေ၊ ပစ္စည်းတွေ သူတို့ဝယ်သွားချင်အောင်လည်း တီထွင်ထုတ်လုပ်ဖန်တီးခင်းကျင်းပြသရောင်းချကြဖို့ကိုလည်း လွိုင်ကော်ကုန်သည်များကို မှာကြားလိုက်ရပါတယ်။

# Trade Development Programme (TDP) Project ကော်မတီ၏ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme –TDP) ၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမသစ်၊ရုံးအမှတ်(၃)၊ နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့၌ Trade Development Programme (TDP) Project ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ အဆိုပါအစီအစဉ်၏ စီမံကိန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးညွန့်အောင် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။



အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ ကော်မတီဝင်များ ၊ GIZ အဖွဲ့မှ ကျွမ်းကျင်ပညာရှင်များအပါအဝင် စုစုပေါင်း အင်အား ၂၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ညှိနှိုင်းအစည်းအဝေးတွင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်နှင့် GIZ ၏ စီမံချက်ဆိုင်ရာ အကြီးတန်းခေါင်းဆောင် Ms. Irina Scheffmann တို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် TDP စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုများနှင့် လုပ်ငန်းအစီအစဉ်များအား တရားဝင်စတင်နိုင်ရန် ပြုလုပ်ထားသော ကနဦးအစီရင်ခံစာအား အတည်ပြုဆွေးနွေးသွားကြရန်နှင့် ၎င်းစီမံချက်ပါ ချမှတ်ထားသောလုပ်ငန်းစဉ်များအား ကူညီဖော်ဆောင်နိုင်ရေးအနီးကပ်လက်တွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ TDP စီမံကိန်းအောင်မြင်မှုရရှိပါက ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဌာနများသာမက မိတ်ဖက်အဖွဲ့အစည်းများအတွက်လည်း အကျိုးဖြစ်ထွန်းနိုင်ပါကြောင်း၊အဖွဲ့အစည်းများနှင့် Stakeholders များအား တာဝန်ယူမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်စေလိုပါကြောင်း၊ တက်ရောက်လာသည့် ကော်မတီဝင်များအနေဖြင့် အကြံဉာဏ်နှင့် အတွေ့အကြုံများ မျှဝေဖလှယ်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် GIZ အဖွဲ့မှ စီမံချက် Report နှင့် လုပ်ငန်းစဉ်ဇယားတို့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်ပုဂ္ဂိုလ်များမှ စီမံချက် Report အား အတည်ပြုခဲ့ပြီး မိမိတို့ဌာန၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးအကြံပြုချက်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်အား TDP လုပ်ငန်းစဉ်ဇယားတွင် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးသည် ကုန်သွယ်မှုဖွံ့ဖြိုးတိုး တက်ရေးအစီအစဉ်ဖြစ်သော (Trade Development Programme – TDP)၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ဥရောပသမဂ္ဂအဖွဲ့(EU)နှင့် ဂျာမနီသမ္မတနိုင်ငံတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Trade Development Programme (TDP) ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်ကြာဆောင်ရွက်မည့် စီမံကိန်းတစ်ခုအ နေဖြင့်ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်ပါသည်။ TDP အစီအစဉ်ကို GIZ အဖွဲ့မှ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် Focal Ministry အဖြစ် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြစ်သော (Trade Development Programme –TDP) တွင် ကုန်သွယ်မှုမူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် အကောက်ခွန်ဆိုင်ရာ၊အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် Sanitary and Phytosanitary Standards ဆိုင်ရာနှင့် အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍလေးရပ် ဖွံ့ဖြိုးတိုးတက်ရေးအား ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်ပစ္စည်းအမယ်များ (Negative List) ကြေညာ

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလျင်မြန်လျော့မွေ့စေရေးအတွက် လိုင်စင်လျှောက်ထားရန် မလိုသော ကုန်ပစ္စည်းအမယ်များအား ထုတ်ပြန်ကြေညာပြီး ဖြေလျှော့မှုများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ပြီးနောက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃)နှင့် (၃၃/၂၀၁၃) တို့ဖြင့် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုးတို့ကို ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုဘဲ တင်ပို့၊ တင်သွင်းခွင့်ပြုခဲ့ပါတယ်။ ထို့အပြင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ ပိုမိုလွယ်ကူရှင်းလင်းစွာဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင်အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) ဖြင့် သွင်းကုန်ပစ္စည်း ၁၆၆ မျိုးကို H.S Code လိုင်းပေါင်း ၁၉၂၆ လိုင်းဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါတယ်။

ထပ်မံ၍ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုသော သွင်းကုန်ပစ္စည်း ၁၆၆ မျိုးအတွက် H.S Code လိုင်းပေါင်း ၁၉၂၆ လိုင်းအပြင် H.S Code လိုင်းပေါင်း ၁၅၃ လိုင်း ထပ်ပေါင်း၍ စုစုပေါင်း ၂၀၇၉ လိုင်းအား သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုသော ပစ္စည်းများအဖြစ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄) ဖြင့် ထပ်မံ၍ အသိပေးထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ WTO ၏ Agreement on Import Licensing Procedures အရ လည်းကောင်း၊ အာဆီယံနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများအရလည်းကောင်း လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယခင်လိုင်စင်လျှောက်ထားရန် မလိုသည့် ကုန်စည်စာရင်းများကို ထုတ်ပြန်ကြေညာခြင်း အစား မြန်မာနိုင်ငံ၏ HS Code 2012 Version အရ ကုန်စည်လိုင်းပေါင်း ၄၄၀၅ လိုင်းအား သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်စာရင်း (Negative List) အဖြစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါ တယ်။ ၎င်းအရ ကျန်ရှိသည့် သွင်းကုန်အမယ် ၅၀၀၀ ခန့်ကို လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်သွင်းနိုင်ပြီး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ Negative List ကို စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ website ဖြစ်သော www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါတယ်။

ထို့အပြင် ယခင်ထုတ်ပြန်ထားသည့် သွင်းကုန်လိုင်စင်ရယူရန် မလိုသော ကုန်စည်လိုင်းအချို့အား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ရက်ပေါင်း ၉၀ ပြည့်မြောက်ပါက သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ပြီး ယခုထုတ်ပြန်သော အမိန့်စာသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့မှ စတင်၍ အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ယခင်ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃)၊ (၃၃/၂၀၁၃)၊ (၇၂/၂၀၁၃) နှင့် (၃၈/၂၀၁၄) များအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

■

## ပြောင်း

### ပြောင်းတင်ပို့မှု ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၁၈ ရက်မှ ၂၄ ရက်အတွင်း ကန်ဒေါ်လာ ၅ ဒသမ ၇၇၂ သန်းဖိုးရှိ ပြောင်းတန်ချိန် ၁၉၂၄၀ ကိုလည်းကောင်း၊ လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၅၈၀ သန်းဖိုးရှိ ပြောင်းတန် ၂၀၀၀ ကိုလည်းကောင်း၊ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းဖိုးရှိ ပြောင်း ၅ တန်ကျော်ကိုလည်းကောင်း အသီးသီး တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၃၁၀၀ တန်၊ လွယ်ဂျယ်မှ တန် ၃၀၀၀ နဲ့ ကန်ပိုက်တီးမှ တန် ၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ပြောင်းတင်ပို့မှု ၅၀၅၅ ကျော်ပိုမိုလာတာ တွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ် ပြောင်း တစ်တန်ကို မိမိဖက်ဈေး ၃၇၅၅၄၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာတော့ ၂၇၅၀၂၁ ကျပ်သို့ ဈေးကျဆင်းသွားခဲ့ပါတယ်။ လားရှိုးမှာ ပြောင်းသီးနှံဝယ်နေတဲ့ ကုန်သည်တွေက တရုတ်ဘက်မှာ အဖမ်းအဆီးရှိနေတယ်ဆိုတာကြောင့် မူဆယ်ကုန်စည်ဒိုင်မှာ သိုလှောင်ထားကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၁၀၀၀ ကီလိုကို ၁၇၀၀ ယွမ်ဈေးရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

### မိုးပြောင်းလက်ကျန်နည်းလာပြီဖြစ်တဲ့ ရှမ်းပြောင်းဈေးကွက်

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပြောင်းလက်ကျန်နည်းလာပြီး ပေါ်ကာစက တည်းက အရောင်းအဝယ် သွက်လာတဲ့ပြောင်းက အခုအချိန်ထိသွက်နေတုံးပါပဲ။ တောင်ကြီး၊ ရပ်စောက်၊ တောင်နီ၊ ဆီဆိုင်၊ ဟိုပုံးစတဲ့ ပြောင်းအဓိကထွက်တဲ့ မြို့နယ်တွေက ပြောင်းတွေလည်း တောင်ကြီးဈေးကွက်ကိုဝင်ပြီး၊ အဲဒီကမှတဆင့် ရန်ကုန်၊ မန္တလေး၊ မူဆယ်ကိုစီးဆင်းသွားသလို တက်ချောင်စတဲ့ တိရစ္ဆာန်အစာစပ်စက်ရုံတွေလည်း အများအပြား ဝယ်ယူကြပါတယ်။

မိုးပြောင်းတွေက စိုက်ဧကများသလို အထွက်လည်းများပါတယ်။ အခုနောက်ပိုင်းမှာ အခြားသီးနှံ တွေဖြစ်တဲ့ ကြက်သွန်ဖြူ ပဲပုပ်စတဲ့သီးနှံတွေက ဈေးကွက်ပျက်လာတော့ ပြောင်းကိုအစားထိုးပြီး စိုက်ကြလို့ စိုက်ဧက ကလည်း ပိုပြီးများလာပါတယ်။ ရှမ်းပြောင်းကို စီပီကုမ္ပဏီက တိရစ္ဆာန်အစာအတွက် တစ်နှစ်ကိုပိဿာတန်ချိန် သောင်းချီပြီး ဝယ်ယူလေ့ရှိပါတယ်။

အခုလောလောဆယ်တော့ တောင်ကြီးပြောင်း ဈေးကွက်မှာ ပြောင်း လက်ကျန်တွေနည်းလာပါပြီ။ တောင်ကြီး တစ်ခရိုင်လုံးမှာမှ ပိဿာချိန်တန်တစ်သိန်း ခန့်သာ ကျန်တော့တယ်လို့လည်း ဒေသခံကုန်သည်တွေထံမှ သိရပါတယ်။ ဒီမိုးပြောင်းတွေကုန်သွားရင် ရေသွင်းပြောင်းတွေလည်း ဈေးကွက်ကို ဝင်လာတော့မှာဖြစ်ပါတယ်။ ရေသွင်းပြောင်းတွေက ၈ လပိုင်းကုန် ၉ လပိုင်းမှာစပြီး ဝင်လာတော့မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာ ၅၀၀ ကျပ်၊ ၅၁၀ ကျပ်ဈေးရှိပြီး သန့်ပြီးသား စီပီကုမ္ပဏီမှဝယ်တဲ့ပြောင်းက ၅၃၅ ကျပ်ဈေးရှိပါတယ်။

**ဇခိုင်-တောင်ကြီး**

## သကြား



### သကြားဈေး အနည်းငယ်မြင့်တက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးစခန်းမှ တစ်ဖက် တရုတ်နိုင်ငံသို့ သကြားများတင်ပို့လျက်ရှိပါတယ်။ဇူလိုင်လ ၁၈ ရက်မှ ၂၄ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၉၇ သန်းတန်ဖိုးရှိ သကြားဖြူ ၁၁၆၁ တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခင်သီတင်းပတ်ထက် သကြားဖြူ ၃၂၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပြည်တွင်းမှာ သကြားဈေးအနည်းငယ်တက်နေပြီး ယခင်သကြား တစ်ပိဿာ ပေါက်ဈေး ၁၂၀၀ ကျပ်ရှိနေရာမှ ယခု ၁၂၅၀-၁၃၀၀ ကျပ်ကြား ဈေးရှိတယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

## ရော်ဘာ

### နယ်စပ်ရော်ဘာဈေး ဆက်လက်မြင့်တက်လျက်ရှိ

မြန်မာ့ရော်ဘာကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိတဲ့ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်လ ၁၈ ရက်မှ ၂၄ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၆၆၆ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ တန် ၁၁၈၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်မှ RSS-1 တန် ၃၀၊ RSS-3 ၆၈၆ တန်ခန့်၊ MSR- 20 ၁၈၂ တန်ကျော်၊ MSR- 50 ၃၂ တန်ကျော်နဲ့ စုစုပေါင်း တန် ၉၃၀ ကျော် တင်ပို့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၂၀၀ ကျော်လျော့နည်းခဲ့ပါတယ်။

လွယ်ဂျယ်စခန်းမှ RSS-3 တန် ၂၀၀ တင်ပို့ပြီး ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့ပါဘူး။ ချင်းရွှေဟော်စခန်းမှ RSS-3 တန် ၃၀ နဲ့ MSR- 50 တန် ၂၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၀ လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်နဲ့ ချင်းရွှေဟော်စခန်းများမှ တင်ပို့မှုလျော့ကျသော်လည်း လွယ်ဂျယ်မှ တင်ပို့နိုင်ခဲ့တဲ့အတွက် တရုတ်နိုင်ငံကို ရော်ဘာတင်ပို့မှုမှာ ယခင်တစ်ပတ်ထက် တန် ၃၀ ခန့်သာ လျော့နည်းခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာပေါက်ဈေးကတော့ ယခုတစ်ပတ်မှာလည်း ဆက်လက်မြင့်တက်နေကြောင်း သိရှိရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလဆန်းပိုင်းက မူဆယ်ကုန်စည်ဒိုင်ရဲ့ ထုတ်ပြန်တဲ့ဈေးနှုန်းအရ RSS-3 တစ်တန်ရဲ့ ပေါက်ဈေးဟာ ၁၄၄၂၂၃၅ ကျပ်၊ မေလဆန်းပိုင်းက ၁၄၉၅၈၄၁ ကျပ်၊ ဇွန်လဆန်းပိုင်းက ၁၅၆၅၀၉၃ ကျပ်၊ ဇူလိုင်လဆန်းပိုင်းက ၁၇၂၄၇၅၉ ကျပ်နဲ့ ဇူလိုင် စတုတ္ထပတ်မှာ ၁၇၈၆၇၂၇ ကျပ်ထိ မြင့်တက်လာကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### ယမန်နှစ်ကာလတူထက် ရော်ဘာ ပိုမိုတင်ပို့

ဇူလိုင်လ တတိယပတ်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၇၈၅ သန်းဖိုးရှိ ရော်ဘာ ၈၄၅ တန်ခန့် တင်ပို့ထားပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သုံးလပတ်ဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန်လအထိ ကန်ဒေါ်လာ ၉ ဒသမ ၅၄၃ သန်းဖိုးရှိ ရော်ဘာ ၇၅၅၆ တန်ခန့်တင်ပို့ထားပြီး ကာလတူဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်သုံးလပတ်ထက် ၂၅၁၈ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံတွေကတော့ စင်ကာပူ၊ မလေးရှား၊ ယူအေအီး၊ ပါကစ္စတန်၊ ဂျပန်၊ တရုတ်နဲ့ ကိုရီးယား နိုင်ငံများကို ဖြစ်ပါတယ်။

နိုင်ငံတကာရော်ဘာဈေးကတော့ ယမန်နှစ်ကာလတူထက် တစ်တန်လျှင် ဒေါ်လာ ၂၀၀ ခန့်ဈေးလျော့ကျနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာပေါက်ဈေးကတော့ ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျ သိပ်မရှိဘူးလို့ သိရပါတယ်။ဒါ့ကြောင့် မြန်မာ့ရော်ဘာ FOB ဈေး ကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ် -

| | | |
|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| **Concentrate** | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

## ဂျုံ

### ဂျုံတင်သွင်းမှုများအား ယခင်ကကဲ့သို့သွင်းကုန်ခွန်ကို အိန္ဒိယက ပြန်လည်စည်းကြပ်တော့မည်

ပြည်ပမှ တင်သွင်းလာတဲ့ ဂျုံအပေါ် လွန်ခဲ့သော ၈ နှစ်ခန့်ကကဲ့သို့ သွင်းကုန်ခွန်စည်းကြပ်တော့မယ်လို့ အိန္ဒိယအစိုးရက ဇူလိုင်လ နောက်ဆုံးပတ်မှာ ဆုံးဖြတ်လိုက်ပြီလို့ သိရပါတယ်။ ပြည်တွင်းမှာ ဂျုံများ အလျှံပယ်ရှိနေတဲ့အတွက် ပြည်ပမှ ဂျုံဝယ်ယူတင်သွင်းမှုကို ထိန်းချုပ်နိုင်ရန် သွင်းကုန်ခွန်ကို ပြန်လည် စည်းကြပ်တော့မယ်လို့ အကြီးတန်းအရာရှိများ တွေ့ဆုံရာမှာ ဆွေးနွေးဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ယခင်လက ပုဂ္ဂလိကလုပ်ငန်းရှင်များက ဩစတြေးလျမှ ပရိုတင်းမြင့်မားကြွယ်ဝသော ဂျုံတန်ချိန် ၅ သိန်းကို တင်သွင်းရန် စာချုပ်ချုပ်ဆိုခြင်းဟာ ဆယ်စုနှစ်တစ်ခုကျော်မှာ အများဆုံးဝယ်ယူတဲ့ပမာဏဖြစ်ပါတယ်။ ဒီဖြစ်ရပ်ဟာ ဂျုံစိုက်တောင်သူများက မိုဒီအစိုးရအပေါ် မျှော်လင့်ချက်ကြီးကြီးမားမားထားခဲ့တာကို ပျက်ပြားစေတယ်လို့ ဝေဖန်ပြောကြားနေကြပါတယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ တရုတ်နိုင်ငံပြီးလျှင် ဂျုံဒုတိယ အများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်သလို အများဆုံး အသုံးပြုတဲ့ နိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံရဲ့ သိုလှောင်ရုံများမှာ လိုအပ်တဲ့ ပမာဏထက် နှစ်ဆခန့်ရှိနေပြီး တောင်သူများအား ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးမှုထက် ပိုမိုစိုက်ပျိုးရန် မက်လုံးများပေး စိုက်ပျိုးစေလျက်ရှိ နေတယ်လို့သိရတယ်။ အိန္ဒိယနိုင်ငံဟာ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံကိုလည်း ပြည်ပမှ အများအပြား တင်သွင်းရလျက်ရှိပါတယ်။

စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ၊ ကုန်သွယ်ရေးနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများက ယခင် ၂၀၀၆ ခုနှစ်ကတည်းက စည်းကြပ်ခြင်းမပြုတဲ့ ဂျုံတင်သွင်းခွန်ကို ပထမဆုံးအကြိမ် ပြန်လည်စည်းကြပ်တော့မှာဖြစ်ပြီး အဆင့်မြင့်အရာရှိကြီးများကိုယ်တိုင် ပါဝင်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြတယ်လို့ ပြောကြားပါတယ်။

အိန္ဒိယနိုင်ငံဟာ ရာသီဥတု ပူပြင်းလွန်းတဲ့အတွက် ၎င်းရဲ့သီးနှံများ ညှိုးနွမ်းခဲ့တာကြောင့် ၂၀၀၆-၂၀၀၇ ခုနှစ်များမှာ ရုရှားနဲ့ ဩစတြေးလျတို့မှ တန်ဖိုးကြီးမားတဲ့ဂျုံများကို တင်သွင်းရန် တွန်းအားပေးခံခဲ့ရဖူးပါတယ်။

ထိုအချိန်ကစပြီး ဂျုံတင်သွင်းခွန်စည်းကြပ်ခြင်းကို ရပ်ထားခဲ့ရာမှ ယခု ၉ နှစ်အကြာမှာ ပြန်လည်စည်းကြပ်ရန် စီစဉ်လိုက်ခြင်းဖြစ်ပါတယ်။

**CMK**

# စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ၏ [illegible] a&mif0 , frlq bd&m ဆုံးဖြတ်ချက်များနှင့် စွန့်စားရမှု (RISKS) များ

a u smjfrih

ဆိုရှယ်လစ်ခေတ်ကာလက နိုင်ငံတော်မှ ချမှတ်ကျင့်သုံးခဲ့သော ဗဟိုစီမံကိန်းစီးပွားရေးစနစ်တွင် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ် သမားများသည် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ကိုသာ ဆောင်ရွက်ရန် လိုအပ်ပြီး ထွက်ရှိလာသော သီးနှံကို နိုင်ငံပိုင်အဖွဲ့အစည်းများမှ သတ်မှတ်သော သီးနှံအရေအတွက်ပမာဏအား ပုံသေဈေးနှုန်းဖြင့် ပြန်လည် ဝယ်ယူသည့်အတွက် ရောင်းချမှုဆိုင်ရာ ဆုံးဖြတ်ချက်ကိုလုပ်ကိုင် ဆောင်ရွက် ရန်မလိုအပ်သောအခြေအနေဖြစ်ပေါ်ခဲ့သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူ လယ်သမားများသည် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်နှင့် ထွက်ရှိလာသောမိမိသီးနှံနှင့် ပတ်သက်၍ ရောင်းချမှုဆိုင်ရာ ဆုံးဖြတ်ချက်ကိုပါ ဆောင်ရွက်ရပါသည်။ ဈေးနှုန်းသည် ဝယ်လိုအားနှင့်ရောင်းလိုအားပေါ်သာ အခြေခံသော ဈေးနှုန်းများဖြစ်သဖြင့် ရက်တစ်ရက်တည်းမှာပင် အတက်အကျအပြောင်းအလဲ ဖြစ်ပေါ်တတ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူမှ ဆုံးဖြတ်ချက်မှားယွင်းပါက စီးပွားရေးတွက်ချေကိုက်မှုနည်းပါးစေမည် ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အချို့သော တောင်သူလယ်သမားများက ရှေးအစဉ်အလာရိုးရာဓလေ့ပေါ်အခြေခံပြီးဆုံးဖြတ်ခြင်း၊ အချို့သော တောင်သူ လယ်သမားများက အခြားသော တောင်သူလယ်သမားများနှင့် နှိုင်းယှဉ်ပြီး ဆုံးဖြတ်ခြင်း၊ (ဥပမာ-အခြားသောတောင်သူလယ်သမားများက သီးနှံတစ်မျိုးတွင် အသုံးပြုသော ဓာတ်မြေသြဇာနှုန်းထားအတိုင်း လိုက်လံသုံးစွဲခြင်း၊) အချို့သော တောင်သူလယ်သမားများက စီးပွားရေး တွက်ချေကိုက်မှုအရ အကျိုးအမြတ်ရရှိရေးအခြေခံဖြင့် (ဥပမာ၊သီးနှံအထွက်တိုးရန် ဓါတ်မြေသြဇာ သုံးစွဲရမည်ကိုသိသော်လည်း သီးနှံဈေးမကောင်းပါက ဓာတ်မြေသြဇာ မသုံးစွဲ ဘဲရသမျှ သီးနှံအထွက်ကိုသာ ရယူကြခြင်း) ဆုံးဖြတ်ခြင်းများ ရှိကြပါသည်။

**စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများက စိုက်ပျိုးထုတ်လုပ်မှုအတွက် ဆုံးဖြတ်ရမည့် အချက်များ**

- မည်သည့်သီးနှံ စိုက်ပျိုးထုတ်လုပ်မှာလဲ?
- မည်သည့်တန်ဖိုးပမာဏထိရအောင်စိုက်ပျိုးထုတ်လုပ်မှာလဲ?
- မည်သို့ထုတ်လုပ်မှာလဲ?
- မည်သည့်ဈေးကွက်အတွက်ထုတ်လုပ်မှာလဲ?

**မည်သည့်သီးနှံကိုစိုက်ပျိုးထုတ်လုပ်မှာလဲ။** အောက်မြန်မာ ပြည်ဒေသလယ်မြေများတွင် မိုးရာသီကာလအတွင်း ရေမြေသဘာဝ အခြေခံအရ စပါးဈေးကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ မိုးစပါး အစားအခြား သီးနှံပြောင်းလဲစိုက်ပျိုးရန် အခြေအနေမပေးပေ။ မိုးစပါး ရိတ်သိမ်းပြီးပါက ဒုတိယသီးနှံအဖြစ် မတ်ပဲ သို့မဟုတ်ပဲတီစိမ်း သို့မဟုတ် ပဲလွန်းဖြူစိုက်မည်ကို ရွေးချယ်နိုင်သည့် အခွင့်အလမ်းရှိသော ရေမြေ သဘာဝဖြစ်ပါသည်။ သွင်းရေရရှိပါက နွေစပါးစိုက်ပျိုးနိုင်သည့် အခွင့်အလမ်းရှိသော ရေမြေသဘာဝလည်းဖြစ်ပါသည်။ စိုက်ပျိုးမည့်သီးနှံ ရွေးချယ်ပြီးပါက မည်သည့်သီးနှံမျိုးကို စိုက်ပျိုးမည်ကို ရွေးချယ်ရပါမည်၊ ရွေးချယ်မည့် သီးနှံမျိုးသည် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသောမျိုးဖြစ်ရန် အထူးလိုအပ်ပါသည်။ ဥပမာ- ပဲတီစိမ်းရွှေဝါမျိုးသည် ဥရောပဈေးကွက်မှ ပဲပင်ပေါက်ဖေါက်ပြီး စားသုံးရန်ဝယ်လိုအားရှိသဖြင့် ပဲတီစိမ်းရွှေဝါမျိုးသည် ပြည်ပဈေးကွက်ဝယ်လိုအားနှင့် ကိုက်ညီသောမျိုးဟု သတ်မှတ်ရ မည်ဖြစ်ပါသည်။

**မည်သည့်တန်ဖိုးပမာဏထိရအောင် သီးနှံကို စိုက်ပျိုးထုတ်လုပ်မှာလဲ။** စိုက်ပျိုးထုတ်လုပ်သည့်တောင်သူ လယ်သမားများသည် အမြင့်ဆုံးသော အကျိုးအမြတ်ရရှိရန် အတွက် မိမိတွင်ရှိသည့် အခြေခံသွင်းအားစုများဖြစ်သည့် စိုက်ပျိုးမြေ၊ လုပ်အား၊ စက်ကိရိယာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့များကို အကောင်းဆုံးအသုံးချပြီး မည်သည့် တန်ဖိုးပမာဏထိရအောင် (မည်သည့်အထွက် ပမာဏ level of production ရအောင်) စိုက်ပျိုးထုတ်လုပ်မည်ကို ဆိုလိုပါသည်။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများသည်အမြင့်ဆုံးအထွက်နှုန်း မည်မျှရသည်ကိုဈေးကွက်ထဲတွင် သွားရောက်ယှဉ်ပြိုင်ခြင်းမဟုတ်ပါ။ ကုန်ကျစရိတ်နှင့် ရငွေအကျိုးအမြတ် မည်သည့်အခြအနေရှိသည်ဆိုသော အချက်သည် အမြင့်ဆုံးအထွက်နှုန်းထက်အရေးပါ လာပါသည်။

**မည်သို့ထုတ်လုပ်မှာလဲ ။** အကျိုးအမြတ်အများဆုံးရအောင် မည်သို့ထုတ်လုပ်မှာလဲ၊ စိုက်ပျိုးရေးသွင်းအားစုများကို မည်သည့် ပမာဏထိသုံးမှာလဲ၊ မည်သည့်နည်းပညာသုံးပြီး စိုက်ပျိုးထုတ် လုပ်မှာလဲ၊ မည်သည့်စိုက်ပျိုးထုတ်လုပ်မှုစနစ်ကို အသုံးချမှာလဲ ဆိုသောအချက်များဖြစ်ပါသည်။

အမြင့်ဆုံးအထွက်နှုန်းသည် အစဉ်အမြဲအကျိုးအမြတ်အမြင့်ဆုံး မရနိုင် (Highest yield does not always give highest profit ) ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့မှ ထုတ်ပြန်သည့် Farm Management extension guide-1 ,Economics for Market-oriented farming စာစောင်စာမျက်နှာ-၆၄ တွင်ဖော်ပြထားသည်ကို လေ့လာသိရှိ ရပါသည်။

**မည်သည့်ဈေးကွက်အတွက် ထုတ်လုပ်မှာလဲ (For which market to produce?)။** စိုက်ပျိုးထုတ်လုပ်သည့် တောင် သူလယ်သမားများသည် မည်သည့်ဈေးကွက်အတွက် စိုက်ပျိုး ထုတ်လုပ်တာလဲဆိုသော အချက်ဖြစ်ပါသည်။ ပြည်ပသို့ တင်ပို့ရောင်းချမည့် ဈေးကွက်အတွက်ဝယ်အားရှိတာလား၊ ပြည်တွင်းသုံးစွဲမှု ဈေးကွက်အတွက်သာ ဝယ်အားရှိသည်လားဆိုသော အချက်ဖြစ်ပါသည်။ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံကိုသာ စိုက်ပျိုးထုတ်လုပ်ရန် အထူးလိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် ရွေးချယ်မည့်သီးနှံမျိုးသည် ဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော မျိုးဖြစ်ရန်လည်း အထူးလိုအပ်ပါသည်။

**စိုက်ပျိုးထုတ်လုပ်သည့်တောင်သူလယ်သမားများက မိမိပိုလျှံသော သီးနှံကိုရောင်းချမှုအတွက် ဆုံးဖြတ်ရမည့်အချက်များ**

- မည်သည့်အချိန်တွင်ရောင်းချမှာလဲ?
- မည်သည့်နေရာတွင် ရောင်းချမှာလဲ?
- သိုလှောင်မည်လား? မသိုလှောင်ဘဲရောင်းချမှာလဲ?
- ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက်အလက်များနှင့် လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်းအချက်အလက်များ။

## စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများမှ ရောင်းချမှုဆိုင်ရာ ဆုံးဖြတ်ချက်များ

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများသည် မိမိတို့ စိုက်ပျိုးထွက်ရှိသော သီးနှံကို မိသားစုသုံးမျိုးအဖြစ်ချန်လှပ်ပြီး ပိုလျှံသော ပမာဏကိုရောင်းချ (Surplus of sale) ကြပါသည်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများမှ ရောင်းချမှုဆိုင်ရာ ဆုံးဖြတ်ချက်များကိုစုစည်း ဖော်ပြထားပါသည်။

**မည်သည့်အချိန်တွင်ရောင်းချမည်နည်း ။** မည်သည့်အချိန်တွင် ရောင်းချမည်နည်းကိုပြီးခဲ့သည့်ကာလက ဈေးကွက်သတင်းအချက် အလက်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်သတင်းအချက်အလက်များပေါ် ဆုံးဖြတ်ချက်များကို The commerce journal ၏ အတွဲ ၁၅၊ အမှတ် (၄)နှင့် (၁၉)တို့တွင် ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ယင်းစာစောင်များကို ပြန်လည်ဖတ်ရှုရန်ဖြစ်ပါသည်။

**မည်သည့်နေရာတွင်ရောင်းချမည်နည်း ။** ရွာတွင် သို့မဟုတ် ဆန်စက် သို့မဟုတ် နီးစပ်ရာမြို့သို့ သယ်ယူရောင်းချမှာလား၊ ရောင်းချမှု စရိတ် (Marketing cost)မည်မျှရှိသလဲ၊ မည်သည့်နေရာတွင် ရောင်းချခြင်းက စီးပွားရေးပိုမိုတွက်ချေကိုက်သလားဆိုသောအချက်သည် အရေးပါလာပါသည်။

**သိုလှောင်မည်လား၊ မသိုလှောင်ဘဲရောင်းချမည်လား ။** The commerce journal အတွဲ ၁၅၊ အမှတ် (၂၄)တွင် သိုလှောင်ခြင်းနှင့် အကျိုးအမြတ်အား ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ယင်းစာစောင်ကို ပြန်လည်ဖတ်ရှုရန်ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်သည့်တောင်သူလယ်သမားများသည် မိမိတို့ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် ငွေကြေးမည်မျှလိုအပ်သလဲ၊ မည်သို့ ရရှိအောင်စီစဉ်ဆောင်ရွက်မည်လဲဟူသောအချက်သည် အရေးပါ လာပါ သည်။

## စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ၏စွန့်စားရမှု (RISKS) များ

စိုက်ပျိုးထုတ်လုပ်သည့်တောင်သူလယ်သမားများသည် သီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် စွန့်စားရမှုများရှိသဖြင့် (Production risk) ဟု ခေါ်ဝေါ်ကြပါသည်။ ထုတ်လုပ်သည့် တောင်သူလယ်သမားများသည် ရာသီဥတုပြောင်းလဲမှု၊ ဥပမာ-မိုးခေါင်ခြင်း၊ မိုးများခြင်း၊ ရိတ်သိမ်းချိန်တွင် ချိန်ခါမဲ့မိုးရွာသွန်းခြင်း၊ အပူချိန်မြင့်လာခြင်း စသည့်သဘာဝရာသီဥတုကို ထိန်းချုပ်နိုင်စွမ်းမရှိသဖြင့် သီးနှံအထွက်ပမာဏ လျော့နည်းစေပါသည်။

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများသည် ရောင်းဝယ်မှုဆိုင်ရာစွန့်စားရမှု (Marketing risk)များ ရှိပြန်ပါသည်။ သီးနှံဈေးနှုန်းနှင့်ပတ်သက်၍ သီးနှံစိုက်ပျိုးစဉ်ကာလတွင် မည်သည့်ဈေးနှုန်းရမည်ကို မသိရှိကြပါ။ ပြီးခဲ့သည့်နှစ်က ဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်းတော့ ရရှိနိုင်မည်ဟုခန့်မှန်းချက်ဖြင့် တောင်သူလယ်သမားများက သီးနှံစိုက်ပျိုး ထုတ်လုပ်ကြရပါသည်။ သီးနှံရိတ်သိမ်းချိန်တွင် ဖြစ်ပေါ်သည့် ဈေးမှာ ပြီးခဲ့သည့်နှစ်ကဖြစ်ပေါ်ခဲ့သည့် ဈေးအတိုင်းသို့မဟုတ် ပြီးခဲ့သည့်နှစ်က ဖြစ်ပေါ်ခဲ့သည့်ဈေးအောက် ရောက်ရှိသွားခြင်း၊ သို့မဟုတ် ပြီးခဲ့သည့်နှစ်က ဖြစ်ပေါ်ခဲ့သည့် ဈေးထက်မြင့်လာနိုင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။ (ကန်ထရိုက်စနစ်ဖြင့်စိုက်ပျိုးထုတ်လုပ်ခြင်း Contract farming) စနစ်တွင် မည်သည့် ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူမည်ကို သဘောတူညီချက်ရှိသဖြင့် မည်သည့်ဈေးနှုန်းရရှိမည်ကို စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများက ကြိုတင်သိရှိကြပါသည်။ Contract farming စနစ်ကို နေရာဒေသတိုင်း၊ စိုက်ပျိုးထုတ်လုပ်သည့်တောင်သူလယ်သမားတိုင်း သီးနှံတိုင်း လုပ်ကိုင်ကြခြင်းမရှိပေ။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားအများစုသည် သီးနှံစိုက်ပျိုးစဉ်ကာလတွင် မည်သည့် ဈေးနှုန်းရမည်ကို မသိရှိကြပါ။ ပြီးခဲ့သည့်နှစ်ကဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းတော့ရရှိနိုင်သည့် ခန့်မှန်းချက်ဖြင့် စိုက်ပျိုးထုတ်လုပ်ရသည့် အခြေအနေမျိုးဖြစ်ပါသည်။

Reference: Economics for Market-oriented Farming, farm management extension Guide-1. by David Kahan, FAO, Rome 2008.

Understanding and using market information, marketing extension Guide-2, by Andrew W. Shepherd, FAO, Rome.2000.

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လှည်းကူးမြို့နယ်၊ တွံတေးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ကျောင်းသား၊ ကျောင်းသူများ အစားအစာများသုံးစွဲရာတွင် စားသုံးသင့်သည့်အစားအသောက်၊ မစားသုံးသင့်သည့် အစားအသောက်များကို အသိပညာဗဟုသုတပြည့်စုံစွာဖြင့်ဝေဖန်ပိုင်းခြားနိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးမှုများကို ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမုန့်ဈေးတန်းသို့ ကြည့်ရှုစစ်ဆေးခြင်းနှင့် မြို့မအခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ နှစ်ဦး၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေး အသင်းအတွင်းရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ် ပညာရေးမှူး၊ မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန်နှစ်ဦး၊ စည်ပင်သာယာရေးကော်မတီမှတစ်ဦး၊ လှည်းကူးမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး၊ စုစုပေါင်း ၃၂၀ ဦးခန့် တက်ရောက် ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ပွင့်ဟေမာန်အောင်၊ လှည်းကူးမြို့နယ်ကျောင်းကျန်းမာရေးမှ သွားဆရာဝန် ဒေါက်တာ ကွန်စတန်၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်တို့မှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူ၏အခွင့်အရေးနှင့် တာဝန် များအကြောင်း၊ ဓာတုဆိုးဆေးများ ပါရှိသည့်အစားအသောက်များကို စားသုံးပါက ကင်ဆာရောဂါဖြစ်ပွားနိုင်မှုအခြေအနေများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

အလားတူ ဇူလိုင်လ ၂၇ ရက်နေ့ နေ့လယ် ၁၃း၁၅ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အမှတ်(၁)နှင့်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းအား ကြည့်ရှုစစ်ဆေး အသိပညာပေးဆောင်ရွက်ခဲ့ခြင်းနှင့် အမှတ် (၂) အခြေခံပညာအထက်တန်း ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ တွံတေးခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိဒေါက်တာဖြိုးမာန်သက်ဦးနှင့်တစ်ဦး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေဝင်းသွင်နှင့် တစ်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးတန်းတွင် ဈေးရောင်းချသူများ၊ ကျောင်းသား၊ ကျောင်းသူ ၃၉၅ ဦး၊ စုစုပေါင်း ၄၈၉ ဦး တက်ရောက်ခဲ့ပါသည်။

ယင်းနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးလှဝင်း၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ ဒေါက်တာဖြိုးမာန်သက်ဦး၊ တွံတေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ နေဝင်းသွင်တို့က စားသုံးသူနှင့် ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များအကြား မကျေနပ်မှု၊ နစ်နာမှုများဖြစ်ပေါ်လာပါက ဖြေရှင်းဆောင် ရွက်ပေးမည့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ ဖွဲ့စည်းထားရှိမှုအကြောင်း၊ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသည့်မုန့်များထဲမှ စားသုံးရန် မသင့်သည့်မုန့်များ၏ အခြေအနေကို ကျောင်းသား၊ ကျောင်းသူများ သိရှိစေရန် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။



**စိုးစိုးဦး၊ လဲ့လဲ့ဌေး**
**(စားသုံးသူ) ရန်ကုန်**

# မကွေးမြို့နယ်၊ သစ်ရာကောက်ကျေးရွာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ရုံးချုပ်၏ လမ်းညွှန်မှုတို့ကို ခံယူ၍ မကွေးတိုင်းဒေသကြီး၊ မြို့နယ်အသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင်လ ၂၁ ရက်နေ့၌ မကွေးမြို့နယ်၊ သစ်ရာကောက် ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ ရတနာကျောင်းခန်းမတွင် ဆွေးနွေးဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကို ကျောင်းအုပ်ဆရာကြီးအပါအဝင် ဆရာ/ဆရာမ ၃၅ ဦး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်း ၈ ဦး၊ ကျောင်းသူ/ကျောင်းသား ၉၁၁ ဦး စုစုပေါင်း ၉၅၄ ဦး တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကံဌွေးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ပတ်ဝန်းကျင်မှာ ရောင်းချနေသည့် ပစ္စည်းမျိုးစုံမှာ စားသုံးရန်မသင့်သည့်ပစ္စည်း အများကြီးတွေ့ရှိရပါကြောင်း၊ တစ်နေ့တစ်ရက် မသိသာပေမယ့် နေ့စဉ်ရက်ဆက်ကြာလာရင် အန္တရာယ်ရှိလာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘယ်လိုအစားအစာတွေ ဝယ်ယူသင့်သည်ဆိုတာ လာရောက်ပြောပြတာဖြစ်သည့်အတွက် မှတ်သားထားကြဖို့ သားတို့/သမီးတို့သာမက အိမ်ကမိဘတွေကိုလည်း ပြောပြကြဖို့လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူများသည် စားသုံးသူများသာဖြစ်ကြောင်း၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ အကြောင်း၊ စားသုံးကုန်ဖြစ်စေ၊ ဝန်ဆောင်မှုဖြစ်စေ၊ သုံးစွဲလိုက်၍ အငြင်းပွားမှု အခြေအနေဖြစ်ပေါ်လာပါက သင့်လျော်သည့် ဖြေရှင်းပေးမှုနှင့် စားသုံးသူအကာအကွယ်ပေးမှုရရှိမှာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်၍ အငြင်းပွားမှုနှင့် ပတ်သက်ပြီး တိုင်ကြားနိုင်ပါကြောင်းကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဌာနခွဲ၊ ဒုတိယဦးစီးမှူး ဦးတင်ထွေးက ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ကုန်အမှတ်တံဆိပ်၊ အမျိုးအမည်၊ ထုတ်လုပ်သည့်ဒေသ၊ ရက်စွဲ၊ သက်တမ်း ကုန်ဆုံးသည့်ရက်စွဲစသည့်အချက်များ ပါဝင်ရမည်ဖြစ်ကြောင်း၊ အာဟာရမဖြစ်သည့် ဓာတုဗေဒအနံ့များနှင့် ထုတ်လုပ်သည့် အန္တရာယ်ရှိမုန့်များ၏အကြောင်း၊ စားသုံးဆီများ၏အန္တရာယ်ရှိပုံအကြောင်း၊ အစားအသောက်များကို စားသုံးမည်ဆိုပါက အာဟာရဖြစ်မည့် အစားအစာများကိုသာ ရွေးချယ်စားသုံးကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက အချိုရည်နှင့် မုန့်များ၏ အန္တရာယ်အကြောင်း၊ ဆိုးဆေးများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်း၊ ဆိုးဆေးပါဝင်သော အစားအသောက်များကို စားသုံးပါက ကင်ဆာကဲ့သို့သောရောဂါများ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် သဘာဝအတိုင်းပြုလုပ်ထားသည့် အချိုရည်နှင့်မုန့်များကိုသာ ဝယ်ယူစားသောက် ကြစေလိုကြောင်း ဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြပါသည်။

**ဟိန်းဆက် (စားသုံးသူ)**

# တောင်ကြီးမြို့ကွန်ပျူတာတက္ကသိုလ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

တောင်ကြီးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ နှင့်ဝန်ထမ်းများသည် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်တွင် ဇူလိုင် ၂၂ ရက် နေ့လည် ၁၄း၃၀ နာရီတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်သင်းသုနိုင်က အဖွင့်အမှာစကားပြောခဲ့ပြီး တောင်ကြီးမြို့ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအကြောင်း သိကောင်းစရာများနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များကို ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန် စားသောက်ကုန်များတွင်သုံးစွဲသော ဓါတုဆိုးဆေးများ၏ အန္တရာယ်၊ သက်တမ်းလွန်နေသော စားသောက်ကုန်ပစ္စည်းများ၊ ဆေးတို့ထားသောသီးနှံများ၊ အစာအဆိပ်သင့်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ စားသုံးသူများနှင့် နစ်နာဆုံးရှုံးမှုများရှိလာပါက တင်ပြတောင်းဆိုနိုင်ရန် တောင်ကြီးမြို့တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချမှုဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းပြီးသည့် အခြေအနေများကို အကျယ် တဝင့်ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်မှ ဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အမေး/အဖြေကဏ္ဍများကို ဖြေကြားခြင်းများပြုလုပ်ခဲ့ပါသည်။

ကွန်ပျူတာတက္ကသိုလ် ဆရာ/ဆရာမနှင့် ကျောင်းသူ/ကျောင်းသားများကို စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်များနှင့် ခွင့်မပြု ဓာတုဆိုးဆေးပါဝင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည့် စားသောက်ကုန်ပစ္စည်းစာရင်းများကို ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးပွဲသို့ ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ် အပါအဝင် ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူများအားလုံး ၂၀ ဦးတက်ရောက်ခဲ့ပါသည်။

**နန်းသီတာဦး၊ တောင်ကြီး**

# တက်ကြွခြင်း၊ စိတ်ဝင်စားခြင်းများနှင့် မုံရွေးကြေးမုံ အထက်တန်းကျောင်းက စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးစီးသည့် ဝန်ထမ်းများသည် ဇူလိုင်လ ၂၈ ရက်နေ့တွင် မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ မုံရွေး ကြေးမုံစံပြကျေးရွာရှိ အထက်တန်း ကျောင်းသို့ သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲတစ်ရပ်ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောပွဲတွင် ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း၊ မုံရွာမြို့နယ်တာဝန်ခံ ဦးထွန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးက ဒေါ်ခိုင်မို့မို့နှင့် ဒေါ်သူဇာကျော်တို့ဟာ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို သက်ဆိုင်ရာ ခေါင်းစဉ်များဖြင့် အသီးသီး ဟောပြောဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ မုံရွေးကြေးမုံ အထက်တန်းကျောင်းက ဆရာ၊ ဆရာမ ၄၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၂၇ ဦး၊ ကျောင်း ဈေးသည် ၁၀ ဦးနှင့် လေ့လာသူ ၁၀ ဦး၊ စုစုပေါင်း ၅၈၉ ဦး တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ပထမဦးစွာ ဒေါ်သူဇာကျော်က "မုန့်မျိုးစုံ အန္တရာယ်အကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး နိုင်ငံခြားမှလာတဲ့ Ready Made မုန့်များကို စားသုံးရန် သိသင့်သိထိုက်သော အချက်အလက်များအကြောင်း၊ အန္တရာယ်ရှိ ဓာတုပစ္စည်းများပါဝင်သော နိုင်ငံခြားနှင့် ပြည်တွင်းဖြစ်မုန့်များအကြောင်း၊ ဓာတုဆိုးဆေးပါသော မုန့်များ၊ ရက်လွန်မုန့်များ စားသုံးမိလျှင် ဖြစ်စေတတ်တဲ့ ရောဂါများအကြောင်း၊ အချိုရည်၊ ဂျယ်လီနှင့် ဆိုးဆေးပါသော အစားအစာများအကြောင်းနှင့် ၎င်းတို့ကို စားသုံးပါက ဖြစ်စေတတ်သော ရောဂါများအကြောင်း၊ ကွန်ပျူတာဘားကုဒ်အကြောင်းတို့ကို ဟောပြောဆွေးနွေးသွားပါတယ်။

ဆက်လက်ပြီး မုံရွာမြို့နယ်တာဝန်ခံ ဦးထွန်းလှိုင်က "ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ ဆိုးကျိုးနှင့်ဖြစ်ပွားတတ်သော အန္တရာယ်များအကြောင်း" ခေါင်းစဉ်ဖြင့်ဆေးလိပ်နှင့် စီးကရက်တွင် ပါဝင်သော ပစ္စည်းများနှင့် ဆေးလိပ်သောက်သုံးခြင်းဖြင့် ကျန်းမာရေး၊ စီးပွားရေးသာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပြီး ဆေးလိပ်အငွေ့ကို ရှူရှိုက်မိသူသည် သောက်သုံးသူထက် နှစ်ဆပို၍ ကျန်းမာရေးထိခိုက်ကြောင်း၊ ဆေးလိပ်၊ စီးကရက်သောက်ခြင်းကြောင့် ဖြစ်ပွားတတ်သော အန္တရာယ်၊ရောဂါများအကြောင်းနှင့်အရက်၊ ဘီယာသောက်ခြင်းကြောင့်ဖြစ်ပွားတတ်သော အန္တရာယ်များနှင့် ရောဂါများအကြောင်း၊ ၎င်းနောက် ကွမ်းယာတွင် ပါဝင်သော ပစ္စည်းများအကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်အိန္ဒိယပြီးလျှင်ဒုတိယအများဆုံး ကွမ်းဝါးသည့် နိုင်ငံဖြစ်ကြောင်း၊ ကွမ်းသီး၊ နှပ်ဆေးရည်စသည့် ကွမ်းယာတွင်ပါဝင်သည့် ပစ္စည်းများ၏ ဆိုးကျိုးများ၊ ကွမ်းဝါးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ၎င်းအပြင် ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအရ သော်လည်းကောင်း၊ သား၊ သမီးရှိပါက မိမိသား၊ သမီး၏ ဘဝရှေ့ရေးအတွက် သော်လည်းကောင်း၊ စိုးစဉ်းမျှ ကောင်းကျိုးပေးခြင်းမရှိဘဲ မကောင်းသောဘေးကိုသာ စဉ်တိုက် ဆက်တိုက် ဖြစ်စေနိုင်သည့် " ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ကွမ်း" တို့ကို "ရှောင်လေဝေးဝေး မူးယစ်ဆေး"ဆိုသည့်ဆောင်ပုဒ်အတိုင်း ဝေးသထက်ဝေးအောင် ရှောင်ရှားရမှာဖြစ်ပါကြောင်း၊ စူးစမ်းလို စိတ်ဖြင့်လည်း စမ်းသပ်ခြင်းများ မပြုလုပ်ကြရန်နှင့် စမ်းသပ်ရာကစ၍ စွဲလမ်းသွားသူများလည်းရှိပါကြောင်း ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

၎င်းနောက်ဒေါ်ခိုင်မို့မို့က " အကင်များနှင့် ကင်ဆာရောဂါအကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ပြည်ပမှတင်သွင်းလာသည့် အကင်များသည် တာရှည်ခံဆေးများ သုံးစွဲထားကြောင်း၊ အအေးခန်းထဲတွင် ထားရှိသဖြင့် အောက်ဆီဂျင်ဓာတ်တိုးမှု ဖြစ်စေကြောင်း၊ မသန့်ရှင်းတဲ့ပြန်ကြော်ဆီများ သုံးစွဲထားကြောင်း၊ အရောင်ဆိုးထားသည့် အချဉ်ရည်များ အသုံးပြုရခြင်းကြောင့် သုံးခါပြန် ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်ကြောင်းကို သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားထားပါကြောင်းနှင့် လုံးဝ အသုံးမပြုသင့်တဲ့ အမှတ်တံဆိပ်နဲ့အစားအသောက်အမျိုးအစားများကို နိုင်ငံပိုင်သတင်းစာများတွင်လည်း ကြော်ငြာပေးလျက်ရှိကြောင်း ထည့်သွင်း အသိပေးပြောကြားဆွေးနွေးခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးခမ်လျန်စွမ်းက "စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာမှာ စားသုံးသူ အကာအကွယ်ပေးရေး၊ ကုန်စည်တို့၏ အဓိပ္ပါယ်များအကြောင်း၊ စားသုံးသူကို နစ်နာဆုံးရှုံးစေနိုင်သော အဓိကအကြောင်း အရာများအကြောင်း၊ စားသုံးသူကို အန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်များအကြောင်း၊ အန္တရာယ်ရှိ ဝန်ဆောင်မှုများအကြောင်း၊ "စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ၃နှစ်အတွင်း အပြီးဟောပြောပြီး ဖြစ်ရမည်" ဟု မူလရည်မှန်းချက်ထားရှိသည့် အတိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ခရိုင်ခုနစ်ခရိုင်ရှိ မြို့နယ်ပေါင်း ၂၀ မြို့နယ်က နေရာပေါင်း၁၀၁နေရာတွင် ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ယခု၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ဆက်လက်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့အထိ ခရိုင်ပေါင်း ခြောက် ခရိုင်ရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်က နေရာပေါင်း ၈၄ နေရာတွင် ဟောပြောပွဲများ ကျင်းပပြုလုပ်ပြီးဖြစ်ပါကြောင်းကို မှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဟောပြောဆွေးနွေးခဲ့ရာ မုံရွေးကြေးမုံအထက်တန်းကျောင်းက ဆရာ၊ ဆရာမများ၊ကျောင်းသူ၊ကျောင်းသားများ အပါအဝင် ကျောင်းဈေးသည်များ၊ လာရောက်လေ့လာသူများမှာ စိတ်ဝင်တစားဖြင့် လေ့လာမှတ်သားနေသည်ကို တွေ့ရှိရပါကြောင်း တင်ပြလိုက်ရပါတယ်။ **မြင့်သန်းထွန်း၊ မုံရွာ**

# ကနေဒါနိုင်ငံတွင် အိမ်တိုင်ရာရောက် ရောင်းချသည့်ကုမ္ပဏီမှ စားသုံးသူများအား ပြန်အမ်းငွေ ဒေါ်လာ ၁၀၀၀၀ ပြန်လည်ပေးအပ်

ကနေဒါနိုင်ငံတွင် Consumer Protection BC အဖွဲ့သည် ငွေကြေးအကျိုးအမြတ်မယူသည့် စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယခုအခါ အဆိုပါအဖွဲ့သည် အိမ်တိုင်ရာရောက် ဖုန်စုပ် စက်နှင့်လေသန့်စင်စက်တို့ကို ရောင်းချသည့်ကုမ္ပဏီတစ်ခုဖြစ်သည့် Advanced Air Supply Inc., အား စားသုံးသူကာကွယ်ရေး ဥပဒေကို ချိုးဖောက်မှုဖြင့် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြစ်ဒဏ်နှင့် လိုက်နာဆောင်ရွက်ရမည့် အမိန့်တို့ကို ချမှတ်ခဲ့ပါသည်။

လတ်တလောကာလ စုံစမ်းစစ်ဆေးမှုများအရ အိမ်တိုင်ရာရောက်ရောင်းချသည့် Advanced Air Supply Inc., ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဂျက်ကောဘ်ဒေါက်ဂလပ်စ်သည် စီးပွားရေးလုပ်ငန်းအလေ့အထများနှင့် စားသုံးသူ ကာကွယ်ရေးဥပဒေ (BPCPA) နှင့် စားသုံးသူ စာချုပ်စည်းမျဉ်းများကို ချိုးဖောက်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ အသုံးပြုပြီးသော ထုတ်ကုန်များကို ထုတ်ကုန်အသစ်များအဖြစ် လိမ်လည်ရောင်းချခြင်း၊ စားသုံးသူသက်ကြီးရွယ်အိုများအား ၎င်းတို့၏အသက်အရွယ်များအပေါ် အခွင့်ကောင်းယူ၍ လိမ်လည်ရောင်းချခြင်း၊ စာချုပ်ပယ်ဖျက်သည့် စားသုံးသူများအား ငွေပြန်လည်အမ်းရန် ပျက်ကွက်မှုများနှင့် ဥပဒေအရလိုအပ်သည့် သတင်းအချက်အလက်များ ပါဝင်ခြင်းမရှိသော စာချုပ်များကို အသုံးပြုခြင်းတို့ကို စိစစ်တွေ့ရှိခဲ့ပါသည်။

သို့ဖြစ်၍ Consumer Protection BC အနေဖြင့် Advanced Air Supply ကုမ္ပဏီအား ဥပဒေချိုးဖောက်ခဲ့မှုအတွက် စားသုံးသူများသို့ ပြန်အမ်းငွေ အမေရိကန်ဒေါ်လာ ၅၁၃၉၃၅ အပါအဝင်တရားရုံးစရိတ် အဖြစ် ဒေါ်လာ ၅၀၀ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။

Consumer Protection BC မှ ပြောရေးဆိုခွင့်ရှိသူ Tatiana Chabeaux-Smith က Advanced Air Supply ကုမ္ပဏီအနေဖြင့် သက်ကြီးရွယ်အိုစားသုံးသူများအား အဓိကထား၍ လိမ်လည်ရောင်းချခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် Advanced Air Supply ကုမ္ပဏီသည် စားသုံးသူများ၏နေအိမ်များသို့ ချဉ်းကပ်နိုင်ရန် စစ်တမ်းများ ကောက်ယူခြင်းနှင့် ရောင်းချသည့်ပစ္စည်းများအပေါ် ဆုကြေးမက်လုံးများပေးအပ်ခြင်းစသည့် ဒွိဟဖြစ်ဖွယ် နည်းလမ်းများကို အသုံးပြုခဲ့သည်ကို တွေ့ရှိရကြောင်းလည်း ပြောကြားခဲ့ပါသည်။ စားသုံးသူကာကွယ် ရေးဥပဒေအရ Advanced Air Supply ကုမ္ပဏီသည် ရက်ပေါင်း ၃၀ အတွင်း Consumer Protection BC ၏ ဆုံးဖြတ်ချက်များအပေါ် ပြန်လည်စဉ်းစားရန် တောင်းဆို ခွင့်ရှိပါသည်။ Chabeaux-Smith မှ ပြောကြားရာတွင် ကနေဒါနိုင်ငံတွင် တရားဝင်လမ်းကြောင်းဖြင့် door-to-door စနစ်ကို အသုံးပြုသည့်သူများ ပေါ်များလာသည့်အလျောက် စားသုံးသူများအနေဖြင့် ၎င်းတို့၏ အခွင့်အလမ်းများကို သိရှိရန်လိုအပ် ကြောင်း၊ door-to-door စနစ်ဖြင့် လာရောက်ရောင်းချသည့် လူ (သို့မဟုတ်) ကုမ္ပဏီ များအား ငြင်းပယ်နိုင်ခွင့်ရှိသည်။ ကနေဒါပြည်သူများအနေဖြင့် door-to-door စနစ်၏ အကြောင်းကို သေချာစွာသိရှိသင့်သလို စာချုပ်များတွင်ပါဝင်သည့်အချက်များကိုလည်း သိရှိထားရန်လိုအပ်ပါကြောင်း၊ စားသုံးသူများအနေဖြင့် စာချုပ်များပယ်ဖျက်နိုင်သည့် အခွင့်အလမ်းများရှိသည်ကို သိရှိရန်၊ ပစ္စည်းကိုဝယ်ယူပြီး လက်ငင်းငွေပေးချေရမည်ဆိုပါက ဥပဒေအရ ပစ္စည်းအတွက်စုစုပေါင်း ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်း ထက်မကျော်လွန်ဘဲ သို့မဟုတ် ဒေါ်လာ ၁၀၀ (ယင်းတန်ဖိုးနှစ်ခုအနက်မှ လျော့နည်းသည့်တန်ဖိုး) ကို ပေးချေရမည် ဖြစ်ကြောင်းနှင့် စာချုပ်ကို မိတ္တူယူပြီးသိမ်းဆည်းထားရန်တို့ကို သိရှိရန်၊ ဆုကြေးငွေဖြင့်မက်လုံးပေးမှုများကို သတိမူရန်၊ တစ်စုံတစ်ခုအရေးကိစ္စဖြစ်ပေါ်ပါက မည်သူ့ကို ဆက်သွယ်ရမည်ကို သိရှိရန် (ဥပမာ- အိမ်တိုင်ရာရောက် ရောင်းချမှုစာချုပ်များနှင့်ပတ်သက်၍ ပယ်ဖျက်သည့် အခွင့်အလမ်းများနှင့်စည်းမျဉ်းများကို Consumer Protection BC မှလည်းကောင်း၊ သဘာဝဓာတ်ငွေ့ အိမ်တိုင်ရာရောက်ရောင်းချမှုများနှင့် အရောင်းစာချုပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းများနှင့် ပတ်သက်၍ မေးမြန်းလိုပါက British Columbia Utilities Commission မှလည်းကောင်း ဆောင်ရွက်လျက်ရှိ) စသည့်အချက်များဖြစ်ပါသည်။ ကနေဒါနိုင်ငံ၏ အိမ်တိုင်ရာရောက် အရောင်းစာချုပ်များ၊ တွန်းအားပေးဆောင်ရွက်မှုများနှင့် စားသုံးသူသတင်းအချက်အလက်များကို သိရှိလိုပါက Consumer Protection BC Website ဖြစ်သော (www.consumerprotectionbc.ca.) တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းလည်း သိရှိရပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# HP အမှတ်တံဆိပ်ထုတ်ကုန်ပစ္စည်းအသစ်များနှင့် နည်းပညာအသစ်များအား မိတ်ဆက်ပြသ




HP အမှတ်တံဆိပ်ကုန်ပစ္စည်းအသစ်များနှင့် နည်းပညာအသစ်များအား မိတ်ဆက်ပြသပွဲကို ဇူလိုင်လ ၂၈ရက်နေ့က ရန်ကုန်မြို့ ဆာကူရာတာဝါ၊ အထပ် ၂၀ရှိသီရိပစ္စယာစကိုင်းဘရစ္စတိုတွင် ကျင်းပခဲ့သည်။

HP နှင့် Intel တို့၏နည်းပညာများသည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ကုန်ပစ္စည်းအသစ်များနှင့် နည်းပညာအသစ်အဆန်းများကိုထုတ်လုပ်လျက်ရှိကြောင်း၊ HP နှင့် Intel တို့မှ ထုတ်လုပ်သည့်နည်းပညာမြင့်မားသည့်ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံ၏ကွန်ပျူတာဈေးကွက်အတွင်းသို့ရောက်ရှိနေပြီဖြစ်ပြီးဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလျက်ရှိနေကြောင်း Royal Smart Co.,မှမန်းနေးဂျင်း ဒါရိုက်တာ ဦးဇော်မင်းအောင်က ပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့၏ HP Product များ၏ Sale and Development Manager ဖြစ်သည့် Mr. Akkapol Luengrakang က HP မှထုတ်ကုန် အသစ်များနှင့်နည်းပညာအသစ်များဖြင့် ထုတ်လုပ်ထားသည့်ထုတ်ကုန်များအား ရှင်းလင်းပြသခဲ့ကြောင်းသိရသည်။

HP မှထုတ်လုပ်သည့်နည်းပညာ အသစ်ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ သိရှိလိုပါက Royal Smart Co., Ltd နှင့်ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖဆပလအိမ်ရာ | (၁၂.၅×၁၀)ပေ | (ပ)ထပ်၊အခန်းဖွဲ့ | ၉၀၀သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | တိုက်ခန်း | သာကေတမြို့နယ်၊ရွှေခင်းသာအိမ်ရာ | (၂၅×၃၅)ပေ | (ပ)ထပ်၊ BR(၃)ခန်းပါ | ၄၀၀သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | မြေ | အင်းစိန်မြို့နယ်၊(က+ခ)ရပ်ကွက် | (၂၀×၆၀)ပေ | မြေသီးသန့် | ၈၀၀သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၄) ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းနီး | (၄၀×၆၀)ပေ | မြေသီးသန့် | ၈၅၀သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၄) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနီး | (၄၀×၆၀)ပေ | မြေသီးသန့် | ၈၅၀သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) ရွှေပင်လုံအိမ်ရာ | (၈၀×၆၀)ပေ | မြေသီးသန့် | ၃၆၀၀သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း | ၆၅၀ စ/ပေ | (၇) လွှာ | ၂၅၀သိန်း | | |
| ၈။ | မြေ | ပြင်ဦးလွင်မြို့၊ညောင်နီရွာ | (၄၀×၆၀)ပေ | မြေသီးသန့် | ၁၂၅သိန်း | ရွာမြေ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | မြေ/အိမ် | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | (၄၅×၁၀၀)ပေ | BN (၁)ထပ် | ၃.၅သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |

# လေယာဉ်လက်မှတ်ခ အမေရိကန် ဒေါ်လာ ၀ ဖြင့် VietJet လေကြောင်းလိုင်းစီး၍ ဗီယက်နမ်သို့ စတိုင်ကျကျ ခရီးသွားနိုင်ပြီ

ဗီယက်နမ်နိုင်ငံ အခြေစိုက် VietJet လေကြောင်းလိုင်းမှ မြို့တော် ဟိုချီမင်းနှင့်ရန်ကုန်မြို့သို့ ပြေးဆွဲမည့် ခရီးစဉ်အသစ်အတွက် အထူးပရိုးမိုးရှင်း လက်မှတ်များကို ဇူလိုင် ၂၄ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။

လေယာဉ်စီး ခရီးသည်များ ဗီယက်နမ်သို့ လည်ပတ်နိုင်မည့် စိတ်လှုပ်ရှားဖွယ်ရာ အခွင့်အလမ်းတစ်ခုကို ယူဆောင်လာပါသည်။ VietJet လေကြောင်းလိုင်းမှ အသစ်ချိတ်ဆက်ပြေးဆွဲမည့်ခရီးစဉ်ဖြစ်သော ဟိုချီမင်း-ရန်ကုန်ခရီးစဉ်အတွက် လက်မှတ်များကို အထူးပရိုမိုးရှင်းအစီအစဉ်ဖြင့် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ မြန်မာစံတော်ချိန် နေ့လယ် ၁၁ နာရီခွဲမှ နေ့လယ် ၁ နာရီခွဲအတွင်း ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည့်လက်မှတ်များအား ကံစမ်းမဲအဖြစ် ရောင်းချပေးသောကံကောင်းခြင်းလက်မှတ်၏နှုန်းထားမှာ အမေရိကန်ဒေါ်လာ ၀ ဒေါ်လာဖြစ်ပြီး ယင်းလက်မှတ်မှာအောက်တိုဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိစီးနင်းနိုင်မည်ဖြစ်သည်။ ခန့်မှန်းကြာမြင့်ချိန် ၂ နာရီနှင့် ၁၅ မိနစ်ခန့်ရှိသော ဟိုချီမင်း-ရန်ကုန် ခရီးစဉ်ကို ၂၀၁၅ ခုနှစ်အောက်တိုဘာလ ၂ ရက်နေ့တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ တစ်ပတ်လျှင် ငါးရက် ပြေးဆွဲသွားမည်ဖြစ်ပါသည်။

ဟိုချီမင်းမှ ရန်ကုန်ခရီးစဉ်အတွက် ဗီယက်နမ်ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅မိနစ် တွင်ဟိုချီမင်းမှ ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ မြန်မာဒေသစံတော်ချိန် နေ့လယ် ၁၂ နာရီ ၁၀မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ရန်ကုန်မှဟိုချီမင်းသို့ခရီးစဉ်ကို မြန်မာဒေသစံတော်ချိန် နေ့လယ် ၁ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဟိုချီမင်းသို့ဗီယက်နမ်ဒေသစံတော်ချိန် ညနေ ၃နာရီ ၃၅ တွင်ဆိုက်ရောက် မည်ဖြစ်ပါသည်။ လက်မှတ်များကို www.vietjetair.com ၊ (စမတ်ဖုန်းများဖြင့် အသုံးပြုနိုင်သော www.m.vietjet.com )၊ www.facebook.com/vietjetvietnam တို့တွင် " Booking" tab ကို ကလစ်လုပ်၍ဝယ်ယူရရှိနိုင်ပါသည်။

Visa ကဒ်၊ Master Card ၊ JCB၊ America Express နှင့် ATM Card များဖြင့်လည်း လွယ်ကူစွာလက်မှတ်ခကို ငွေပေးချေနိုင်ပါသေးသည်။

"ခရီးသွားလုပ်ငန်းရယ် ယဉ်ကျေးမှုနဲ့ စီးပွားရေးအချက်အချာကျတဲ့နိုင်ငံနှစ်နိုင်ငံကိုဆက်သွယ်ခြင်းဖြစ်တဲ့ ဟိုချီမင်း-ရန်ကုန်ခရီးစဉ်က နောက်ထပ်ကျယ်ပြန့်လာတဲ့ VietJet လေကြောင်းလိုင်းရဲ့ ကွန်ရက်ဖြစ်ပြီး အဲ့ဒီအတွက် နှစ်သက်ကျေနပ်မှုကိုဖြစ်စေပါတယ်။ ခင်မင်ရင်းနှီးမှုဖြင့် ရှေ့ရေးကိုစဉ်းစားသော ခေတ်မီလေကြောင်းတစ်လိုင်းအနေဖြင့် ကျွန်တော်တို့က ရေရှည်ကိုကြည့်ကာ မြန်မာပြည်သူတွေကို ပိုမိုပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော လေကြောင်းခရီးသွားလာခြင်းကိုပြုလုပ်ပေးသွားမှာပါ။ ခရီးသွားနိုင်သူတိုင်းအတွက် ကျွန်တော်တို့ရဲ့ အံ့သြဖွယ်ကောင်းလှတဲ့ဈေးနှုန်း သတ်မှတ်မှုနဲ့ ဝန်ဆောင်မှုဒေသတွင်း ကျယ်ပြန့်တဲ့ လေကြောင်းကွန်ရက်တို့က စိတ်ကျေနပ်မှုရစေမှာပါ" ဟု VietJet မှ ဒုတိယဥက္ကဌ Nguyen Thi Thuy Binh က ပြောကြားသည်။

ထိုင်း၊စင်ကာပူ၊တောင်ကိုရီးယား၊ ထိုင်ဝမ်စသော နိုင်ငံတကာလေကြောင်းခရီးစဉ်များကလည်း VietJet လေကြောင်းလိုင်း၏ နောက်ဆုံးပြေးဆွဲအောင်မြင်နေသောခရီးစဉ်အသစ်များဖြစ်ကြသည်။ VietJet နှင့်အတူ သက်တောင့်သက်သာရှိသော ထိုင်ခုံများပါရှိသည့်ခေတ်မီလေယာဉ်များ၊ဖော်ရွေသော လေယာဉ်မယ်လေးများမှ တည့်ခင်းဧည့်ခံသော လတ်ဆတ်သည့်အအေးများ၊အရသာရှိပြီး ပူနွေးသောအစားအစာများနှင့်လေယာဉ်ပေါ်တွင်လည်းအထူးအံ့သြဖွယ်ရာအပြည့်တို့အပါအဝင် အကောင်းဆုံးသော ဝန်ဆောင်မှုများက ခရီးသည်များကို ဝမ်းမြောက်ပျော်ရွှင်စွာကြိုဆိုလျက်ရှိနေကြောင်းသိရသည်။ ■

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1 .5 ဓာတ်ဆီ |
| ၂။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၉၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၃။ | တိုယိုတာ၊ ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၁၅၂ သိန်း | 1 .8 ဓာတ်ဆီ |
| ၄။ | အေလီယန် ဆလွန်း (၂၀၁၀) | ယာယီ | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1 .3 ဓာတ်ဆီ |
| ၆။ | စူဇူးကီး၊ ဆွစ် (၂၀၁၀) | ယာယီ | ၁၀၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၇။ | အာဗီအာ (၂၀၁၁) | ယာယီ | ၂၇၀ သိန်း | 1 .8 ဓာတ်ဆီ |
| ၈။ | စီအာဗီ (၂၀၀၃) | ယာယီ | ၁၇၈ သိန်း | 2 .0 ဓာတ်ဆီ |
| ၉။ | အာအေဗီ (၄) (၂၀၀၄) | ယာယီ | ၂၁၅ သိန်း | 2 .0 ဓာတ်ဆီ |

SN

## ကလေးကျန်းမာရေး

# uav;tm[m&zGJbd;a&;

ဒေါက်တာလွင်သန့်

ကလေးဘဝအာဟာရဖွံ့ဖြိုးမှုဖြစ်စေဖို့ နောင်အနာဂတ်မှာ ကိုယ်ရည်ကိုယ်သွေးမြင့်မားတဲ့ လူငယ်များနဲ့ အားကစားမှာ ပေမှီဒေါက်မှီကြီးထွားဖွံ့ဖြိုးလာဖို့အတွက် အကြီးမားဆုံးလိုအပ်တဲ့အရာလည်းဖြစ်တယ်။ ကလေးငယ်တွေ ကြီးထွားဖို့အတွက် မိခင်ဖြစ်သူဟာလည်း ကိုယ်ဝန်ဆောင်စဉ်ကတည်းက အာဟာရပြည့်ဝပြီး ကျန်းမာတဲ့မိခင်ဖြစ်ဖို့ လိုအပ်လှပါတယ်။

**မွေးစကလေးရဲ့ကိုယ်အလေးချိန်ဟာ** အနည်းဆုံးငါးပေါင်ခွဲ (သို့) နှစ်ကီလိုဂရမ်ခွဲရှိမှ ကိုယ်အလေးချိန်ပြည့်တယ်။ မွေးစမှကိုယ်အလေးချိန်ပြည့်တဲ့ ကလေးဟာကျန်းမာပြီး ပုံမှန်ကြီးထွားဖွံ့ဖြိုးမယ်။ ကိုယ်ဝန်ဆောင်မိခင်အာဟာရပြည့်ဝမှပဲ ကိုယ်အလေးချိန်ပြည့်တဲ့ကလေးကို မွေးဖွားနိုင်မယ်။ ကိုယ်ဝန်ဆောင်မိခင်ဟာ အာဟာရပြည့်ဝအောင် အစားပိုစားရမယ်။ သားငါးသီးနှံစုံအောင် စားရမယ်။ နို့သောက်သင့်တယ်။ ကိုယ်ဝန်ဆောင်စဉ်သွေးအားကောင်းစေဖို့ သံဓာတ်ပါဝင်တဲ့ ဆေးပြားမှန်မှန်မှီဝဲရမယ်။

**မိခင်နို့သာကလေးအာဟာရအတွက်** အကောင်းဆုံးဖြစ်တယ်။ မိခင်နို့ဟာမွေးစကလေးအတွက်လုံလောက်တယ်။မွေးပြီးနာရီဝက်အတွင်း မိခင်နို့တိုက်ကျွေးရမယ်။ မီးဖွားပြီးပထမ တစ်ရက် နှစ်ရက်မှထွက်တဲ့နို့ရည်ကြည်(နို့ဦးရည်)ကိုတိုက်ဖြစ်အောင်တိုက်ရမယ်။ ကလေးခြောက်လအထိ မိခင်နို့ရည်တစ်မျိုးတည်းသာ တိုက်ရမယ်။ အသက်ခြောက်လမှစပြီး ဖြည့်စွက်အစာကျွေးရမယ်။ ဖြည့်စွက်စာအတွက် မိခင်နို့ကိုကလေးအသက် နှစ်နှစ်ထိဆက်လက်တိုက်ကျွေးရမယ်။

**နို့တိုက်မိခင်ဟာ အာဟာရပြည့်ဝအောင်** အစားပိုစားရမယ်။သားငါးသီးနှံစုံအောင်စားရမယ်။နို့သောက်ရမယ်။ ကလေးခြောက်လပြည့်ရင် နို့စို့ကလေးငယ်အတွက် ဖြည့်စွက်အစာကျွေးရမယ်။ ကလေးခြောက်လပြည့်ရင် မိခင်နို့နဲ့အတူ အခြားအစားအစာများ ဖြည့်စွက်ကျွေးဖို့လိုတယ်။ ဆန်ပြုတ်၊ အာဟာရမှုန့်၊ ထမင်းပျော့ပျော့ဖြစ်အောင်ကျွေးနိုင်တယ်။ ဆီအနည်းငယ်ထည့်ကျွေးရမယ်။

**ကလေးအသက်ခြောက်လကျော်ရင်** ဥ၊ ငါး၊ အသည်းစတဲ့ ပျော့ပျောင်းတဲ့ အစာများမှစပြီး၊ ပဲနဲ့အသားအမျိုးမျိုး နူးနပ်အောင် ချက်ကျွေးခြင်း၊ ဟင်းထဲမှဟင်းရွက်များကြေအောင်ချေပြီး တစ်ဖြည်းဖြည်းအကျင့်လုပ်ကျွေးရမယ်။ ငှက်ပျောသီးမှည့်၊ သဘော်သီးမှည့်အသီးအနှံများကို လတ်လတ်ဆတ်ဆတ်ကျွေးသင့်တယ်။ သားငါးသီးနှံစုံအောင်ကျွေးပါမှ အာဟာရဓာတ်များ စုံစုံလင်လင်ပြည့်ပြည့်ဝဝရရှိမယ်။ ကလေးကိုအစာကျွေးသူဟာ တစ်ကိုယ်ရည်သန့်ရှင်းမှုရှိဖို့နဲ့ ကျွေးတဲ့ပန်းကန်ခွက်ယောက်များသန့်ရှင်းဖို့အရေးကြီးတယ်။

**သုံးနှစ်အောက်ကလေး** ကိုယ်အလေးချိန်မှတ်တမ်းထားရမယ်။ ကလေးများကျန်းမာပြီး အာဟာရပြည့်ဝနေရင် ကိုယ်အလေးချိန် မှန်မှန်တိုးတယ်။ ကိုယ်အလေးချိန်မတိုးဘဲ တန့်နေရင် (သို့)ကိုယ်အလေးချိန်လျော့သွားရင် ရောဂါတစ်ခုခုခံစားနေရခြင်း(သို့)အာဟာရပြည့်ဝစွာ မစားသုံးရခြင်းတို့ကြောင့်ဖြစ်နိုင်တယ်။ မွေးစမှတစ်နှစ်အရွယ်ထိ တစ်လတစ်ကြိမ် ကိုယ်အလေးချိန် ချိန်ပြီး မှတ်တမ်းတင်ရမယ်။ တစ်နှစ်မှသုံးနှစ်အရွယ်ထိ သုံးလတစ်ကြိမ် ကိုယ်အလေးချိန်ချိန်ပြီး မှတ်တမ်းတင်ထားရမယ်။ နီးရာကျန်းမာရေးဌာန သားဖွားဆရာမ(သို့)အရန်သားဖွား ဆရာမထံသို့ ကိုယ်အလေးချိန်ချိန်ပြီးမှ မှတ်တမ်းပြုရမယ်။ ကလေးကို ဘယ်လိုအစာကျွေးရမလဲမေးရမယ်။

**ငါးနှစ်အောက်ကလေးများဟာ** လူကြီးလိုတစ်ကြိမ်တည်းနဲ့ အစာအများကြီးမစားနိုင်၊လူကြီးလိုနှစ်ကြိမ်စားရုံနဲ့မလုံလောက်ပါ။ တစ်နေ့ထမင်းသုံးကြိမ်ကျွေးရမယ်။ အာဟာရရှိတဲ့ မုန့်ပဲသွားရည်စာများကျွေးရမယ်။ နေမကောင်းဖြစ်ရင် အစာမကျွေးဘဲ မထားသင့်ပါ။ အစာပျော့ပျော့ကျွေး၊ အရည်များများ တိုက်ရမယ်။ မိခင်နို့ဆက်ပြီးတိုက်ရမယ်။ အာဟာရပြည့်ဝမှ မြန်မြန်နာလန်ထနိုင်တယ်။ ဝမ်းပျက်ဝမ်းလျှောရင် ဓာတ်ဆားရည်တိုက်ရမယ်။

# ကိုယ့်ကိုယ်ကို သတ်သေသည့်အမျိုးသမီးများသည် လူမှုဆက်ဆံရေးပိုင်းတွင် ညံ့ဖျင်းသောသူများဖြစ်သည်ဟု ဆို



ကိုယ့်ကိုယ်ကိုသတ်သေရန် ကြိုးစားသည့်(သို့မဟုတ်)သတ်သေခဲ့သည့် အမျိုးသမီးများသည် လူမှုဆက်ဆံရေးပိုင်းတွင် အားနည်းသူများ၊ ညံ့ဖျင်းသောသူများဖြစ်နေတတ်ကြောင်း အမေရိကန်လေ့လာသူများက ဖော်ထုတ်ခဲ့သည်။

အဆိုပါအမျိုးသမီးများသည် မိမိ၏ မိသားစု၊ သူငယ်ချင်းမိတ်ဆွေများ၊လူမှုရေးလုပ်ငန်းများမှ ဝေးကွာလျက်ရှိပြီး တစ်ဦးတည်းအထီးကျန်နေသူများဖြစ်နေသည်ကို လေ့လာတွေ့ရှိရကြောင်းဖြင့် လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ဖော်ထုတ်ရေးသားခဲ့ကြသည်။

ဘော်စတွန်ရှိ မန်ဆာချူးဆက်အထွေထွေဆေးရုံကြီးမှ ဒေါက်တာ အလက်ဇန္ဒြားတိုင်းဆေးက အဆိုပါဖြစ်ရပ်များကို ၎င်းလေ့လာတွေ့ရှိချက်များဖြင့် ဥပမာပေးကာ ရေးသားဖော်ပြခဲ့သည်။

ဒေါက်တာအလက်ဇန္ဒြားသည် အမျိုးသမီးပေါင်း ၇၀၀၀ကျော်ကို နှစ်ပေါင်း ၂၀ ကြာလေ့လာခဲ့ပြီးနောက် ယင်းဖြစ်ရပ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

“ဒါဟာ တကယ့်ကို ဆိုးရွားလှတဲ့ဖြစ်ရပ်ပါပဲ။ ကိုယ့်ကိုယ်ကို သတ်သေတဲ့အမျိုးသမီး၁၀၀မှာ၇၅ယောက်လောက်က လူမှုဆက်ဆံရေးနယ်ပယ်ကျဉ်းမြောင်းတဲ့သူ ဒါမှမဟုတ် လူမှုဆက်ဆံရေးနယ်ပယ်ကနေ ဖယ်ကျဉ်ခံရသူတွေဖြစ်နေကြပါတယ်” ဟု ၎င်းက ပြောကြားခဲ့သည်။

အမျိုးသမီးများ၏ ကိုယ့်ကိုယ်ကိုသတ်သေသည့်နှုန်းသည် တစ်နှစ်ထက်တစ်နှစ်မြင့်မားလျက်ရှိရာ အမျိုးသမီးများသေဆုံးသည့်ဖြစ်ရပ်များအနက် ထိပ်ဆုံးတွင်ရှိနေကြောင်း၊ ထို့ပြင် အဆိုပါ ပမာဏသည် နှစ်စဉ်မြင့်တက်လျက်ရှိနေကြောင်းဖြင့် ၎င်းက ဖော်ထုတ်ရေးသားခဲ့သည်။

ဒေါက်တာအလက်ဇန္ဒြားသည် ၁၉၉၈ ခုနှစ်မှ စတင်၍အဆိုပါဖြစ်စဉ်ကို အသက် ၄၆နှစ်မှ၇၁နှစ်ကြားရှိ အမျိုးသမီး ၇၂၆၀၇ ယောက်ကို လေ့လာခဲ့ခြင်းဖြစ်သည်။

၎င်းလေ့လာမှုပြုနေသည့် ၁၈နှစ်မြောက်သည့်နှစ်တွင် အမျိုးသမီး ၄၃ ဦးမှာကိုယ့်ကိုယ်ကိုသတ်သေခဲ့ကြကြောင်း၊ အဆိုပါအမျိုးသမီး ၄၃ဦးသည် လူမှုဆက်ဆံရေးပိုင်းတွင်အားနည်းသူများဖြစ်နေပြီး မိသားစုဝင်များ၊ သူငယ်ချင်းများ၏စွန့်ခွာခြင်းကိုခံစားသူဖြစ်နေသည်ကို တွေ့ရှိခဲ့ရကြောင်းဖြင့် ရိုက်တာသတင်းဌာနကို ထုတ်ဖော်ပြောကြားခဲ့သည်။ **မယ်သီတာ**

# တစ်နေ့ကို ငှက်ပျောသီးသုံးလုံးစားပေးပါက လေဖြတ်ခြင်းကိုလျော့နည်းစေနိုင်

တစ်နေ့လျှင် ငှက်ပျောသီးသုံးလုံးစားပေးပါက လေဖြတ်ခြင်းကို လျော့ပါးသက်သာစေနိုင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။

ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝသည့်အစားအစာများကိုစားသုံးပေးခြင်းသည် လေဖြတ်ခြင်းကိုလျော့ပါးစေနိုင်ကြောင်း၊ အဆိုပါပိုတက်ဆီယမ်ဓာတ်သည် လူတို့၏အသက်ကိုကယ်တင်ပေးသည့်အရာပင်ဖြစ်ကြောင်း၊ ငှက်ပျောသီးတွင် ပိုတက်ဆီယမ်ဓာတ်များ ပေါများစွာ ပါဝင်နေမှုကြောင့် လူတို့၏ခန္ဓာကိုယ်တွင်းရှိ ဆားဓာတ်ကိုစုပ်ယူပေးကြောင်း၊ လူတို့၏ခန္ဓာကိုယ်အတွင်းတွင် အငန်ဓာတ်ပိုမိုလွန်ကဲစွာ ပါဝင်နေပါက လေဖြတ်ခြင်းကိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ငှက်ပျောသီးစားပေးခြင်းဖြင့် အငန်ဓာတ်ကို လျှော့ချပေးနိုင်မည်ဖြစ်သဖြင့် ငှက်ပျောသီးကို တစ်နေ့လျှင် သုံးလုံးခန့် စားပေးရန်လိုအပ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။



ထို့ပြင်ပိုတက်ဆီယမ်ဓာတ်ပေါများစွာပါဝင်သည့် အခြားသစ်သီးများသည်လည်း ခန္ဓာကိုယ်တွင်းရှိ အငန်ဓာတ်ကို စုပ်ယူပေးနိုင်သဖြင့် သစ်သီးများကို စားပေးသင့်ကြောင်း၊ သို့သော် ငှက်ပျောသီးသည် အလွယ်တကူဝယ်ယူရရှိနိုင်သဖြင့် ငှက်ပျောသီးကို စားဖို့ တိုက်တွန်းရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ ငှက်ပျောသီးကို နံနက်စာစားပြီးချိန်တွင် တစ်လုံး၊ နေ့လည်စာစားပြီးချိန်တွင် တစ်လုံးနှင့်ညစာစားပြီးချိန်တွင် တစ်လုံးစားပေးသင့်ကြောင်း၊ ငှက်ပျောသီးစားသုံးသည့်အတွက် လေဖြတ်ခြင်းကို သက်သာလျော့ပါးစေမည်ဖြစ်ကြောင်း၊ အီတလီနှင့်အင်္ဂလန်မှသိပ္ပံပညာရှင်များ ပါဝင်သည့်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ငှက်ပျောသီးတစ်လုံးလျှင် ပိုတက်ဆီယမ်ဓာတ်ပါဝင်မှုမှာ ၁၆၀၀ မီလီဂရမ်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် လေဖြတ်ရောဂါကြောင့် နှစ်စဉ် လူ ၁,၁၅၅,၀၀၀ ခန့် သေဆုံးနေကြရကြောင်း၊ ယူကေတွင် ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းစသည့် ဖြစ်ရပ်များကြောင့် လေဖြတ်ခြင်းဖြစ်ကာ ဘဝဆုံးရှုံးနေကြရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၃-၈-၂၀၁၅ မှ ၉-၈-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အိုးအိမ်အပြောင်းအရွှေ့ရှိမည်။ ပင်ပန်းသောခရီးကိုသွားရမည်။ မိသားစုနှင့်ပတ်သက်ပြီးစိတ်သောက ရှိမည်။ အလုပ်အကိုင်သစ်ရရှိမည်။ အင်္ဂါနံနှင့်စသောလုပ်ငန်းများ အဆင်ပြေတိုးတက်မည်။ အထက်လူကြီးများကြောင့် စိတ်သောက ရောက်ရမည်။ အိမ်ထောင်ရေးအဆင်မပြေတတ်ပါ။ ကျန်းမာရေးဦးခေါင်း၊ နှလုံး၊ သွေးတိုး၊ ခါးနာ စသည့်ရောဂါများဖြစ်တတ်မည်။ အချစ်ရေး တနင်္လာ၊ သောကြာသားသမီးများနှင့်အဆင်ပြေမည်။ **ယတြာ။ မုန့်ဟင်းခါးကို ဘူးသီးကျော်နှင့် မိသားစုကို ဝယ်ကျွေးပါ။**

---



**တနင်္လာသားသမီးများအတွက်** နိုင်ငံခြားတိုင်းတစ်ပါးကိစ္စရပ်များ မတင်မကျဖြစ်တတ်ပါသည်။ မမျှော်လင့်ဘဲငွေကံကောင်းတတ်ပါသည်။ နိုင်ငံခြားခရီးသွားရခြင်း၊ လူကြီးများနှင့် (အစိုးရ) စီးပွားရေးကိစ္စ၊ အလုပ်ကိစ္စပြောဆိုရခြင်းဖြစ်မည်။ ဝန်ထမ်းဖြစ်ပါက အဆင်ပြေမည်။ ကုန်ရောင်း ကုန်ဝယ်စီးပွားရေးသမားများအဖို့အကြွေးတင်မည်။ ရစရာရှိသည်များလည်း မရတတ် ပါ။ အင်္ဂါနံပစ္စည်းအသစ်ဝင်ရန်ရှိပါသည်။ ချစ်သူရှိသောသူများ အိမ်ထောင်ကျကိန်းရှိသည်။ အိမ်ထောင်ရှင်များအဖို့ကတောက်ကဆစကားများတတ်မည်။ ပညာရေးကောင်းမည်။ ကျန်းမာရေး ဝမ်းဗိုက်နှင့်ပတ်သက်သောရောဂါဖြစ်ပွားတတ်မည်။ အထူးဂရုစိုက်ပါ။ **ယတြာ။ ဆင်းရဲတဲ့သူကို ငွေ ၅၀၀၀ ကျပ်လှူဒါန်းပါ။ ၅၀၀ လှူလည်းရပါသည်။**

---



**အင်္ဂါသားသမီးများအတွက်** ခရီးတိုခရီးရှည်စိတ်ပျက်စရာခရီးများ သွားနေရတတ်မည်။ မိမိဘာလုပ်လုပ်အထင်သေးခံရမည်။ သို့သော် လုပ်ငန်းအောင်မြင်မည်။ အလုပ်ထဲတွင် စာရွက်စာတမ်း အထားမှားခြင်းပျောက်ခြင်းဖြစ်တတ်ပါသည်။ ဘဏ်လုပ်ငန်း အဆင်ပြေမည်။ ရွှေထည်ပစ္စည်းထွက်ခြင်း၊ ငွေဒလဟောထွက်ခြင်း၊ ငွေကိစ္စ ဖြေရှင်းရခြင်းကြုံမည်။ ဝန်ထမ်းများဖြစ်ပါက စစ်ဆေးမေးမြန်းခြင်းခံရတတ်သည်။ အချစ်ရေးကိစ္စစိတ်အနှောင့်အယှက်ဖြစ်တတ်မည်။ ခန္ဓာကိုယ်တွင်း ပိုင်ဒဏ်ရာရတတ်မည်။ ခါး၊ အကြောရောဂါ၊ လေရောဂါများ ဖြစ်တတ်မည်။ **ယတြာ။ ခွေးအစာကျွေးပါ။**

---



**ဗုဒ္ဓဟူးသားသမီးများအတွက်** ယာဉ်ကားစက်ပစ္စည်းဝင်လာတတ်မည်။ အပန်းဖြေခရီးသွားရတတ်မည်။ အလုပ်ပြောင်း၊ ဌာနပြောင်း၊ နေရာပြောင်းရှိမည်။ အလုပ်ရှာလိုသူများ အလုပ်ရမည်။ အိမ်တွင်းရေးအဆင်မပြေဖြစ်မည်။ အခက်အခဲများကိုပင်ပန်းစွာ ဖြေရှင်းရတတ်မည်။ ငွေကြေးလုပ်ငန်း၊ ငွေချေးငှားခြင်းလုပ်ငန်း အခက်အခဲရှိမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ အချစ်ရေးမကောင်းပါ။ အထင်မြင်လွဲခြင်း စိတ်သောကရောက်ခြင်း၊ မိသားစုနှင့်ပြဿနာပေါ်ခြင်းဖြစ်မည်။ ကျန်းမာရေး လေနှင့်ပတ်သက်သောရောဂါ၊ ခေါင်းကိုက်ရောဂါ၊ အကြောရောဂါများ ဖြစ်ပွားမည်။
**ယတြာ။ အဖြူရောင်ပန်းများကို ဘုရားမှာ ဝဝဝေဆာဆာ လှူဒါန်းပါ။**

---



**ကြာသပတေးသားသမီးများအတွက်** အလုပ်တွေများပြီး စိတ်ပင်ပန်းနေတတ်သည့်အချိန်ဖြစ်ပါသည်။ အလုပ်အကိုင်မယ်မယ်ရရမလုပ်နိုင်ဘဲစိတ်တွေလေးနေတတ်မည်။ အလုပ်လျှောက်ခြင်း၊ အလုပ်ပြောင်းခြင်း၊ အလုပ်နှင့်ပတ်သက်ပြီး အသစ်မရနိုင်သေးပါ။ ရခဲ့လျှင် လည်းမမြဲတတ်ပါ။ အဆင်မပြေမည့်ကာလဖြစ်ပါသည်။ အရောင်းအဝယ်သမားများ အဆင်ပြေမည်။ အိမ်တွင်းရေးကောင်းမည်။ အချစ်ရေးအဆင်ပြေမည်။ အိမ်ထောင် ရေးကောင်းသော်လည်း သားသမီးနှင့်ပတ်သက်ပြီး စိတ်တိုင်းမကျခြင်းရှိမည်။ ကျန်းမာ ရေး ခြေလက်ကြွက်တက်ခြင်း၊ အာရုံကြောရောင်ရမ်းခြင်း၊ အကြောညပ်ခြင်းများဖြစ်ပွားတတ်မည်။
**ယတြာ။ ဘုရားတွင် ရွှေထီးလှူဒါန်းပါ။**

---



**သောကြာသားသမီးများအတွက်** အဆိုးတွေပျောက်ပြီးအကောင်းတွေရောက်မည့်ကာလဖြစ်ပါသည်။ အလုပ်သစ်၊ နေရာသစ်၊ ရာထူးသစ်ရရှိမည်။ စီးပွားရေးလုပ်ငန်းများတိုးတက်မည်။ ယာဉ်၊ စက်ပစ္စည်းအသစ်များဝင်မည်။ မိတ်ဆွေသစ်တို့၏ ကူညီစောင့်ရှောက်မှုကြောင့်အဆင်ပြေအောင်မြင်မည်။ အခက်အခဲများကိုကျော်ဖြတ်ပြီး အဆင်ပြေမည့်ကာလဖြစ်မည်။ ကြွေးမြီများကို ရှင်းလင်းနိုင်မည်။ အိမ်တွင်းရေးအဆင်ပြေမည်။ အချစ်ရေးမကောင်းပါ။ ကျန်းမာရေး မျက်စိနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားတတ်မည်။ **ယတြာ။ ဖယောင်းတိုင်၊ အလင်းတိုင်လှျပ်စစ်အလင်းရောင် လှူဒါန်းပါ။**

---



**စနေသားသမီးများအတွက်** အခက်အခဲများကြားမှ အောင်မြင်မှုရရှိမည့်ကာလဖြစ်ပါသည်။ အိုးအိမ်အပြောင်းအလဲပိုင်ဆိုင်ခြင်းများ ရရှိမည်။ အလုပ်အကိုင်တည်တကျနှင့် အဆင်ပြေမည်။ မိသားစုအရေးကောင်းမွန်မည်။ ယာယီ ခရီးထွက်ရတတ်မည်။ အိမ်တွင်းရေး အဆင်ပြေမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ အချစ် ရေး အဆင်မပြေ တတ်ပါ။ နေရာသစ်တွင် ကောင်းမွန်သောသူများနှင့် အဆင်ပြေစွာ တွေ့မည်။ ကျန်းမာရေး သွားရောဂါ၊ အကြောရောဂါ၊ အဆစ်အမြစ် ကိုက်ခဲသောရောဂါ ဖြစ်ပွားတတ်မည်။
**ယတြာ။ ရွှေသင်္ကန်းကပ်လှူပါ။**

# အမှတ်(၁)အာရှအဝေးပြေးလမ်းမကြီးတွင် မော်တော်ယာဉ်များမောင်းနှင်နိုင်ပြီ

အမှတ်(၁)အာရှအဝေးပြေးလမ်းမကြီး(Asia Highway 1) (AH-1) ရဲ့အစပိုင်းဖြစ်တဲ့-မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းပိုင်း ဖောက်လုပ်မှုမှာ ရာခိုင်နှုန်းပြည့်ပြီးစီးသွားပြီဖြစ်ပါတယ်။ မော်တော်ယာဉ်များ မြဝတီအထိ ဖြတ်သန်းမောင်းနှင်ခွင့်လည်း ပြုလိုက်ပြီလို့ သိရပါတယ်။

AH-1 ကို အိန္ဒိယဝန်ကြီးချုပ်နဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ ၂၀၀၀ ပြည့်နှစ် အိန္ဒိယမှာ တွေ့ဆုံစဉ် ထိုင်း-မြန်မာ-အိန္ဒိယ လမ်းပန်းဆက်သွယ်မှုလျင်မြန်ရေးအတွက် လမ်းဖောက်လုပ်ရန် စတင်ဆွေးနွေးခဲ့ကြပါတယ်။

AH-1 သည် ထိုင်းမြန်မာနယ်စပ်မြဝတီမှ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ထိ ၁၆၆၅ ကီလိုမီတာရှိပါတယ်။ ယခင် လမ်းဟောင်းကို အသုံးပြုစဉ်က ဒေါနတောင်ကို ခက်ခဲစွာကျော်ဖြတ်ရပြီး အဆင်းတစ်ရက် အတက်တစ်ရက် ခွဲသုံးနေခဲ့ရတာဖြစ်ပါတယ်။

မိုးတွင်းကာလ တောင်ပြိုလျှင် သို့မဟုတ် လမ်းမှာ ယာဉ်တစ်စီးစီး ပျက်နေလျှင် ကားလမ်းများပိတ်သွားခဲ့ပြီး ဒေါနတောင်မှာ ညအိပ်ခဲ့ရတာမျိုးရှိပါတယ်။ယခု AH-1 မှာ ဒေါနတောင်ကို ရှောင်ကွင်းဖောက်လုပ်ထားခြင်း ဖြစ်ပါတယ်။ တောင်ပေါ်လမ်းမဟုတ်တော့သဖြင့် အန္တရာယ်ကင်းရှင်းစွာနဲ့ မောင်းနှင်သွားလာနိုင်ပြီဖြစ်ပါတယ်။ အဆိုပါ လမ်းကို တရားဝင်မဖွင့်လှစ်ရသေးသော်လည်း မဆင်မခြင် မောင်းသူများကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုကတော့ ၁၀ ကြိမ်ထက်မနည်းရှိနေပြီဖြစ်ပါတယ်။ ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်တဲ့ကားက တိုက်မိမှု ရှိသလို ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုများရှိနေတယ်လို့ သတင်းများအရ သိရှိရပါတယ်။ အဆိုပါ အာရှအဝေးပြေးလမ်းမကြီး AH-1 သည် အာဆီယံနိုင်ငံများရဲ့ စံချိန်စံညွှန်းနဲ့အညီ အမြင့်ဆုံးအရည်အသွေးရှိလမ်းမကြီးဖြစ်ကာ နေ့စဉ်မော်တော်ယာဉ်များ သွားလာနေကြပြီဖြစ်ပါတယ်။

မြန်မာ-ထိုင်း နယ်စပ် မြဝတီကုန်သွယ်ရေးဇုန်ဟာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ပြီးလျှင် ကုန်သွယ်မှုဒုတိယအများဆုံးဆောင်ရွက်တဲ့ စခန်းတစ်ခုဖြစ်ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မယ်စဲ့၊ ကျိုင်းတုံနဲ့ မော်တောင် ကုန်သွယ်ရေးစခန်းများအနက် မြဝတီကုန်သွယ်ရေးဇုန်ဟာ ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်တဲ့ စခန်းတစ်ခုလည်းဖြစ်ပါတယ်။ AEC လို့ခေါ်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းကြီးကို အကောင်အထည်ဖော်ရာမှာလည်း အသုံးပြုခွင့်ရပြီဖြစ်တဲ့အတွက် အာရှလမ်းမသစ်ကြီးကို ကြိုဆိုဂုဏ်ပြုလိုက်ပါတယ်။ **MIRT**

---

# စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊အုန်းတောအုပ်စု၊ဘန်ဘွေးကုန်းကျေးရွာ အမကကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးဟောပြောပွဲတွင် ရပ်မိရပ်ဖကျောင်းအကျိုးတော်ဆောင်တစ်ဦးမှ အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းကြည်က ကျောင်းကျန်းမာရေးနှင့် စည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးအေးမြင့်က ကျောင်းသူ၊ ကျောင်းသားများကို သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် ကာကွယ်ရေးအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကာ ကြို့ပင်ကောက်မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ဦးက စားသုံးသူများသိသင့် သိထိုက်သည့် အခွင့်အရေးနှင့်တာဝန်များဆွေးနွေးဟောပြောပြီး ကျောင်းသား/သူများအား အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသောက်သင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒေါ်ရီရီရှိန်(ဒုတိယဦးစီးမှူး)က စားသုံးရန်မသင့်သော နမူနာမုန့်မျိုးစုံများအား ပြသ၍ မုန့်တစ်မျိုးချင်းစီ၏ ဘေးဥပဒ်အန္တရာယ် ဖြစ်ပွားမှုကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာအုပ်စုကျောင်း အကျိုးတော်ဆောင် ရပ်မိရပ်ဖများ၊ ရပ်ရွာအထောက်အကူပြုအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ ကျောင်းမုန့်ဈေးရောင်းသူများအား လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပါသည်။ ဆွေးနွေးဟောပြောပွဲသို့ စုစုပေါင်းအင်အား ၉၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ခိုင်ခိုင်ရီ၊ စားသုံးသူ**

---

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများကို ရည်မှန်းချက်ထားရှိသည့်အတိုင်း အောင်မြင်စေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးဦးစီးမှူးမှလည်း ရည်မှန်းချက်အောင်မြင်စေရန် တိုင်းဒေသကြီးအတွင်းရှိယခင်ကပညာပေးဟောပြောပွဲ ဆောင်ရွက်ပြီးသော နေရာများတွင် ထပ်မံမပြုလုပ်ဘဲ နေရာသစ်များတွင် ပြုလုပ်ရန် လမ်းညွှန်မှု ပြုထားပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးသောင်းကြိုင်ဦးစီးသည့် ဝန်ထမ်းများသည် ကလေးခရိုင်၊ ကလေး မြို့နယ်၊ ကလေးမြို့ လက်ပံချောင်း အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊(ပျဉ်တော်ဦးကျောင်းတိုက်၊ ဆည်တော်ဦး) အထက်တန်းကျောင်း (ခွဲ) များတွင် လည်းကောင်း၊ (မင်းလှ၊ အောင်ရွာ၊ စုချင်းစု၊ အင်ကြင်းခုံ၊ သဖန်းအိုင်) အလယ်တန်းကျောင်းခွဲများတွင်လည်းကောင်း၊ အာဝါး မူလတန်းကျောင်းတွင်လည်းကောင်း၊ အောင်မြင်သာ မူလတန်းလွန်ကျောင်းနှင့် လင်းချောင်း ဘကကျောင်းတွင် လည်းကောင်း၊ စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးစိုးအောင် ဦးစီးသည့် ဝန်ထမ်းများသည် မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ အရာတော်မြို့၊ အမှတ် (၃) အလယ်တန်းကျောင်း (ခွဲ) နှင့် အမှတ် (၂) မူလတန်းလွန် ကျောင်းများတွင်လည်းကောင်း၊ ယင်းမာပင် ခရိုင်ဦးစီးမှူး ဦးသန်းပိုဦးစီးသည့် ဝန်ထမ်းများသည် ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဆားလင်းကြီးမြို့၊ ဗိုက်သရက်နှင့် မတောင့်တ အလယ်တန်းကျောင်းခွဲ များတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြပါသည်။ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမ ၂၄၇ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၇၄၆၂ ဦး၊ ဧည့်သည် နှစ်ဦး၊ စုစုပေါင်း ၇၇၁၁ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းများအပြင် စားသုံးသူများကို နစ်နာဆုံးရှုံးစေနိုင်သော အဓိကအကြောင်းအရာများဖြစ်သည့် အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် Entertainment များအကြောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြပြီး ဟောပြောပွဲများအပြီးတွင် ကျောင်းမုန့်ဈေးဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ စစ်ဆေးခဲ့ကြပါသည်။

ဇူလိုင်လ ၂၁ ရက်နေ့အထိ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ပြီးစီးမှုမှာ ခရိုင် ခြောက်ခု အတွင်းရှိမြို့နယ်ပေါင်း ၁၃ ခုမှ နေရာပေါင်း ၁၀၃ နေရာဖြစ်ပြီး တက်ရောက်သူ စုစုပေါင်း ၅၇၆၅၅ ဦး ရှိပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

## မြို့ကြီးများ၏ ၃-၈-၂၀၁၅ မှ ၇-၈-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃-၈-၂၀၁၅) | အင်္ဂါ(၄-၈-၂၀၁၅) | ဗုဒ္ဓဟူး(၅-၈-၂၀၁၅) | ကြာသပတေး(၆-၈-၂၀၁၅) | သောကြာ(၇-၈-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၆၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၇˚F | ၈၀% ၃၀˚C/၈၇˚F |
| ရန်ကုန်မြို့ | ၉၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| မန္တလေးမြို့ | ၄၀% ၃၀˚C/၈၇˚F | ၅၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်ထူထပ် ၃၃˚C/၉၂˚F | ၄၀% ၃၃˚C/၉၂˚F |
| မြစ်ကြီးနား | ၉၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၇˚C/၈၁˚F | ၆၀% ၂၉˚C/၈၅˚F |
| လားရှိုး | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၇˚C/၈၀˚F |
| ကျိုင်းတုံ | ၇၀% ၂၇˚C/၈၁˚F | ၆၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၆၀% ၂၈˚C/၈၃˚F |
| လွိုင်ကော် | ၆၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၆˚C/၇၉˚F | ၆၀% ၂၆˚C/၇၉˚F | ၆၀% ၂၇˚C/၈၀˚F |
| တောင်ကြီး | ၉၀% ၁၉˚C/၆၇˚F | ၈၀% ၂၁˚C/၆၉˚F | ၅၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၁˚F | ၈၀% ၂၂˚C/၇၂˚F |
| မော်လမြိုင် | ၉၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၂˚F | ၇၀% ၂၈˚C/၈၂˚F | ၆၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F |
| ဘားအံ | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၇˚C/၈၁˚F | ၇၀% ၂၈˚C/၈၂˚F | ၆၀% ၂၉˚C/၈၅˚F | ၈၀% ၂၈˚C/၈၃˚F |
| ထားဝယ် | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်ထူထပ် ၃၂˚C/၈၉˚F | တိမ်ထူထပ် ၃၂˚C/၉၀˚F | တိမ်ထူထပ် ၃၂˚C/၉၀˚F |
| ပုသိမ် | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F |
| မြိတ် | ၈၀% ၃၀˚C/၈၇˚F | ၈၀% ၂၉˚C/၈၄˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F |
| စစ်တွေ | ၉၀% ၂၈˚C/၈၂˚F | ၆၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F |
| မကွေး | ၈၀% ၃၀˚C/၈၇˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| ဖလမ်း | ၄၀% ၂၂˚C/၇၂˚F | ၄၀% ၂၃˚C/၇၃˚F | ၄၀% ၂၃˚C/၇၄˚F | ၄၀% ၂၃˚C/၇၄˚F | ၆၀% ၂၂˚C/၇၂˚F |

# အင်ဒိုနီးရှားနိုင်ငံ၊ ပါပူဝါပြည်နယ်တွင် အင်အားပြင်း ငလျင်လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံ၊ပါပူဝါပြည်နယ်တွင် ဇူလိုင်လ ၂၉ရက်နေ့က အင်အားရစ်ချ်စတာစကေး ၇ဒသမ၂အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူအနည်းငယ်ပျောက်ဆုံးလျက်ရှိသည်ဟု ပါပူဝါပြည်နယ်မှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အင်ဒိုနီးရှား နိုင်ငံအရှေ့ပိုင်းရှိဒေသအချို့တွင် လူနေအိမ်များ၊ အဆောက်အဦများ ပျက်စီးခဲ့ရကြောင်း အေဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် ဂျယာပူရား မြို့တော်၏ အနောက်ဖက် ကီလိုမီတာ ၂၅၀အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ပြီး မြေအောက် ၅၂ကီလိုမီတာ အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ငလျင်တိုင်းတာရေးအဖွဲ့က ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအေဂျင်စီမှ တာဝန်ရှိသူဆူတိုပိုက အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုသည် လေးစက္ကန့်အတွင်း ဖြစ်ပွားခဲ့ပြီးထိုအချိန်အတွင်းတွင် နေအိမ်များ၊ အဆောက်အဦများ ပျက်စီးခဲ့ရကြောင်းဖြင့် ပြောကြားခဲ့သည်။ လူများသေကြေပျက်စီးမှုရှိမရှိကို အတိအကျမသိရှိရသေးသော်လည်း အနည်းဆုံးငါးဦးခန့် ပျောက်ဆုံးနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါငလျင်ကြောင့် ကီဆိုနာဝီရမြို့တွင် နေအိမ်နှစ်လုံး၊ ဆေးရုံတစ်ရုံနှင့် ဂိုထောင်များ ပျက်စီးခဲ့ရကြောင်း၊ငလျင်လှုပ်ခတ်မှုသည်စက္ကန့်အနည်းငယ်အတွင်း ဖြစ်ပွားခဲ့ရာ လှုပ်ခတ်မှုအချိန်မကြာခဲ့ကြောင်းဖြင့် အဆိုပါဒေသတွင်ရောက်ရှိနေသည့် အေအက်ဖ်ပီသတင်းဌာနမှ သတင်းထောက်က ပြောကြားခဲ့သည်။

## အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် ဘင်္ဂလားပင်လယ်အော်နှင့် အနီးတစ်ဝိုက်ရှိ နိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်နိုင်

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လျက်ရှိသည့်အပူပိုင်းမုန်တိုင်းကြောင့် အဆိုပါပင်လယ်အော်အနီးတွင်တည်ရှိနေသည့် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်လာနိုင်ကြောင်းနှစ်နိုင်ငံမိုးလေဝသဌာနများမှ သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

ထို့ပြင် အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၇၅ကီလိုမီတာနှုန်းဖြင့် လေပြင်းများတိုက်ခတ်နိုင်ပြီး လေပြင်းများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်းအဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ယင်းမုန်တိုင်း၏အရှိန်ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊စစ်တကောင်းဒေသနှင့် Cox's Bazar တို့တွင်မိုးရေချိန်များ စံချိန်တင်လောက်အောင် ရွာသွန်းခဲ့သည်။ စစ်တကောင်းဒေသတွင် မိုးရေချိန် ၉၅၀ မီလီမီတာအထိရွာသွန်းခဲ့ပြီး Cox's Bazar တွင်မိုးရေချိန်မီလီမီတာ ၈၀၀ အထိ ရွာသွန်းခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ထိုမုန်တိုင်းသည် အင်အားကောင်းလွန်းသော မုန်တိုင်းတစ်ခုမဟုတ်ခဲ့သော်လည်း မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများ၊ ယင်းနှင့်ထိစပ်နေသောဒေသများတွင် မိုးများအဆက်မပြတ်ရွာသွန်းနိုင်ပြီး တစ်နေ့လျှင် မိုးရေချိန် မီလီမီတာ ၁၀၀မှ ၂၀၀ ကြားအထိရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။ မိုးရွာသွန်းမှုသည် အနည်းဆုံး ငါးရက်ခန့်ရှိနိုင်မည်ဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများမှာလည်း ဆိုးရွားလာနိုင်ကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဖက်သို့ ရွေ့လျားသွားမည်ဟု ခန့်မှန်းထားပြီး မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာဂျာစ်ဟီမြို့ဖြစ်ကြောင်း၊ ထို့ပြင် ဗာရာဏသီမြို့ရှိ ဂင်္ဂါမြစ်၏မြစ်ရေအခြေအနေမှာ စိုးရိမ်ရေမှတ်ကို ရောက်ရှိလာနိုင်ကြောင်း၊ဂင်္ဂါမြစ်စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိလာပါက အဆိုပါမြစ်အနီးတွင် နေထိုင်ကြသည့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှ နှိုးဆော်ထားသည်။

အိန္ဒိယနိုင်ငံဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရေလွှမ်း မိုးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၂၆ဦးသေဆုံးခဲ့ရပြီး ကျေးရွာပေါင်း ၂၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုဒဏ်ကိုခံစားနေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

Domestic Sport News
Vol: 15, No.29 Monday August 3 2015

# JOMA အမှတ်တံဆိပ်မှ မြန်မာ့လက်ရွေးစင်အသင်းများအား ဂျာစီစပွန်ဆာအဖြစ် ပံ့ပိုးရန် လာရောက်ညှိနှိုင်း



စပိန်အခြေစိုက် JOMA အမှတ်တံဆိပ်မှ မြန်မာ့လက်ရွေးစင်အသင်းများအား ဂျာစီစပွန်ဆာအဖြစ် ပံ့ပိုးရန် ဇူလိုင်လ ၃၀ရက်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ JOMA မှ Oversea Sales Manager မစ္စတာ ဒန်နီဂျေဆီယို၊ IMG မှကိုယ်စားလှယ် ဒင်းနစ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

JOMA အနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းများ ဝတ်ဆင်ကစားမည့် ဂျာစီများနှင့် အားကစား အသုံးအဆောင်ပစ္စည်းများကို စပွန်ဆာအဖြစ် တာဝန်ယူပေးအပ်ရန် လာရောက်ကမ်းလှမ်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ Sponsorship စည်းကမ်းသတ်မှတ်ချက်များနှင့် ဈေးကွက်သဘောအရညှိနှိုင်းမှုများ၊ သဘောတူညီမှုရရှိသည်နှင့် JOMA ၏ ကမ်းလှမ်းချက်များအား လက်ခံပေးသွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် JOMA နှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပြီး မြန်မာနိုင်ငံနှင့် JOMA တို့ သဘောတူညီမှုများရရှိပါက စပွန်ဆာအဖြစ် လက်ခံသွားမည်ဖြစ်သည်။JOMAသည် နိုင်ငံလက်ရွေးစင် အသင်းများဖြစ်သည့် ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ဟွန်ဒူးရပ်စ်၊ထရီနီဒက်နှင့်တိုဘာဂို၊ ကျူးဘား၊ ကင်ညာ၊ ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန် လက်ရွေးစင် အသင်းများကိုလည်းကောင်း၊ ဥရောပရှိ စပိန်၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ ရုရှား၊ ချက်၊ ဂျာမနီ၊ အာဖရိကနိုင်ငံအသင်းများနှင့် ကလပ်အသင်းများ အစရှိသည့် ကမ္ဘာတစ်ဝန်း နိုင်ငံလက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းများအား စပွန်ဆာပေးအပ်ထားသော နာမည်ရှိအမှတ်တံဆိပ်တစ်ခုဖြစ်သည်။

# အမျိုးသမီးလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း ဖွဲ့စည်းမည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်ယူနိုက်တက်အသင်းမှ အမျိုးသမီးအသင်းတစ်သင်းဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုအခါတွင် မြန်မာနေရှင်နယ်လိဂ်-၁နှင့် လူငယ်လိဂ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး လူငယ်ကစားသမားများအတွက် ဘောလုံးသင်တန်းများလည်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

"ပြီးခဲ့တဲ့ တစ်ခေါက်တုန်းက ဦးဇော်ဇော်နဲ့ ကျွန်တော်တို့ အသင်းပိုင်ရှင်နဲ့တွေ့တဲ့အခါမှာ အမျိုးသမီးလိဂ်စတင်ဖို့ဆွေးနွေးခဲ့သလို ရန်ကုန်အသင်းအနေနဲ့လည်း ပါဝင်ယှဉ်ပြိုင်ဖို့ပြောခဲ့ပါတယ်။ အသင်းပိုင်ရှင်က တစ်ဆင့် ကျွန်တော်တို့ကို ညွှန်ကြားလို့ အခုလိုမျိုး အသင်းဖွဲ့ဖို့ စီစဉ်ဖြစ်တာပါ။သိတာမကြာသေးတော့ လောလောဆယ် အားလုံးဆွေးနွေးတိုင်ပင်မှုတွေ ပြုလုပ်ရဦးမှာပါ။ အမျိုးသမီးဘောလုံးကစားသမားတွေ ရှာပြီးတော့ အသင်းကို အကောင်းဆုံးဖြစ်အောင် တည်ထောင်သွားမှာပါ"ဟုဦးကျော်လင်းထွေးက ပြောကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲကို ၂၀၁၅ ခုနှစ်ဒီဇင်ဘာလတွင် စတင်ကျင်းပရန် စီစဉ်ထားပြီး ဆီမီးပရို အဆင့်မှစတင်ကာ နေရှင်နယ်လိဂ်ကလပ်အသင်းများနှင့် ဝန်ကြီးဌာနအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ အမျိုးသမီးလိဂ်တွင် အသင်းပေါင်း ခြောက်သင်းမှ ရှစ်သင်းအထိ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



# အာဆီယံချန်ပီယံရှစ် ယူ-၁၉ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းအား ပဏာမ ကစားသမား ၂၉ ဦးဖြင့် စခန်းသွင်းလေ့ကျင့်

ဩဂုတ်လအတွင်း လာအိုနိုင်ငံတွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းကို ကစားသမား ၂၉ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ အဆိုပါအသင်းကို စတင်စခန်းသွင်းလေ့ကျင့်နေပြီဖြစ်ပြီး ပြိုင်ပွဲမဝင်ခင်ကာလအထိ လေ့ကျင့်မှုများ တောက်လျှောက်ပြုလုပ်သွားမည်ဖြစ်သည်။

ပဏာမမြန်မာယူ-၁၉အသင်းကို ဖွဲ့စည်းနိုင်ရန်အတွက် မြန်မာနေရှင်နယ်လိဂ် လူငယ်ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများစွာကို ခေါ်ယူစမ်းသပ်မှုများပြုလုပ်ကာ အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး ပဏာမကစားသမား ၂၉ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉အသင်းတွင် မြန်မာနေရှင်နယ်လိဂ် လူငယ်ပြိုင်ပွဲဝင်ကလပ်အသင်းအသီးသီးမှ ကစားသမားများ ပါဝင်ကြပြီး MFF Youth အသင်းမှ ကစားသမား ၁၂ ဦးပါဝင်နေကြောင်း သိရသည်။

အဆိုပါ ပဏာမ မြန်မာယူ-၁၉ အသင်းတွင် (ဂိုး) ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ စိုးအာကာ၊ ထွန်းအောင်ကျော်၊ (နောက်)သူရိန်စိုး၊ ကျော်သူထွန်း၊ ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ ချမ်းမြေ့ထွန်း၊ ဇင်မျိုးထက်၊ ဖြိုးဝေ၊ လွင်မင်းသန့်၊ ကျော်ကိုကိုဦး၊ ရဲမင်းသူ၊ စိုးမိုးထွန်း၊ မြတ်မင်းသူ(လယ်)စစ်မင်း၊ ဇင်ဖြိုးအောင်၊ ကျော်သက်ဦး၊ အောင်ဖြိုးဖြိုး၊ ဇော်ဝင်းထွန်း၊ စိုးလွင်လွင်၊ ဈာနေယျသူ၊ (ရှေ့) အောင်ဇော်ဖြိုး၊ အာကာ၊ ကောင်းချစ်နိုင်၊ အောင်ဇင်ဖြိုး၊ အောင်ကောင်းမာန်၊ အောင်ပြည့်ကိုတို့ပါဝင်ကြောင်း သိရသည်။

ယင်းမြန်မာယူ-၁၉အသင်းကို ယခင် မြန်မာယူ-၁၉အသင်း၏နည်းပြချုပ်ဖြစ်သူ မစ္စတာဂတ်ဆီဇီကပင် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# မြန်မာယူ-၁၆အသင်း ပွဲဦးထွက်တွင် စင်ကာပူအသင်းကို အနိုင်ရရှိ နောက်လာမည့်ပွဲတိုင်းတွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားမည်ဟု နည်းပြချုပ်ဆို

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင်ကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာယူ-၁၆ လက်ရွေးစင်အသင်းသည် အုပ်စုပွဲ၏ အဖွင့်ပွဲစဉ်အဖြစ် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ပွဲစတင်ချိန်ကတည်းကတစ်ဖက်အသင်းအား လျင်မြန်မှုကို အဓိကထား၍ တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၂ မိနစ်တွင် ဟိန်းထက်အောင်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။

ထို့နောက် စင်ကာပူအသင်းက ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၃၄ မိနစ်တွင် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ဝင်းနိုင်ထွန်းကသွင်းခဲ့ပြီး တတိယဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ထက်ဖြိုးဝေက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ပွဲဦးထွက်တွင် အနိုင်သုံးမှတ် ရယူနိုင်ခဲ့သဖြင့် အုပ်စု ပထမနေရာတွင်ရပ်တည်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ဩဂုတ်လ ၁ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၃ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၅ရက်တွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



အဆိုပါပွဲ၏ ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် မြန်မာယူ-၁၆အသင်း၏ နည်းပြချုပ်အဲရစ်ဝီလျံက "နောက်လာမယ့်ပွဲစဉ်သုံးပွဲမှာ ကစားပုံ ဒီထက်ပိုပြီး ကောင်းလာနိုင်ပါဦးမယ်။ ဖိလစ်ပိုင်နဲ့ ပွဲမတိုင်ခင်ရတဲ့ အချိန်သုံးရက်အတွင်း ကျွန်တော်တို့ အကောင်းဆုံးလေ့ကျင့်ပြင်ဆင်မှုတွေ လုပ်သွားမှာပါ။ ဒီနေ့ပွဲရဲ့ရလဒ်ကို ကျွန်တော် ကျေနပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အုပ်စု(ခ)၏ ကျန်ပွဲစဉ်များအနက် အိမ်ရှင်ကမ္ဘောဒီးယားက ဩစတြေးလျအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းကို ရှုံးနိမ့်ခဲ့သည့် စင်ကာပူအသင်းသည် ဖိလစ်ပိုင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်၊ လာအို၊တီမော၊ ဘရူနိုင်းနှင့် ထိုင်းအသင်းတို့ပါဝင်ပြီး အုပ်စု(ခ)တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဩစတြေးလျနှင့် မြန်မာအသင်းတို့ ပါဝင်နေကြသည်။

# ဆပ်ဘလတ္တာ၏ အောင်မြင်မှုများကို ထိန်းသိမ်းနိုင်ရန် ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပလာတီနီ အတည်ပြု ဖီဖာ၏ဂုဏ်သိက္ခာများကို ပြန်လည်အဖတ်ဆယ်နိုင်ရန် ကြိုးစားသွားမည်ဟုဆို



ယူအီးအက်ဖ်အေ ဥက္ကဋ္ဌမိချယ် ပလာတီနီသည် လာမည့်၂၀၁၆ ခုနှစ်တွင် ပြန်လည်ကျင်းပမည့် ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲသို့ ဝင်ရောက်အရွေးချယ်ခံမည်ဖြစ်ကြောင်း ဇူလိုင် ၂၉ရက်နေ့က အတည်ပြုပြောကြားခဲ့သည်။

အသက် ၆၀ အရွယ်ရှိပြီဖြစ်သည့် ပလာတီနီက ၎င်းဝင်ရောက်အရွေးချယ်ခံမည်ဆိုသည့် စကားသည် မင်းသား အလီလင်အယ်လ်ဟူစိန်အား များစွာ စိတ်မကောင်းဖြစ်စေနိုင်သည်ဟု ပြောကြားခဲ့သည်။

ပလာတီနီက ၎င်းအနေဖြင့် ဆပ်ဘလတ္တာ ဖီဖာဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်ကာလက အောင်မြင်မှုများကိုနမူနာယူ၍ အောင်မြင်မှုများ ဆက်လက်ရရှိသွားအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လာဘ်စားမှုများကြောင့် ဂုဏ်သိက္ခာကျဆင်းခဲ့ရသည့် ဖီဖာ၏ ဂုဏ်သတင်းများကို ပြန်လည်ကောင်းမွန်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူအီးအက်ဖ်အေဥက္ကဋ္ဌ အဖြစ် ၂၀၀၇ ခုနှစ်ကတည်းက တာဝန်ယူခဲ့သည့် ပလာတီနီသည် ဖီဖာဥက္ကဋ္ဌဟောင်းဘလတ္တာကို အမြဲလိုလိုထောက်ခံခဲ့သူတစ်ဦးဖြစ်သည်။

ဖီဖာဥက္ကဋ္ဌအဖြစ်မှ ဘလတ္တာနုတ်ထွက်သွားပြီးနောက်တွင် ဖီဖာဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရန် စဉ်းစားခဲ့သူတစ်ဦးဖြစ်သည်။

ပြီးခဲ့သည့် မေမေဖော်ဝါရီလအတွင်းက ဖီဖာအဖွဲ့အတွင်း လာဘ်စားမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် အဖွဲ့အတွင်း ရှုပ်ထွေးများဖြစ်ပေါ်ခဲ့သည်။ ဖီဖာရွေးကောက်ပွဲကျင်းပရန် ကိုးရက်အလိုတွင် ဖီဖာအမှုဆောင်များအနက်မှ ခုနစ်ဦးကို ဆွစ်ဇာလန်ရဲတပ်ဖွဲ့က လာဘ်စားမှုတွင် ပါဝင်ပတ်သက်သည်ဟုဆိုကာ ဖမ်းဆီးခဲ့သဖြင့် ရွေးကောက်ပွဲပြုလုပ်ရန် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရသည်။

ဖမ်းဆီးခံရသည့်ဖီဖာအမှုဆောင်များသည် ဂျော်ဒန်မင်းသား အလီအားထောက်ခံသူများဖြစ်ရာ ကျင်းပရန်ရက် အနည်းငယ်သာလိုတော့သည့် ရွေးကောက်ပွဲတွင်လည်းဆပ်ဘလတ္တာသာအနိုင်ရရှိခဲ့သည်။

သို့သော် အဆိုပါရွေးကောက်ပွဲနှင့်ပတ်သက်၍ ဝေဖန်မှုများပေါ်ထွက်ခဲ့သည့်အပြင် ကွန်ကာကက်ဖ်ဘောလုံးပြိုင်ပွဲအား တောင်အမေရိကတိုက်တွင် ကျင်းပခွင့်ရရှိရန်အတွက် လာဘ်ယူခဲ့သည်ဆိုသည့်ဖီဖာအလုပ်အမှုဆောင်ဟောင်း ဂျက်ဝါနာက ဖွင့်ဟပြောကြားခဲ့သဖြင့် ဖီဖာ၏ ခြစားမှုအရှုပ်တော်ပုံသည် ပိုမိုနက်ရှိုင်းလာခဲ့သည်။ ထို့နောက် ရွေးကောက်ပွဲကျင်းပအပြီးလေးရက်မြောက်နေ့တွင် ဆပ်ဘလတ္တာသည် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့်ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲကို ၂၀၁၆ခုနှစ် မတ်လအတွင်းကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌလောင်းများအဖြစ် ဘရာဇီးဘောလုံးသူရဲကောင်း ဇစ်ကိုလည်း ဝင်ရောက်ရွေးချယ်ခံမည်ဖြစ်သည်ဟု ဆိုသည်။

ဖီဖာဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံမည့်သူများအနက် ပလာတီနီသည် ရေပန်းအစားဆုံးဖြစ်နေပြီး ဘရာဇီးမှရွေးချယ်ခံမည့် ဇစ်ကိုသည် ပလာတီနီနှင့် ခေတ်ပြိုင်ကျော်ကြားခဲ့သည့်သူရဲကောင်းတစ်ဦးလည်းဖြစ်သည်။

ဂျော်ဒန်မင်းသား အလီ၊ ပလာတီနီ၊ ဇစ်ကိုတို့ သုံးဦးသာလျှင် ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ရမည့်သူများ ဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်လျက်ရှိသည်။



## မေဝယ်သာနှင့် တွဲရိုက်ထားသည့်ဓာတ်ပုံ ထွက်ပေါ်လာပြီးနောက် ဩစီမော်ဒယ် ရူဘီရိုစ့် ဝေဖန်ခံရ

အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝယ်သာနှင့် အတူတွဲရိုက်ထားသည့် ဓာတ်ပုံကို ၎င်း၏လူမှုကွန်ရက်စာမျက်နှာ Instragram တွင်ဖော်ပြခဲ့သည့် ဩစတြေးလျ သရုပ်ဆောင်မော်ဒယ်ရူဘီရို့စ်သည် ပရိသတ်များအပါအဝင် မီဒီယာများ၏ အပြင်းအထန်ဝေဖန်မှုကို ခံနေရသည်။

မေဝယ်သာသည် လက်ဝှေ့ကစားသမားဘဝမှ အနားမယူမီ နောက်ဆုံးပွဲအဖြစ်လာမည့်စက်တင်ဘာလအတွင်း နာမည်များစွာထင်ရှားခြင်းမရှိသည့် အသက် ၃၁ နှစ်ရှိ အမေရိကန်နိုင်ငံသား အန်ဒရီးဘာရီတိုနှင့် ထိုးသတ်ရန်စီစဉ်ထားသူဖြစ်ပြီး အဆိုပါလက်ဝှေ့ပွဲအတွက် လတ်စ်ဗီးဂတ်စ်မြို့တွင် လာရောက်လေ့ကျင့်နေစဉ် ရူဘီရို့စ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မေဝယ်သာက ရူဘီရို့စ်၏ပုခုံးအား ဖက်ထားသည့်ဓာတ်ပုံကို တင်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့်ကြုံတွေ့နေရခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ရူဘီရို့စ်ဖော်ပြခဲ့သည့်ဓာတ်ပုံကြောင့် သစ္စာဖောက်တိုက်ခိုက်ခံရသည်ဟု ခံစားမိခဲ့ရကြောင်းလည်း Instragram ပေါ်တွင် အချို့သော မှတ်ချက်ပေးသူများက ရေးသားခဲ့သည်။

မေဝယ်သာသည် ပက်ကွီအိုကိုအနိုင်ရခဲ့စဉ်ကလည်း ပေးရန်ရှိသည့် မှတ်ပုံတင်ကြေးများကို ပေးရန်ငြင်းဆန်နေမှုကြောင့် နီဗားဒါးပြည်နယ် လက်ဝှေ့ကောင်စီ၏ အမျက်ရှမှုကိုခံခဲ့ရပြီး ၎င်း၏ လက်ဝှေ့သရဖူများကို ပြန်လည်ရုပ်သိမ်းခြင်းခံခဲ့ရသည်။ ထို့ပြင်ဘာရီတိုနှင့် ထိုးသတ်မည့်ပွဲအတွက်လည်း ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်ဟု ဆိုသည်။

## အိုလံပစ်ပွဲတော်ကျင်းပမည့် ရီအိုဒီဂျနေးရိုးမြို့ရှိ ဂူနာဘာရာပင်လယ်အော်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရ

၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် နွေရာသီအိုလံပစ်ပွဲတော် ကျင်းပမည့် ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့်ရင်ဆိုင်နေရကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ခံများက ပြောကြားခဲ့ကြသည်။

အဆိုပါ နွေရာသီအိုလံပစ်ပြိုင်ပွဲကျင်းပမည့် ရီအိုဒီဂျနေးရိုးမြို့ရှိ ဂူနာဘာရာ ပင်လယ်အော်တွင် ရွက်လှေပြိုင်ပွဲနှင့် ရေလွှာလျှောစီးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများ ကျင်းပမည့် ပင်လယ်အော်တွင် အမှိုက်များ၊ အသေကောင်များသည် ဒီရေနှင့်အတူပါလာပြီး ရေကျချိန်တွင် ကျန်ရစ်နေခဲ့ကြောင်း၊ အဆိုပါ အညစ်အကြေးများ၊ အမှိုက်သရိုက်များကြောင့် ပင်လယ်အော်အတွင်းရှိရေများသည် သန့်ရှင်းမှု မရှိသဖြင့်ပြိုင်ပွဲဝင်များ၏ ကျန်းမာရေးအတွက် စိုးရိမ်ရမည့်အခြေအနေပင်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ဂူနာဘာရာပင်လယ်အော်အတွင်း ခုတ်မောင်းသွားလာနေကြသည့် သင်္ဘောများမှ သင်္ဘောသားများက ပင်လယ်အော်အတွင်းတွင် အိမ်ထောင်ပရိဘောဂပစ္စည်းများ၊ တိရစ္ဆာန်အသေကောင်များ မျောပါနေသည်ကို တွေ့မြင်နေရကြောင်း ဖွင့်ဟပြောကြားခဲ့သည်။



အဆိုပါပင်လယ်တွင်းသို့ ဘရာဇီးနိုင်ငံသားများ၏ မိလ္လာအညစ်အကြေးများ၏ ၇၀ ရာခိုင်နှုန်းခန့် စီးဝင်နေသည်ဟု သတင်းများတွင် ဖော်ပြထားသည်။ ရီအိုဒီဂျနေးရိုးမြို့မှ တာဝန်ရှိသူများကမူ ပြိုင်ပွဲစတင်မည့် ဩဂုတ်လ ၅ ရက်နေ့တွင် အဆိုပါပင်လယ်အော်၏ ရေထုနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရီအိုဒီဂျနေးရိုး အိုလံပစ်ပွဲတော်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၅ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## အကြမ်းဖက်မှုကြောင့် ပါကစ္စတန်နှင့် အိန္ဒိယတို့၏ ခရစ်ကက်ပွဲစဉ်များ ဆက်လက်ကျင်းပရန် မရေရာတော့ဟုဆို

ပန်ဂျပ်ပြည်နယ်ရှိ ရဲစခန်းအား ဇူလိုင် ၂၇ရက်က အကြမ်းဖက်တိုက်ခိုက်ခဲ့မှုကြောင့် အနည်းဆုံးလူ ၁၀ ဦး သေဆုံးခဲ့ရပြီးနောက် ပါကစ္စတန်နှင့် အိန္ဒိယတို့အကြား ခရစ်ကက်ပြိုင်ပွဲများ ဆက်လက်ကျင်းပကစားရန် မရေရာသည့် အခြေအနေသို့ ဆိုက်ရောက်သွားကြောင်း အိန္ဒိယခရစ်ကက်ဘုတ်အဖွဲ့ချုပ် အတွင်းရေးမှူး အန်ရက်ကာတာက အိန္ဒိယမီဒီယာများသို့ ပြောကြားလိုက် သည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ပါကစ္စတန်ကလည်း ပြစ်တင်ရှုံ့ချခဲ့ပြီး အသက်ဆုံးရှုံးသွားသည့် အိန္ဒိယပြည်သူများအတွက် များစွာဝမ်းနည်းကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ခရစ်ကက်အားကစားလောကတွင် ကမ္ဘာ့ပြိုင်ဘက်များဖြစ်ကြပြီး ယခုနှစ် ၂၀၁၅ဒီဇင်ဘာလအတွင်း ပါကစ္စတန်တွင် နှစ်နိုင်ငံခရစ်ကက်ပြိုင်ပွဲများကို ကျင်းပရန် စီစဉ်ထားကြသည်။

ပါကစ္စတန် ခရစ်ကက်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရှာဟာရာခန်းသည် မကြာသေးခင်က အိန္ဒိယနိုင်ငံသို့ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံပူးပေါင်း၍ ခရစ်ကက်စီးရီးပြိုင်ပွဲများကျင်းပရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်းတွင် ၂၀၀၈ ခုနှစ်အတွင်းက နိုင်ငံတကာခရစ်ကက်ပြိုင် ပွဲကျင်းပမည့်အချိန်တွင် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသဖြင့် ထိုအချိန်မှစတင်ကာ ပါကစ္စတန်နိုင်ငံနှင့်ပူးတွဲ၍ ခရစ်ကက်ပွဲစဉ်များကျင်းပခြင်းကို ရပ်ဆိုင်းထားခဲ့သည်။

# STANDARD PROFESSIONAL [illegible] စီးပွားရေးတိုးတက်မယ်

|ဒေါက်တာသစ်သစ်လွင်|

**(ယခင်တစ်ပတ်မှအဆက်)**

အထက်ပါ လေ့လာချက်များအရယင်းနယ်ပယ်သုံးခုမှာ အနာဂတ်ဝန်ထမ်းသစ်များအနေနဲ့ ပြည့်မီရမယ့် သတ်မှတ်ချက်တွေနဲ့ အလားအလာရှိတဲ့ ဝန်ထမ်းများအတွက် သင်တန်းလိုအပ်ချက်နဲ့ Personnel Certification လိုအပ်ချက်တွေကို သုံးသပ်ထားရာမှာ စံသတ်မှတ်ရေးပိုင်းမှာ သင်တန်းလိုအပ်ချက်နဲ့ Certification လိုအပ်ချက်တိုးလာပြီး ၅၄ရာခိုင်နှုန်းအထိ တိုးတက်လာမယ်လို့ခန့်မှန်းထားပါတယ်။ စာတမ်းမှာခန့်မှန်းထားတဲ့ အချက်အလက်တွေကတော့

| | ရိုးရိုး | မဟာ | ပါရဂူ | သိပ္ပံ/ အင်ဂျင်နီယာ | အနိမ့်ဆုံး လုပ်သက်(၄)နှစ် |
|---|---|---|---|---|---|
| စံသတ်မှတ်ရေး | (၈၂ ဒသမ ၄%) | (၁၆ ဒသမ ၅%) | (၁ ဒသမ ၂%) | (၈၃ ဒသမ ၅ %) | ၃၇ ဒသမ ၆ % |
| အရည်အသွေးစစ် | (၉၂ ဒသမ ၉%) | အနိမ့်ဆုံးမဟာ | (၇ ဒသမ ၁ %) | (၇၅ ဒသမ ၇ %) | ၂၁ ဒသမ ၄ % |
| တိကျစွာတိုင်းတာမှု | (၈၅ ဒသမ ၁ %) | အနိမ့်ဆုံးမဟာ | (၁၄ ဒသမ ၉ %) | (၈၇ ဒသမ ၂ %) | ၁၉ ဒသမ ၁ % |

| | သင်တန်း | Personnel Certification |
|---|---|---|
| စံသတ်မှတ်ရေး | ၅၁ရာခိုင်နှုန်း | ၅၄ရာခိုင်နှုန်း |
| အရည်အသွေးစစ်ဆေး ရေး | ၅၁ရာခိုင်နှုန်း | ၄၅ရာခိုင်နှုန်း |
| တိကျစွာတိုင်းတာမှုနည်းပညာ | ၄၃ရာခိုင်နှုန်း | ၄၄ ရာခိုင်နှုန်း |

အထက်ပါအချက်တွေကိုကြည့်ရင် အာရှပစိဖိတ်ဒေသကြီးမှာပင် တိုးတက်လာမယ့် အလုပ်အကိုင်အခွင့်အလမ်းနဲ့အတူ စံချိန်စံညွှန်းနဲ့ ပတ်သက်တဲ့ အသက်မွေးဝမ်းကျောင်းပညာရှင်မျိုးဆက်သစ်တွေအတွက် ပိုမိုလိုအပ်လာမယ့် အရည်အသွေးလိုအပ်ချက်တွေကိုဖြည့်စွက်ဖို့ လိုတာကိုတွေ့ရှိရပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုကို နောက်မျိုးဆက်အတွက် တိကျသောလမ်းကြောင်း ပုံစံတစ်ခုကိုပြသနိုင်ခြင်းဟာ လုပ်ငန်းကြီး/လုပ်ငန်းငယ်များ၊ အထူးပြုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များရှိ လက်ရှိခေါင်းဆောင်များ၊ အမှုဆောင်များနဲ့ အမျိုးသမီးများအတွက် မှန်ကန် သောနည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားနဲ့ဂျပန်နိုင်ငံတို့မှာ စံချိန်စံညွှန်းနဲ့ ပတ်သက်တဲ့အသက်မွေးဝမ်းကျောင်းသူများ ပြည့်မီရမယ့် သတ်မှတ်ချက်များကို ချမှတ်တည်ထောင်ထားပြီးဖြစ်ပါတယ်။ အာရှပစိဖိတ်ဒေသတွင်းမှာအစိုးရ၊ လုပ်ငန်း၊ အဖွဲ့အစည်းများမှာရှိတဲ့ လက်ရှိခေါင်းဆောင်များကိုစာတမ်းရဲ့ အကြံပြုချက်မှာစံချိန်စံညွှန်းဆိုင်ရာအသက်မွေးဝမ်းကျောင်းသူမျိုးဆက်သစ်များ ပျိုးထောင်ဖို့ အတွက် တင်ပြချက်တွေကတော့

- စံချိန်စံညွှန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းသူများ၏ကျင့်စဉ် ကောင်းတည်ထောင်ရန်
- စံချိန်စံညွှန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု လမ်းညွှန်မြေပုံတည်ထောင်ရန်
- အာရှပစိဖိတ်ဒေသစံချိန်စံညွှန်း အသက်မွေးဝမ်းကျောင်းကျင့်စဉ်ကောင်းဆုတံဆိပ်စတင်ပေးအပ်ရန်လို့ဆိုပြီး တင်ပြထားတာတွေ့ရပါတယ်။

စာရေးသူအနေနဲ့ အထက်ပါစစ်တမ်းကိုတင်ပြရခြင်း ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ Professional လိုင်းတစ်ခုပျောက်နေတဲ့ အခြေအနေကိုဖော်ထုတ်တင်ပြလိုတာဖြစ်ပါတယ်။ အဲဒီအချက်ကို သက်ဆိုင်သူအားလုံးသတိပြုမိပြီးနောက် မျိုးဆက်သစ်မှာမဖြစ် မနေလိုအပ်လာမယ့်အရည်အသွေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းသူတွေပေါ် ပေါက်လာဖို့ ပါဝင်ဆောင်ရွက်လာစေချင်လို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ စနစ်မကျတဲ့၊ တာဝန်ယူမှုမရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်တွေကို နှစ်ရှည်ကျင့်သုံးခဲ့တာကြောင့် အရည်အသွေးနဲ့ စံချိန်စံညွှန်းသတ်မှတ်ချက်တွေကို နှစ်ပေါင်းများစွာ လျစ်လျူရှုလာခဲ့ကြပါတယ်။ ဒီလုပ်ငန်းကိုလုပ်ကိုင်တဲ့ လုပ်ငန်း၊ အဖွဲ့အစည်း၊ ဌာနတွေအလွန့်အလွန်နည်းပါးပြီးရှိပြီးသား ဝန်ထမ်းတွေအခွင့်အလမ်းပျောက်ဆုံးရလို့ Professional လိုင်းပြောင်းသွားသလို ဝန်ထမ်းသစ်တွေကိုလေ့ကျင့်ပေးဖို့လည်း မစဉ်းစားခဲ့ကြပါဘူး။ အနည်းငယ်သောဓါတ်ခွဲခန်း၊ စစ်ဆေးရေး၊ ထောက်ခံချက်ပေးရေးဆိုင်ရာကုမ္ပဏီ၊ ဌာနတွေသာတည်ထောင်ရပ်တည်နိုင်ခဲ့ပြီး ၎င်းတို့ရဲ့ လုပ်ငန်းလိုအပ်ချက်အတွက် မရှိမဖြစ် လုပ်ငန်းခွင် သင်တန်းလေး တွေသာပေးနိုင်ခဲ့ပြီး နိုင်ငံတကာနဲ့ ချိတ်ဆက်နိုင်တဲ့ ပညာရှင် နည်းပါးလှပါတယ်။ အရည်အသွေး နယ်ပယ်မှာလုပ်ကိုင်နေကြတဲ့ လက်ရှိဝန်ထမ်းများဟာလည်း ကမ္ဘာ့အခြားနေရာများရဲ့ အလားတူ နယ်ပယ်မှာလုပ်ကိုင်နေတဲ့ ပညာရှင်တွေရဲ့ လုပ်ငန်းတွေကိုလက်တွေ့နားလည်လက်လှမ်းမီမှုနည်းပါးနေပါတယ်။

အထူးသဖြင့် ကုန်သွယ်ရေးမှာမရှိမဖြစ်လိုအပ်တဲ့ အရည်အသွေး ထောက်ခံချက်တွေကိုထုတ်ပေးနိုင်တဲ့ လုပ်ငန်း၊ ဌာန၊ အသက်မွေးဝမ်းကျောင်းပညာရှင်တွေ အားနည်းလာတဲ့အတွက် ဒီနေ့ဒီအခါမှာ မြန်မာ့ထုတ်ကုန်တွေကိုတင်ပို့ဖို့ အရည်အသွေးမမီလို့ ကမ္ဘာ့ကုန်စည် စီးဆင်းမှုလမ်းကြောင်းထဲကို ဝင်ဆံ့နိုင်ခြင်းမရှိပါဘူး။ သွင်းကုန်တွေအပေါ်မှာလည်း အရည်အသွေးစိစစ်နိုင်ခြင်းမရှိလို့ ပြည်တွင်း စားသုံးသူနဲ့ ကုန်ထုတ်လုပ်သူတွေကိုကာကွယ်နိုင်စွမ်းမရှိတဲ့ နိုင်ငံ ဖြစ်နေပါတယ်။ သွင်းကုန်မှန်သမျှကို အတားအဆီးမရှိ လက်ခံနေရပြီး ပို့ကုန်မတင်ပို့နိုင်လို့ ရေရှည်မှာကုန်သွယ်ရေးလိုငွေပြတဲ့ ပြဿနာကို ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ ကုန်ကြမ်းသာ တင်ပို့နိုင်တဲ့ ကုန်သွယ်ရေး လိုငွေပြနေတဲ့ ပြဿနာရဲ့နောက်ဆက်တွဲမှာ ကြွေးမြီပြဿနာတွေနဲ့ နပန်းလုံးရမှာဖြစ်ပါတယ်။

မြန်မာအနေနဲ့ Global Supply Chain ကိုဝင်ရောက်ဖို့ နည်းလမ်းမျိုးစုံနဲ့ဘယ်လိုကြိုးပမ်းနေပေမယ့်လည်း ယုံကြည်စိတ်ချရတဲ့ တတိယပါတီရဲ့ စစ်ဆေး၊ စမ်းသပ်၊ ထောက်ခံချက်တွေမရှိတဲ့၊ အရည်အသွေး ထောက်ခံချက်မပေးနိုင်တဲ့ ထုတ်ကုန်တွေနဲ့တော့ မြန်မာနိုင်ငံ Global Supply Chain ကိုမလှမ်းနိုင်ဘဲဖြစ်နေမှာပါ။ ရင်းနှီးမြှုပ်နှံသူအသစ်တွေအနေနဲ့လည်း မြန်မာနိုင်ငံရဲ့အရည်အသွေးဆိုင်ရာအခြေခံ အဆောက်အအုံကိုအားကိုးနိုင်ခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံမှာထုတ်လုပ်တဲ့ ၎င်းတို့ရဲ့ထုတ်ကုန်ကိုအရည်အသွေးစစ်ဆေးဖို့အတွက် နိုင်ငံခြားမှာရှိတဲ့ ဓာတ်ခွဲခန်း၊ စစ်ဆေးရေး၊ ထောက်ခံချက်ကုမ္ပဏီတွေကိုပေးပို့ခြင်း၊ နိုင်ငံခြားက Standards Professional တွေကိုဖိတ်ခေါ်ပြီး ထောက်ခံချက်ယူကြခြင်းတွေနဲ့ ရှုပ်ထွေးတဲ့လုပ်ငန်းစဉ်တွေကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အဲဒီအတွက် ကုန်ကျစရိတ်ပိုမိုလာခြင်း၊ အချိန်ကုန်ခြင်းတွေကိုရေရှည်မှာရင်ဆိုင်ကြရမှာကိုစဉ်းစားပြီးရင်းနှီးမြှုပ်နှံဖို့ နှောင့်နှေးကြမှာဖြစ်ပါတယ်။

မြန်မာ့စီးပွားရေး စစ်မှန်စွာဖွံ့ဖြိုးတိုးတက်လာမှသာ အများပြည်သူတွေထံကိုပြုပြင် ပြောင်းလဲမှုအကျိုးသက်ရောက်မှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကုန်သွယ်ရေးမှာ လိုငွေမပြအောင် အဓိကကြိုးပမ်းရမှာဖြစ်ပြီးမှန်ကန်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဦးတည်ချက်ဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အရည်အသွေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အရည်အသွေးမီတဲ့ Standard Professional တွေပျိုးထောင်ဖို့ကို သက်ဆိုင်သူအားလုံးသတိပြုမိပြီးတက်ကြွစွာကြိုးပမ်းပါဝင်ကြစေလိုပါကြောင်း တင်ပြလိုက်ရပါတယ်။

> မြန်မာအနေနဲ့ Global Supply Chain ကိုဝင်ရောက်ဖို့နည်းလမ်းမျိုးစုံနဲ့ ဘယ်လို ကြိုးပမ်းနေပေမယ့်လည်း ယုံကြည်စိတ်ချရတဲ့ တတိယပါတီရဲ့ စစ်ဆေး၊ စမ်းသပ်၊ ထောက်ခံချက်တွေမရှိတဲ့၊ အရည်အသွေး ထောက်ခံချက်မပေးနိုင်တဲ့ ထုတ်ကုန်တွေနဲ့တော့ မြန်မာနိုင်ငံ Global Supply Chain ကို မလှမ်းနိုင်ဘဲဖြစ်နေမှာ ……

## မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် သိပ္ပံနမ်းနက် ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကျန်မှု လျော့ပါးစေရေးပညာပေးဆွေးနွေး

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျောက်ပန်းတောင်းကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဂျပန်နိုင်ငံမှ မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့် အောင်ကျွန်းသာကုမ္ပဏီ(ရန်ကုန်)တို့သည်အောင်လံမြို့နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဦးစီးဌာန၊ ကုန်သည်ကြီးများအသင်း၊ မြန်မာသြဘာလုပ်ငန်းစုမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဇူလိုင်လ ၂၉ ရက်နေ့ နံနက်က နှမ်းစိုက်တောင်သူများအား ကုန်သွယ်မှုဖြစ်စဉ်နှင့် ဓာတုပိုးသတ်ဆေးများ၏ အန္တရာယ်များကို ကဏ္ဍအလိုက် အသိပညာပေး အဆွေးနွေးခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ စုစုပေါင်း ၂၂၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲတွင် အဆီပိတ်နှင့် အင်မီဒါကလိုပစ် ဓာတ်ကြွင်းကျန်မှုများပြားနေတဲ့အတွက် ဂျပန်နိုင်ငံသို့ တင်ပို့သည့်နှမ်းများ မြန်မာပြည်သို့ ပြန်လည်သယ်ယူနေရကြောင်း၊ အလားတူကိစ္စများ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေပါက ဈေးကွက်ပျောက်ဆုံးသွားနိုင်သည်အထိ ဖြစ်နိုင်ကြောင်း အောင်လံမြို့နယ်တာဝန်ခံက ပြောခဲ့သလိုမစ်ဆူဘီရှီကော်ပိုရေးရှင်းမှ ဈေးကွက်တာဝန်ခံ Mr. ASAMI ကလည်း ဂျပန်နိုင်ငံသို့ တင်သွင်းသည့် နှမ်းများ၏ ၈၀ ရာခိုင်နှုန်းမှ မြန်မာနိုင်ငံမှ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှနှမ်းသည် အရောင်၊ အရသာ အကောင်းဆုံးဖြစ်ပါကြောင်း၊ သို့သော် ဓာတုဆေးကြွင်းမကျန်မှသာ ဝယ်ယူမည်ဖြစ်ကြောင်း၊ သို့ပါ၍ တောင်သူများ ဓာတုဆေးသုံးစွဲမှု ဗဟုသုတများ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

အောင်ကျွန်းသာကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးလင်းအောင်က ဂျပန်နိုင်ငံသို့ နှမ်းတင်ပို့လျက်ရှိရာ ဓာတုပိုးသတ်ဆေးကို နည်းမှန်လမ်းမှန်ဖြင့် သုံးစွဲနိုင်ရန် ဤဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဦးစီးဌာန၊ မြန်မာ့သြဘာလုပ်ငန်းစုမှ တာဝန်ရှိသူတို့မှလည်း ပိုးမွှားများ၏ သဘာဝစက်ဝန်း၊ ဓာတုပိုးသတ်ဆေး၏ အန္တရာယ်များကို ဖြည့်စွက် ဆွေးနွေးသွားကြကြောင်း သိရပါတယ်။ **ကျော်မျိုးမင်း - အောင်လံ**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SRCCI) ပြန်လည်ဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(Sagaing Region Chamber of Commerce Industry -SRCCI)) ကို စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၀၁ခုနှစ်မှ စတင်ဖွဲ့စည်းထားရှိခဲ့ရာ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၄ရက်နေ့မှာ မုံရွာကုန်စည်ဒိုင် အပေါ်ထပ် အစည်းအဝေးခန်းမ၌ ပြန်လည်ဖွဲ့စည်းရေးအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါတယ်။အသင်းဖွဲ့စည်းရေး ကြီးကြပ်ကော်မရှင်ကို တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သူဇော်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဆောင်ရွက်ခဲ့ကာ အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။



အသင်းဖွဲ့စည်းရေး ကြီးကြပ်ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး၊ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် SRCCI အသင်းကြီးကို စနစ်တကျကဏ္ဍအလိုက် အသင်းသားများအားလုံး ညီညီညွတ်ညွတ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ အစိုးရအဖွဲ့ရုံးသို့လာရောက်ကြတဲ့ ပြည်ပနိုင်ငံအဖွဲ့အစည်းများကလည်း ခိုင်မာတဲ့အဖွဲ့အစည်းကိုသာ တွေ့ဆုံလိုတဲ့ ဆန္ဒရှိကြောင်း၊ ပြည်ပနိုင်ငံခြား အဖွဲ့အစည်းများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ကဏ္ဍအလိုက်တွေ့ဆုံပြီး မိမိတို့တိုင်းဒေသကြီးအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အနာဂတ်လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အသင်းဖွဲ့စည်းရေး ကြီးကြပ်ကော်မရှင် အဖွဲ့ဝင် UMFCCI အသင်းတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကိုဖွဲ့စည်းခဲ့ပြီး ယခု တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၌ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်တွင်လည်းဖွဲ့စည်းခဲ့ပြီး ၂၀၁၅ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ ဆက်လက်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယနေ့လုပ်ကိုင်ဆောင်ရွက်နေသည်မှာ ယခုသက်တမ်းမှာခံစားဖို့မဟုတ်ကြောင်း၊ နောင်လာနောက်သားများ သားစဉ်မြေးဆက် ခံစားနိုင်ရန်ဖြစ်ကြောင်း၊ သမာသမတ်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များဖြစ်အောင်၊ အာဆီယံနိုင်ငံများအတွင်း ဥပဒေဘောင်အတွင်း ရဲရဲဝံ့ဝံ့ပြောရဲ /ဆိုရဲ / ဝေဖန်ရဲသူ/ သတ္တိရှိတဲ့/မှန်ကန်တဲ့စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာအောင် SRCCI အသင်းကြီးကို ပြန်လည်ဖွဲ့စည်းခြင်းဖြစ်ပါကြောင်းပြောကြားခဲ့ပါတယ်။

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ညီနောင်အသင်း ၁၄ သင်းနှင့် SRCCI အသင်းဝင် အသင်းသားများက ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခြင်း/ အမည်စာရင်းကြေညာခြင်းများ ပြုလုပ်ခဲ့ရာ အလုပ်အမှုဆောင်ကော်မတီ ၅၁ ဦး၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီ ၂၉ ဦးနှင့် စီမံခန့်ခွဲမှုကော်မတီ ၁၅ဦးတို့ကို ရွေးချယ်တင်မြှောက်ကာ ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်းကို ကြေငြာအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

SRCCI အသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော ဦးမျိုးမင်းက နှုတ်ခွန်းဆက်စကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း SRCCI ကို အောင်မြင်စွာပြန်လည်ဖွဲ့စည်းရေးအခမ်းအနား ပြီးဆုံးခဲ့ကြောင်း သတင်းရရှိပါတယ်။ **သန်းသန်းတင်-မုံရွာ**

# ဧရာဝတီတိုင်းဒေသကြီးတွင် ပုစွန်၊ ကဏန်းသားပေါက်များအတွက် မွေးမြူရေးအစာ ARTEMIA စမ်းသပ်မွေးမြူရာ အောင်မြင်မှုများရရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကြာကန်ကျေးရွာရှိ ပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်ဇောပိုင်ပုစွန်ကန်ဧရိယာတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပုစွန်၊ ဂဏန်းသားပေါက် များအတွက် အဓိကကျွေးမွေးသည့်အစာ ARTEMIAကို အီးယူ၏နည်းပညာအကူအညီဖြင့် စမ်းသပ်မွေးမြူခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း ပြောကြားပါတယ်။ အသင်းဥက္ကဋ္ဌ ဒေါက်တာ အောင် ကျော်ဇောသည် ၂၀၁၄ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံမှ ပုစွန်လုပ်ငန်းပညာရှင် ဦးစိုးထွန်းနှင့် ဘယ်လ်ဂျီယံနိုင်ငံသား ပါမောက္ခ Dr.Patrick Sorgeloos အဖွဲ့ဟာ ကြာကန်ကျေးရွာသို့ ARTEMIA ပုစွန်မွေးမြူရန် ကွင်းဆင်းလေ့လာခဲ့ပြီး ပထမအဆင့် နည်းပညာအကူအညီရရှိရေးအတွက် အီးယူသို့တင်ပြခဲ့ကြောင်း၊ ဒေါက်တာ အောင်ကျော်ဇောသည် ဧပြီလတွင် ဗီယက်နမ်သို့ လေ့လာရေးခရီးစဉ်တွင် သွားရောက်ပါဝင်လေ့လာခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မျိုးနှင့်နည်းပညာများ ရယူ၍ Vietnam Cantho University မှ Dr.Huynh Thanh Toi တို့ ပူးပေါင်း၍ မွေးမြူရေးကန် ဒီဇိုင်းထုတ်ခြင်းနှင့် ကန်တည်ဆောက်ခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့တယ်လို့ သိရပါတယ်။



စမ်းသပ်မွေးမြူခဲ့တဲ့ ဒေါက်တာ အောင်ကျော်ဇောက ငါး၊ ပုစွန်၊ ဂဏန်းမွေးမြူ ရေးအတွက် ARTEMIA ကို မရှိမဖြစ်လိုအပ်သော အစာဖြစ်ကြောင်း၊ ၎င်းအတွက် အီးယူမှ နည်းပညာအကူအညီယူပြီး ကိုယ်တိုင်အကုန်အကျခံကာ ARTEMIA စမ်းသပ်မွေးမြူဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ပြည်တွင်းမှာ ARTEMIA ထုတ်လုပ်ဖို့ ပုစွန်လုပ်ငန်းရှင်တွေ၊ စမ်းသပ်မွေးမြူလိုသူတွေ၊ မြေပိုင်ရှင်တွေကို စီးပွားရေးနည်းသစ်၊ လုပ်ငန်းသစ်ကို ထူထောင်နိုင်ဖို့ နည်းပညာများကို မျှဝေပေးသွားမှာဖြစ်ကြောင်း၊ARTEMIA သည် အရင်းအနှီး အနည်းငယ်ဖြင့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ဈေးကွက်တွင်လည်း ARTEMIA လိုအပ်ချက်များရှိနေသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့ပါတယ်။ **မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဗြဲရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.29 Monday August 3 2015

# အာဆီယံဒေသမှာဖြစ်ပေါ်နေတဲ့ ဥပဒေရေးရာ ပြဿနာများက စင်ကာပူအတွက် အတားအဆီးရှိနေဆဲဖြစ်

ယခုနှစ်နှောင်းပိုင်းတွင် အာရှဒေသမှာ ပေါင်းစည်းထားတဲ့ စီးပွားရေးအသိုက်အဝန်းတစ်ခု တည်ဆောက်ရေးအတွက် ဆောင်ရွက်မှုများရှိနေပေမယ့် ပင်လယ်ရပ်ခြားဒေသမှာ လုပ်ငန်းတွေ တိုးချဲ့ဖို့ဆောင်ရွက်နေတဲ့ စင်ကာပူစီးပွားရေးလုပ်ငန်းတွေအတွက် ဥပဒေရေးရာ အတားအဆီးများက အဓိကစိန်ခေါ်မှုအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

သာမန်အားဖြင့် တွေ့ရတဲ့ပြဿနာတွေထဲမှာ ဘက်လိုက်မှုရှိတဲ့ အလုပ်သမားဥပဒေတွေနဲ့ မတည်ရင်းနှီးငွေနဲ့ ကုန်စည်များကို ထိန်းချုပ်မှုများမှအစပြုပြီး ရှေ့နောက်ညီညွတ်မှုမရှိတဲ့ စည်းမျဉ်းဥပဒေတွေနဲ့ နည်းဥပဒေတွေအထိ ပါဝင်ကြောင်း ဥပဒေရေးရာအကြံပေးတွေနဲ့ စီးပွားရေးလုပ်ငန်းအကြံပေးတွေက ပြောပါတယ်။

ဥပဒေရေးရာဝန်းကျင်မှာ ပိုမိုပြီးရှုပ်ထွေးမှုရှိတဲ့အထဲမှာ အင်ဒိုနီးရှားနိုင်ငံလည်းပါဝင်ပြီး အာဆီယံမှာ စီးပွားရေးအရ အကြီးဆုံးဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အတော်အခက်အခဲရှိကြောင်း ဥပဒေရေးရာ အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်တဲ့ Rajab & Tann Singapore မှ မစ္စတာပေါတင်းက ပြောပါတယ်။ အင်ဒိုနီးရှားရဲ့ အလုပ်သမားဥပဒေက ဝန်ထမ်းဘက်ကိုလိုက်တဲ့ ဥပဒေဖြစ်တဲ့အတွက် အပြစ်ရှိလို့ဝန်ထမ်းတစ်ယောက်ကို အလုပ်မှထုတ်ပယ်တဲ့အခါမျိုးမှာပင် အခက်အခဲရှိပါတယ်။

“ ဝန်ထမ်းတစ်ဦးဦးမှာ သဘောထားကိုက်ညီမှု မရှိတာတွေ ရှိနေတတ်ပါတယ်။ ဒီအခါမှာ အုပ်ချုပ်ရေးပိုင်းအရ ညှိနှိုင်းမှုတွေ ဆောင်ရွက်တဲ့အခါ အဆင်မပြေဘူးဆိုရင် ညှိနှိုင်း ဆွေးနွေးမှုတွေက အချိန်ကြာမြင့်ပြီး အကုန်အကျလည်း များနိုင်ပါ တယ်။

စည်းမျဉ်းဥပဒေတွေကို ရေးဆွဲတဲ့အခါ ဒီဥပဒေတွေကြောင့် စီးပွားရေးလုပ်ငန်းတွေအပေါ် အကျိုးသက်ရောက်မှုရှိလာမှာကို အပြည့်အဝထည့်သွင်း စဉ်းစားခြင်းမရှိဘူးလို့သူကပြောပါတယ်။

ထင်ရှားတဲ့ ဥပမာတစ်ခုက စီးပွားရေးတည်ငြိမ်ရေးအတွက် ငွေပေးငွေယူဆောင်ရွက်တဲ့အခါ အများအားဖြင့် အင်ဒိုနီးရှားသုံးငွေ ရူပြားကို သုံးစွဲဖို့ အင်ဒိုနီးရှားဗဟိုဘဏ်က ပြဋ္ဌာန်းပေးလိုက်တာဖြစ်ပါတယ်။

ဒီပြဋ္ဌာန်းချက်ကြောင့် တခြားနိုင်ငံငွေကြေးတွေနဲ့ ချိတ်ဆက်ထားရတဲ့ နိုင်ငံခြားလုပ်ငန်းတွေအတွက် စိုးရိမ်စရာဖြစ်ပါတယ်။

## အာဆီယံမှာ အပြည်ပြည်ဆိုင်ရာစာရင်းအင်းပြုစုမှု တိုးတက်ကောင်းမွန်ရေးအတွက် ဗီယက်နမ်ကြိုးစား

အရှေ့တောင်အာရှ နိုင်ငံများအသင်းမှာ အပြည်ပြည်ဆိုင်ရာ စာရင်းအင်းပြုစုရာ၌ ၂၀၁၇ ထိပ်တန်းငါးနိုင်ငံစာရင်းတွင် ပါဝင်ရေးအတွက် ဗီယက်နမ်က ကြိုးပမ်းလျက်ရှိကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်မှုမှာ ၂၀၁၆-၂၀ ပြည့်နှစ်အတွင်း ဗီယက်နမ်နိုင်ငံကို အာဆီယံ စာရင်းအင်းစနစ်အတွင်း ပေါင်းစည်းနိုင်ရေးအတွက်ချမှတ်ထားတဲ့ စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဒီအစီအစဉ်ကိုဝန်ကြီးချုပ်ကလည်း အတည်ပြုထားပြီး ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်အထိရည်ရွယ်ပြီးချမှတ်ထားတဲ့ ယေဘုယျရည်မှန်းချက်က ဗီယက်နမ်ရဲ့ စာရင်းအင်းစနစ်ကို အာဆီယံစနစ်အတွင်းကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်းနိုင်အောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

ဗီယက်နမ်ရဲ့ စာရင်းအင်းစနစ်က ဒေသတွင်း စာရင်းအင်းစနစ်ရဲ့ အခြေခံလိုအပ်ချက်နဲ့ ကိုက်ညီအောင်ဆောင်ရွက်မှာဖြစ်ပြီး ဗီယက်နမ်ရဲ့ စာရင်းအင်းစနစ်က အာဆီယံဒေသမှာ ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ စနစ်တစ်ခုဖြစ်လာနိုင်ပါတယ်။

ဒီရည်မှန်းချက်တွေပြည့်မီဖို့အတွက် ၂၀၁၆ ခုနှစ်မှာ ပြည်တွင်းစာရင်းအေဂျင်စီတွေနဲ့ အဖွဲ့အစည်းတွေအချင်းချင်း သတင်းအချက်အလက်တွေဖလှယ်နိုင်မယ့် ယန္တရားတစ်ခုထူထောင်ဖို့ လိုအပ် မှာ ဖြစ်ပါတယ်။

စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနလက်အောက်ရှိ ဗီယက်နမ်အထွေထွေစာရင်းရုံး (General Statistics Office-GSO) က အာဆီယံစာရင်းအင်းစနစ်အတွင်းသို့ ဗီယက်နမ်နဲ့ဆိုင်တဲ့ စာရင်းအင်း အချက်အလက်များကို ပံ့ပိုးပေးမှာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ဗီယက်နမ်စာရင်းအင်းအဖွဲ့က အာဆီယံစာရင်းအင်းစနစ်မှာ လိုအပ်နေတဲ့ ကိန်းဂဏန်းအချက်တွေရဲ့ ၉၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။ အာဆီယံရဲ့ လှုပ်ရှားမှုတွေနဲ့ ကိန်းဂဏန်းတွေက ဗီယက်နမ်မှာ လူကြိုက်များလာတော့မှာဖြစ်ကြောင်း Chinhphu သတင်းမှာ ဖော်ပြထားပါတယ်။

ဗီယက်နမ်နိုင်ငံက ဥပဒေရေးရာမူဘောင်ကိုပြည့်စုံအောင် ဆောင်ရွက်ခြင်းစာရင်းအင်းစနစ်အတွင်းမှာရှိတဲ့ လုပ်သားအင်အားစုနဲ့ ဝန်ထမ်းများရဲ့ အရည်အသွေးဖွံ့ဖြိုးဖို့နဲ့ စာရင်းအင်းအဖွဲ့အစည်းများ ထူထောင်ခြင်းနဲ့ နည်းပညာအသုံးပြုမှုကို မြှင့်တင်ခြင်းစတာတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

## ကာဇက်စတန်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ ဖြစ်လာ




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) က ကာဇက်စတန်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် လက်ခံလိုက်တဲ့အတွက် အနှစ် ၂၀ ကျော်ကြာစေ့စပ်ညှိနှိုင်းမှုများ အဆုံးသတ်သွားခဲ့ပြီးဖြစ်ကြောင်း Yahoo ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် ဝင်ရောက်မှုသဘောတူစာချုပ်ကို ကာဇက်စတန်သမ္မတနာဆူလ်တန်နာဇာဘာယက်နှင့် ဒဗလျူတီအိုညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုတို့ ဂျနီဗာမြို့မှာ ဇူလိုင်လ ၂၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။

အသိအမှတ်ပြုလက်မှတ် ရေးထိုးပြီးနောက် အဖွဲ့ဝင်အဖြစ်ဝင်ရောက် နိုင်ရေးအတွက် ကာလရှည်ကြာစွာဆောင်ရွက်ခဲ့ရတဲ့ လုပ်ငန်းစဉ်ကို အလွန်စိန်ခေါ်မှုရှိခဲ့တဲ့ လုပ်ငန်းအဖြစ် အဇယ်ဗယ်ဒိုက ဖော်ပြခဲ့ပါတယ်။

ကာဇက်စတန် ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေကို ၁၉၉၆ ခုနှစ်ကစတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ကာဇက်စတန်နိုင်ငံက ရုရှားနိုင်ငံဦးဆောင်တဲ့ ယူရေးရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်ဖြစ်နေတဲ့အတွက် စေ့စပ်ညှိနှိုင်းမှုတွေ မကြာခဏ ရပ်ဆိုင်းခဲ့ရပါတယ်။

ထို့ပြင် ဒဗလျူတီအိုအဖွဲ့ဝင်ဖြစ်ဖို့ အရေးပါတဲ့အချက်တစ်ချက်ဖြစ်တဲ့ စီးပွားရေးအရ ဖြေလျှော့မှုတွေ အကောင်အထည်ဖော်မှု ပတ်သက်တဲ့ကိစ္စကြောင့် တုံ့ဆိုင်းမှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

ဖြေလျှော့မှုအတွက် ပြုပြင်ပြောင်းလဲမှုတွေကို အပြည့်အဝဆက်လက် လုပ်ဆောင်သွားမှာဖြစ်ကြောင်း ကာဇက်စတန်နိုင်ငံစီးပွားရေးပေါင်းစည်းမှုဝန်ကြီး ဇာနာအိပ်ဇန်နိုဗာက သတင်းထောက်တွေကို ပြောပါတယ်။ အရေးကြီးတဲ့အချက်တစ်ချက်က တယ်လီကွန်ဆက်သွယ်ရေးကဏ္ဍနဲ့ သက်ဆိုင်ပါတယ်။ ဒီကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ယခင်က ထိန်းချုပ်ထားတာတွေကိုပယ်ဖျက်ပေးရမှာ ဖြစ်ပါတယ်။

သွင်းကုန်ခွန်တွေ လျှော့ချပေးဖို့ ကာဇက်စတန်နိုင်ငံက သဘောတူထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် အများကြီးအားထုတ်ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။

ကာဇက်စတန်နိုင်ငံရဲ့ စီးပွားရေးက သယံဇာတအရင်းအမြစ်ကို အများကြီးမှီခိုနေရလွန်းတဲ့နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူတွေက ပြောပါတယ်။

မကြာသေးမီကဖြစ်ခဲ့တဲ့ ကမ္ဘာ့ရေနံဈေးနှုန်းတွေပြိုကွဲမှုက ကာဇက်စတန်နိုင်ငံရဲ့ စီးပွားရေးကိုခွဲခြမ်းစိတ်ဖြာထားဖို့လိုနေသေးကြောင်းကို ပြသလျက်ရှိပါတယ်။

## တိုးတက်တဲ့အမြင်ရှိသူများဖြစ်အောင်ကြိုးစားဖို့ အာဆီယံအနာဂတ်ခေါင်းဆောင်တွေကို တိုက်တွန်း

အာဆီယံစည်းလုံးမှုအခွန်ရှည်ခိုင်မာစေရန်အတွက် ဂုဏ်သိက္ခာထိန်းသိမ်းမှု၊ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုနဲ့ ရိုးသားမှုတို့ဖြင့် ကျင့်သုံးနေထိုင်ကြရန်နဲ့ တိုးတက်တဲ့တွေးခေါ် အောင်မြင်သူတွေဖြစ်အောင် ကြိုးပမ်းကြဖို့ အာဆီယံရဲ့ အနာဂတ်ခေါင်းဆောင်များကို တိုက်တွန်းထားကြောင်း Bernama သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံရဲ့ ရည်မှန်းချက်ကသာမန်ခေါင်းဆောင်မှုပေးရုံမျှသာမကဘဲပိုမိုပြည့်စုံသောဘဝကိုရယူနိုင်ဖို့အတွက် အခြားသူများကိုဦးဆောင်မှုပေးသွားရန်လိုအပ်တဲ့အတွက် ခေါင်းဆောင်မှုအပိုင်းမှာ ကိုယ်ကျင့်တရားအရပါ တာဝန်ယူမှုရှိဖို့လိုအပ်မှာဖြစ်ကြောင်း Universiti Sains Malaysia (USM) ရဲ့ ဒုတိယပါမောက္ခချုပ်ဖြစ်သူ တန်ဆရီဒါတွတ် မွတ်စတာဖာ မန်ဆူးက ပြောပါတယ်။

“အာဆီယံ အနာဂတ်ခေါင်းဆောင်တွေအဖြစ် တိုက်တွန်းချင်တာရှိပါတယ်။ အဲဒါကတော့အချင်းချင်း ဆက်ဆံရေးတွေကိုထူထောင်တဲ့အခါ အနာဂတ်အပြန်အလှန်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးနိုင်မယ့် အတွေးအခေါ်တွေပြည့်ဝနေတော့ အာဆီယံတက္ကသိုလ်ကျောင်းသားတွေဖြစ်အောင်ဆောင်ရွက်ပေးဖို့ လိုတယ်ဆိုတဲ့အချက်တွေဖြစ်ပါတယ်။

USM ရဲ့ ဘွဲ့လွန်ကျောင်းသားများအသင်းက အဆင့်မြင့်ပညာရေးခေါင်းဆောင်မှုအကယ်ဒမီ (AKEPT) ရဲ့ ထိုင်းနိုင်ငံမှ ဆွမ်ကလာမင်းသားတက္ကသိုလ် (Prince of Songkla University) တို့နဲ့ပူးတွဲပြီး အာဆီယံများအနာဂတ်ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး (ASEAN Future Leaders Summit (AFLES 2015) ကို ကျင်းပခဲ့ရာ အဲဒီအစည်းအဝေးမှာ တက်ရောက်အမှာစကားပြောကြားစဉ်သူကယခုကဲ့သို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

အမျိုးအစားစုံလင်မှုဆိုတာက အာဆီယံက ပိုင်ဆိုင်ထားတဲ့ တန်ဖိုးရှိထူးခြားတဲ့ ပိုင်ဆိုင်ပစ္စည်းတစ်ခုဖြစ်ကြောင်းနဲ့ ဒါကြောင့်ဒေသတွင်းစည်းလုံးညီညွတ်မှုရှိဖို့အတွက် ဒီလိုအမျိုးအစားထွေပြားမှုကို ထိန်းချုပ်သွားဖို့လိုကြောင်းနဲ့ ဒီလိုဆောင်ရွက်ရာမှာ အသိပညာဗဟုသုတကြွယ်ဝမှုနဲ့ အဆင့်မြင့်ပညာရေးတို့ကို ခိုင်မာအောင် ဆောင်ရွက်သွားဖို့လိုကြောင်း သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ထိုင်းနိုင်ငံတွင်ဒစ်ဂျစ်တယ် စီးပွားရေးမဟာဗျူဟာ ချမှတ်မည်

ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး စီးပွားရေးကို တိုးတက် ကောင်းမွန်အောင် ထိုင်းနိုင်ငံက ဆောင်ရွက်ဖို့ ရည်မှန်းချက် ချမှတ်ထားပြီးဖြစ်ရာ ရည်မှန်းချက်အောင်မြင်ရေးအတွက် ဒစ်ဂျစ်တယ်စီးပွားရေး မဟာဗျူဟာစီမံကိန်း (Digital Economy Strategic Plan) မူကြမ်းကိုရေးဆွဲဖို့ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားဦးဆောင်တဲ့ ဒစ်ဂျစ်တယ်စီးပွားရေး အထူးကော်မတီရဲ့ တတိယအကြိမ် အစည်းအဝေးက သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာနကို တာဝန်ပေးခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဒီမဟာဗျူဟာ စီမံကိန်းကို လက်ရှိအိုင်စီတီမဟာစီမံကိန်းရဲ့နေရာမှာ အစားထိုးပြီး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာ ထိုင်းနိုင်ငံအနေနဲ့ အိုင်တီဖွံ့ဖြိုးမှု ၁၀ နှစ်စီမံကိန်းဖြစ်တဲ့ IT2020 ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ IT 2020 အရ ငါးနှစ်စီမံကိန်းနှစ်ခုဖြစ်တဲ့ IT မဟာစီမံကိန်း 2011-15နဲ့ 2016-2020 တို့ကိုအကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်စီးပွားရေး မဟာဗျူဟာစီမံကိန်းမူကြမ်းကို ခြောက်လအတွင်း အပြီးသတ်ရေးဆွဲမှာဖြစ်ကြောင်း သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေး နည်းပညာဝန်ကြီး ပွန်ချိုင်းဂူဂျီပရာပါကပြောပါတယ်။ စီမံကိန်းအရ hard Infrastructure, soft Infrastructure ၊ ဝန်ဆောင်မှု အခြေခံအဆောက်အအုံ၊ ဒစ်ဂျစ် တယ်စီးပွားရေး တိုးတက်ရေးနဲ့ ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းဆိုပြီး တာဝန်ငါးရပ် ချမှတ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒစ်ဂျစ်တယ် မဟာဗျူဟာစီမံကိန်းကို အဆင့်သုံးဆင့်နဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ပထမအဆင့်က မဟာဗျူဟာစီမံကိန်းရဲ့ အဓိကမစ်ရှင်ဖြစ်တဲ့ မဏ္ဍိုင်ငါးရပ်ကို အဓိကထားပြီး ဆောင်ရွက်မယ့်အဖွဲ့ကို ဖွဲ့စည်းဖို့ဖြစ်ပါတယ်။ တတိယအဆင့်က ဩဂုတ်နဲ့စက်တင်ဘာမှာ မူကြမ်းအတွက် အသေးစိတ်အချက်အလက်တွေပြုစုပြီး လုပ်ငန်းကော်မတီကို တင်ပြဖို့ဖြစ်ပါတယ်။ တတိယအဆင့်က အောက်တိုဘာနဲ့နိုဝင်ဘာမှာ မူကြမ်းကိုအပြီးသတ်ပြုစုပြီး ဝန်ကြီးအဖွဲ့ထဲမှာ တင်ပြပြီး အတည်ပြုချက်ရယူဖို့ဖြစ်ပါတယ်။

# စီးပွားရေးလုပ်ငန်းများကြောင့် ဗီယက်နမ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်



နိုင်ငံတစ်ဝန်းရှိ စီးပွားရေး လုပ်ငန်းများနဲ့ စွန့်ဦးတီထွင်သူများရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အမျိုးသားအစီအစဉ်များ အောင်မြင်မှုရရှိလာပြီးနောက် လွန်ခဲ့တဲ့ ငါးနှစ်အတွင်း ဗီယက်နမ်နိုင်ငံရဲ့ ကျေးလက်ဒေသများမှာ တိုးတက်မှုများရှိလာခဲ့ကြောင်း ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဗူဗန်နင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြထားပါတယ်။

ယခုအစီအစဉ်ကို လူ့အဖွဲ့အစည်း အသီးသီးမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကြောင့် နှစ်စဉ်ဆင်းရဲတဲ့ အိမ်ထောင်စုနှစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနဲ့ ကျေးလက်နေပြည်သူရဲ့ ဝင်ငွေကို နှစ်ဆတိုးစေခဲ့ကြောင်း ဟန္ဓိုင်းမြို့မှာ ကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ ဒုတိယဝန်ကြီးချုပ်က ပြောပါတယ်။

ဒီလိုတိုးတက်မှုတွေ ရရှိခဲ့ရတာက မော်တော်ကားတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းတွေနဲ့ အလုပ်အကိုင်ဖန်တီးမှုနယ်ပယ်တွေမှာ ငွေကြေးထောက်ပံ့မှုတွေပေးခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ စွန့်ဦးတီထွင်သူတွေရဲ့ ကြိုးပမ်းမှုကြောင့်ဖြစ်ကြောင်း ၎င်းက ပြောပါတယ်။

အစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေတွေကို အလေးအနက်ထား ပြန်လည်သုံးသပ်ကြဖို့ ဝန်ကြီးဌာနတွေ၊ လုပ်ငန်းကဏ္ဍတွေ နဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေကို သူကတိုက်တွန်းခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်နယ်မြေတွေရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံ ဆွဲဆောင်ရေးအစီအမံတွေကို အဆိုပြုတင်ပြခဲ့ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစက်မှုဖွံ့ဖြိုးရေးနဲ့ ခေတ်မီတိုးတက်ရေးအတွက် ကုမ္ပဏီများနဲ့ စွန့်ဦးတီထွင်သူတွေရဲ့ လက်တွေ့ထောက်ကူမှုတွေ ပိုမိုဆောင်ရွက်ပေးကြဖို့ မျှော်လင့်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောပါတယ်။

အခမ်းအနားမှာ ကုမ္ပဏီ ၆၅ ခုနဲ့ စွန့်ဦးတီထွင်သူ ၃၁ ဦးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုအတွက် ထူးချွန်မှုလက်မှတ်များကို ပေးအပ်ခဲ့ပါတယ်။

# ဖိလစ်ပိုင်ဆိပ်ကမ်းစီမံကိန်းကို ကုမ္ပဏီငါးခုက စိတ်ဝင်စား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းတစ်ခုကို ပီဆို ၁၈ ဒသမ ၉၉ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၁ သန်း) အသုံးပြုပြီး ခေတ်မီအောင်ဆောင်ရွက်လျက်ရှိရာ အဖွဲ့ငါးဖွဲ့က စိတ်ဝင်စားမှုကိုပြသခဲ့ကြောင်း ဇူလိုင်လ ၂၇ ရက်နေ့က အစိုးရတာဝန်ရှိသူတစ်ဦးကပြောကြားတယ်။

၎င်းစီမံကိန်းများရဲ့ တင်ဒါများကို စတုတ္ထသုံးလပတ်မှာ တင်သွင်းရမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

Dacao Sasa ဆိပ်ကမ်းကိုတည်ဆောက်၊ လည်ပတ်ဖို့နဲ့ စီမံခန့်ခွဲဖို့နှစ် ၃၀ ခွင့်ပြုကန်ထရိုက်စနစ်နဲ့ အကောင်အထည်ဖော်ဖို့ အစိုးရက ရည်ရွယ်ထားပါတယ်။ ယခုစီမံကိန်းက အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ် (PPP) နဲ့ ပထမဆုံးခွင့်ပြုတဲ့စီမံကိန်းဖြစ်ပြီး အစ္စလမ်မစ်စစ်သွေးကြွတို့နှစ်ပေါင်းများစွာကြီးစိုးခဲ့တဲ့ ကျွန်းတစ်ကျွန်းဖြစ်တဲ့ မင်ဒါနာအိုကျွန်းပေါ်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။

ဒီစီမံကိန်းကို အကောင်အထည်ဖော်ဖို့ တင်သွင်းလာတဲ့ကုမ္ပဏီငါးခုထဲမှာ ဒတ်ချ်လုပ်ငန်းဖြစ်တဲ့ APM Terminals Management BV နဲ့ အစုစပ်ဆောင်ရွက်မယ့် ဖိလစ်ပိုင်ကုမ္ပဏီစုကြီးဖြစ်တဲ့ Migvel Corp လည်းပါဝင်ကြောင်း PPP စင်တာရဲ့ ဦးစီးမှူး ကိုဆက် ကာနီလာအိုက သတင်းထောက်တွေ ကိုပြောပါတယ်။

Asian Terminals Inc က ယူအေအီးနိုင်ငံမှ DP World Ltd နဲ့ပူးတွဲပြီး တင်ဒါအထောက်အထားတွေ တင်သွင်းခဲ့တယ်လို့ ကာနီလာအိုကပြောပါတယ်။

တင်ဒါတင်သွင်းကြတဲ့ တခြားကုမ္ပဏီတွေကတော့ ဖိလစ်ပိုင်မှာ တတိယအချမ်းသာဆုံးဖြစ်တဲ့ အန်းနစ်ရာဇုန်ပိုင်ဆိုင်တဲ့ International Container Terminal Services Inc(ICTSI)၊ ပြင်သစ်ပိုင်ကုမ္ပဏီ Bollore SA နဲ့ စင်ကာပူကုမ္ပဏီ Portek International Pte Ltd တို့ဖြစ်ကြောင်း ကာနီလာအိုကပြောပါတယ်။

အစိုးရက ဆောင်ရွက်နေတဲ့ PPP အစီအစဉ်ရဲ့ ရည်ရွယ်ချက်က သက်တမ်းရင့်နေပြီဖြစ်တဲ့ အခြေခံအဆောက်အအုံတွေကို အဆင့်မြှင့်တင်ဖို့ ဖြစ်ပါတယ်။

# အင်ဒိုနီးရှား အခြေခံအဆောက်အအုံ စီမံကိန်းအတွက် လေ့လာမှုများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် အဆုံးသတ်မည်

အင်ဒိုနီးရှားနိုင်ငံရဲ့ စီမံကိန်းတွေကို ၂၀၁၆ ခုနှစ်မှာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ဦးစားပေးအခြေခံအဆောက်အအုံစီမံကိန်းများတွင် စီမံပြင်ဆင်မှုဆိုင်ရာ လေ့လာမှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် အပြီးသတ်ဆောင်ရွက်ဖို့ အင်ဒိုနီးရှား အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်း အေဂျင်စီ (Bappenas) က ရည်မှန်းထားကြောင်း အန်တာရာသတင်းဌာနက ဖော်ပြပါတယ်။

လေ့လာရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အင်ဒိုနီးရှား သိပ္ပံတက္ကသိုလ် (LIPI) နဲ့ နည်းပညာလေ့လာအကဲဖြတ်မှုနဲ့ အသုံးချရေး အေဂျင်စီတို့ အပါအဝင်အဖွဲ့ပေါင်းစုံက ဆောင်ရွက်မှာဖြစ်ပြီး အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းဝန်ကြီးဌာနနဲ့ Bappenas တို့က ပေါင်းစပ်ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဝန်ကြီး အန်ဒရီနော အေချာနယာဂိုက ပြောပါတယ်။

စီမံကိန်းလေ့လာမှုများမှာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ စီမံကိန်းဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း ဒီဇိုင်းလေ့လာမှုနဲ့ သဘာဝပတ်ဝန်းကျင် ဂယက်ရိုက်ခတ်မှု လေ့လာချက်စတဲ့ လုပ်ငန်းတွေ ပါဝင်ပါတယ်။

လောလောဆယ်မှာ ပါပူအာရှိ ရထားလမ်းစီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံအဆောက်အအုံ စီမံကိန်းများ အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေကို အစိုးရက ၂၀၁၆ ခုနှစ်မှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်မှာဖြစ်ပြီး Bappenas က ဒီလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲမှာဖြစ်ပါ တယ်။

ဒါကြောင့် လုပ်ငန်းတွေဆောင်ရွက်ဖို့ တင်ဒါခေါ်ယူခြင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းမှာ စတင်နိုင်မယ်လို့ ခန့်မှန်းထားပြီး ၂၀၁၆ ခုနှစ်မှာ စီမံကိန်းတွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အကောင်အထည်ဖော်သွားနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

အစိုးရက ၂၀၁၅ ခုနှစ်မှာ အခြေခံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းအတွက် ရူပြား ၂၉၀ ဒသမ ၃ ထရီလီယံ သုံးစွဲဖို့လျာထားပါတယ်။

ဒါပေမယ့် အကောင်အထည်ဖော်မှုလုပ်ငန်းတွေ နှောင့်နှေး ကြန့်ကြာနေရင်တော့ အထောက်အကူရမှာ မဟုတ်ကြောင်း သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### စင်ကာပူ

အဆောက်အဦလုပ်ငန်း၊ ဆောက်လုပ်ရေးနဲ့ အထွေထွေ ကုန်သွယ်ရောင်းဝယ်လုပ်ငန်းကဏ္ဍတွေမှာ ချေးငွေလုပ်ငန်းတွေတိုးတက်ဖွံ့ဖြိုးလာတဲ့အတွက် စင်ကာပူနိုင်ငံရဲ့ဘဏ်ချေးငွေလုပ်ငန်းက ဇွန်လမှာ ဒုတိယမြောက်လအဖြစ် ဆက်တိုက်မြင့်တက်လာပြီး ငါးလအတွင်း အမြင့်ဆုံးကို ရောက်ခဲ့ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။

### ရှန်ဟဲ

တရုတ်နိုင်ငံရဲ့ ရှယ်ယာဈေးနှုန်းတွေ ကျဆင်းပြီးနောက်ပိုင်း တရုတ်အစိုးရက နိုင်ငံရဲ့ ဘဏ္ဍာရေးစနစ်ကို ဖိအားပေးမှုတွေပြင်းထန်လာပြီး ဈေးကွက်အတွင်းမှာ အလိုအလျောက်စက်နဲ့ရောင်းဝယ်မှု (Automated Trading) ရဲ့ ဂယက်ရိုက်ခတ်မှုကို စုံစမ်းစစ်ဆေးသွားမှာဖြစ်ကြောင်း တရုတ်ငွေကြေး စာချုပ်စာတမ်းများ ကြီးကြပ်ရေးကောင်မရှင်ရဲ့ ကြေညာချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဟိုချီမင်းစီးတီး

ယခုနှစ်ပထမခြောက်လပတ်မှာ ဗီယက်နမ်ရဲ့ဖိနပ်ပြည်ပတင်ပို့မှုက ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၂၀ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၅ ဘီလီယံထိရောက်ရှိခဲ့ကြောင်း အထွေထွေအကောက်ခွန်ဌာနက ဇူလိုင် ၃၁ ရက်က ထုတ်ပြန်တဲ့ စာရင်းဇယားများကို ကိုးကားပြီး VNS သတင်းမှာဖော်ပြပါတယ်။

### ဆိုးလ်

သန့်စင်ပြီးရေနံနဲ့ စက်ယန္တရားထုတ်ကုန်များအတွက် ပြည်ပဝယ်လိုအားများစွာ မြင့်တက်လာမှုကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ စက်မှုကုန်ထုတ်လုပ်မှုက ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် ဇွန်လမှာ ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ လေးလအတွင်း ပထမဆုံးအကြိမ် မြင့်တက် ခြင်းဖြစ်ကြောင်း Statistic Korea ရဲ့ဇူလိုင် ၃၁ ရက်နေ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

**South Asia**

## အိန္ဒိယမှ ထုတ်လုပ်တဲ့ဆေးဝါး ၇၀၀ ရောင်းချမှုကို အီးယူက ရပ်ဆိုင်း

အိန္ဒိယနိုင်ငံ ထုတ်ဆေးဝါးတွေဖြစ်တဲ့ (Generic Drug) ၇၀၀ ကို ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများက ဩဂုတ် ၂၀ ရက်နေ့အထိ ရောင်းချမှု ရပ်ဆိုင်းထားခဲ့ကြောင်း ဇူလိုင် ၂၇ ရက်က ဥရောပ ကော်မရှင်ရဲ့အတည်ပြု ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ဆေးဝါးများကို စမ်းသပ်စစ်ဆေးဖို့ ကန်ထရိုက်စာချုပ် ချုပ်ဆိုထားတဲ့ အိန္ဒိယ စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ စစ်ဆေးမှုအရ မမှန်မကန် ဖော်ပြမှုတွေကို တွေ့ရှိရပြီးနောက် ဥရောပကော်မရှင်က အရေးယူဆောင် ရွက်ခဲ့တာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်က GVK Bio Sciences ကုမ္ပဏီရဲ့ လုပ်ငန်းခွင်ကို သွားရောက်စစ်ဆေးမှုများအရ မမှန် မကန်မှုများကို တွေ့ရှိခဲ့ရကြောင်း European Medicines Agency ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး အရောင်း ယာယီရပ်ဆိုင်းထားဖို့ ထောက်ခံခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်များအရ ဟိုက်ဒရာဘတ်ရှိ GVK Bio ဆေးရုံမှာ ရှိတဲ့ အရည်အသွေး စစ်ဆေးရေးစနစ်ရဲ့ အားနည်းချက်များကြောင့် ဖြစ်တာကိုတွေ့ရပါတယ်။

Ibuprofen အပါအဝင် ကုန်အမှတ်တံဆိပ်ရှိတဲ့ အကိုက်အခဲပျောက် ဆေးဝါးတွေကြောင့် ကျန်းမာရေး ပြဿနာရှိလာမှာကို သံသယဖြစ်စရာ မရှိကြောင်းနဲ့အရောင်းယာယီရပ်ဆိုင်းတဲ့အတွက်ဆေးဝါးပြတ်လပ်မှုကို စိုးရိမ်စရာမလိုကြောင်း ကော်မရှင်အရာရှိတွေကပြောပါတယ်။ ဆေးဝါးတွေကြောင့် ဒုက္ခတွေ့ကြုံနေရခြင်း သို့မဟုတ် ဆေးဝါးအာနိသင်မရှိခြင်းစတဲ့ အချက်တွေ မတွေ့ရကြောင်းလည်း ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

မမှန်မကန်ထုတ်လုပ်ထားပြီး ရောင်းချနေတဲ့ဆေးဝါးတွေကို အရောင်းကောင်တာများကနေ သိမ်းဆည်းလိုက်တဲ့အတွက် လူနာတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အာမခံချက်ပေးနိုင်သလို ဥရောပဈေးကွက်အာဏာပိုင်အဖွဲ့အစည်းအပေါ် ယုံကြည်မှုပိုမိုမြင့်တက်လာစေ နိုင်တယ်လို့ သူကပြောပါတယ်။ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနဲ့ လူဇင်ဘတ်အပါအဝင် ဥရောပနိုင်ငံတွေက အီးယူးရဲ့အရေးယူဆောင်ရွက်မှုကိုစောင့်မနေဘဲ ဆေးဝါးရောင်းချမှုကို ဒီဇင်ဘာလ သို့မဟုတ် ယခုနှစ်နှစ်ဦးပိုင်က စတင်ပိတ်ခဲ့ပါတယ်။ သံသယဖြစ်ဖွယ်ရှိတဲ့ဆေးဝါးများ အနက်အချို့ကိုစစ်ဆေးရေးစင်တာတွေရဲ့ တွေ့ရှိချက်ပေါ်မူတည်ပြီး ပြန်လည်ရောင်းချခွင့်ပြုခဲ့ပါတယ်။

**EU**

## Western Union က ဂရိနိုင်ငံမှာ ငွေလွှဲလုပ်ငန်းကို ပြန်လည်စတင်




ဂရိနိုင်ငံမှာရှိတဲ့ ကုမ္ပဏီရဲ့ငွေလွှဲလုပ်ငန်းတွေကို ပြန်လည်စတင်နေပြီဖြစ်ကြောင်းနဲ့ တချို့နေရာတွေမှာ ပင်လယ်ရပ်ခြားကပေးပို့တဲ့ငွေကို ဖောက်သည်တွေကလက်ခံရယူနိုင်ပြီဖြစ်ကြောင်း Western Union ကုမ္ပဏီရဲ့ ဇူလိုင်လ ၂၇ ရက်ကပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ကုမ္ပဏီရဲ့အေးဂျင့်တွေဖွင့်လှစ်ထားတဲ့ နေရာ ၁၀၀၀ အနက်နေရာ ၂၇၀ ခန့်မှာငွေလွှဲလုပ်ငန်းတွေစတင်ဖွင့်လှစ်နေပြီဖြစ်ကြောင်း၊ ဖောက်သည်တွေကရရှိတဲ့ လွှဲပို့ငွေတွေကို ဂရိ နိုင်ငံအစိုးရက သတ်မှတ်ထားတဲ့အတိုင်း ငွေကြေး ထိန်းချုပ်မှုတွေကိုမခံရဘဲ ကင်းလွတ်ခွင့်ရမှာဖြစ်ကြောင်း ကမ္ဘာ့အကြီး မားဆုံးဖြစ်တဲ့ငွေလွှဲကုမ္ပဏီကြီးက ပြောပါတယ်။

အထူးသတ်မှတ်ထားတဲ့ စည်းကမ်းချက်များအရ ငွေလွှဲကုမ္ပဏီတွေရဲ့လုပ်ငန်းတွေပြန်လည်စတင်နိုင်အောင် အစိုးရကဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ Western Union ရဲ့ လုပ်ငန်းတွေပြန်လည်စတင်ခဲ့တာ ဖြစ်ပါတယ်။ ယိုင်နဲ့လာတဲ့ ဘဏ္ဍာရေးစနစ်ကိုပြန်လည်မတည်ပေးဖို့အတွက် ဂရိနိုင်ငံကဘဏ်တွေကို ပိတ်ခဲ့ပြီးနောက် ဇွန်လ ၂၉ ရက်ကစပြီး ကုမ္ပဏီရဲ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ရက်သတ္တပတ်တစ်ပတ်လောက်ပိတ်ပင်ထားခဲ့ပါတယ်။ Western Union က ဇူလိုင်လဆန်းပိုင်းမှာ တိုက်ရိုက်ဘဏ်ငွေလွှဲစနစ်ကို ပြန်လည်စတင်ခဲ့ပါတယ်။

ဥရောပဗဟိုဘဏ်က အရေးပေါ်ချေးငွေကို တိုးမြှင့်ပေးခဲ့ပြီးနောက် ယခင်ရက်သတ္တပတ်ကစပြီး ဂရိနိုင်ငံမှာ ဘဏ်တွေပြန်လည်ဖွင့်လှစ်ပါတယ်။ ဒါပေမယ့် မတည်ရင်းနှီးငွေ ထိန်းချုပ်မှုတွေကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

**East Asia**

## ဂျပန်နိုင်ငံရဲ့ဇွန်လကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးနှုန်းနှေးကွေး

ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုက မေလအတွင်းအကြီးအကျယ်ကျဆင်းခဲ့ပြီး၊ ဇွန်လအတွင်းမှာ အနည်းငယ်သာ တိုးတက်မှု ရှိလာခဲ့ပါတယ်။ ဒါကြောင့် ပို့ကုန်တွေအားနည်းလာပြီး ကုန်ချော ထုတ်လုပ်သူတွေမှာလည်း လက်ကျန်တွေ များပြားနေတဲ့အတွက် ဒုတိယသုံးလပတ်ရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)ကျဆင်းမှာကို စိုးရိမ်မှုတွေရှိနေကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။

လေ့လာဆန်းစစ်သူတွေ ခန့်မှန်းချက်အရ ယခုသုံးလပတ်အတွင်းမှာ စီးပွားရေးက အနည်းငယ်ဦးမော့လာမယ်လို့ဆိုပါတယ်။ မိသားစုဝင်ငွေတွေ တိုးတက်ကောင်းမွန်လာတာကြောင့် စားသုံးမှု မြင့်တက်လာမှာကို အခြေခံပြီးခန့်မှန်း တာဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှု ကာလရှည်ကြာနေတာကြောင့် ဂျပန်နိုင်ငံအတွက် ပြည်ပဝယ်လိုအားကို ကျဆင်းစေမှာ ဖြစ်ကြောင်းလည်း သတိပေးထားပါတယ်။

ဇွန်လရဲ့ စက်မှုကုန်ထုတ်လုပ်မှုက ယခင်နဲ့နှိုင်းယှဉ်ရင် သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဇူလိုင်လ ၂၉ ရက်ကထုတ်ပြန်တဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းဇယားတွေအရ သိရပါတယ်။

"ကုန်ထုတ်လုပ်မှုက စက်တင်ဘာလအထိ သုံးလပတ်နှစ်ပတ်ဆက်တိုက်ကျဆင်းမယ့်အလားအလာရှိနေတာကို ဖယ်ရှားဖို့ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးမှုလည်း နှေးကွေးနိုင်ပါတယ်။ အဓိကခြိမ်းခြောက်မှုက တရုတ်စီးပွားရေးနှေးကွေးမှုဖြစ်ပြီး ဒီလိုနှေးကွေးမှုကြောင့် ပို့ကုန်တင်ပို့မှုတွေဆက်လက်နှေးကွေးနိုင်ပါတယ်"လို့ SMBC Nikko Securities မှ အကြီးတန်းစီးပွားရေးပညာရှင် ကိုယာမီယာမာအဲက ပြောပါတယ်။

**USA**

## အမေရိကန်စီးပွားရေး တိုးတက်မှုရှိကြောင်း အမေရိကန် ဗဟိုဘဏ်ကပြောကြား

အမေရိကန်ပြည်ထောင်စုစီးပွားရေးနဲ့ အလုပ်အကိုင် ဈေးကွက်က ဆက်လက် ခိုင်မာလာပြီဖြစ်ကြောင်း အမေရိကန် ဗဟိုဘဏ်က ဇူလိုင် ၂၉ ရက်နေ့က ပြောကြားခဲ့တဲ့အတွက် စက်တင်ဘာမှာကျင်းပမယ့် ဗဟိုဘဏ်မူဝါဒရေးဆွဲသူတွေရဲ့ အစည်းအဝေးမှာ အတိုးနှုန်းတွေမြှင့်တင်ပေးဖို့ ခွင့်ပြုလိုက်တဲ့အခြေအနေမျိုးကို ရောက်ရှိစေခဲ့ကြောင်း၊ ပထမသုံးလပတ်က ကျဆင်းခဲ့တဲ့ အမေရိကန်စီးပွားရေးဟာ ယခုအခါတိုးတက်မှုရနေပြီလို့ ခံစားမိကြောင်း၊ ရေနံဈေးနှုန်းကျဆင်းပြီး၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနဲ့ ကြုံတွေ့နေရ ပေမယ့် အမေရိကန် စီးပွားရေးက အထိုက်အလျောက် တိုးတက်မှုရှိခဲ့ကြောင်း နောက်ဆုံးကျင်းပခဲ့တဲ့ နှစ်ရက်ကြာမူဝါဒအစည်းအဝေးပြီး နောက်ပိုင်း ဗဟိုဘဏ်အရာရှိတွေက ပြောကြားခဲ့ပါတယ်။

မကြာသေးမီ လများအတွင်း အလုပ်အကိုင်အခြေအနေတွေတိုးတက်လာပါတယ်။ "အလုပ်သမားဈေးကွက်ညွှန်ကိန်းတွေအရဆိုရင် လုပ်သားအရင်းအမြစ်တွေကိုအပြည့်အဝအသုံးမချနိုင်တဲ့အဖြစ်မျိုးက ယခုနှစ် နှစ်ဦးကတည်းက စတင်ပျောက်ကွယ်လာခဲ့ပါပြီ" လို့ ဗဟိုဘဏ်ရဲ့ မူဝါဒကြေညာချက်မှာဖော်ပြထားပါတယ်။ ဒါပေမယ့် အဲဒီကြေညာချက်မှာ အတိုးနှုန်းကို မပြောင်းလဲသေးဘဲ ဆက်လက်ထားရှိခဲ့ပါတယ်။

ဒီကြေညာချက်ကို ကြည့်ခြင်းအားဖြင့် ဇွန်လမှာ ပြုလုပ်ခဲ့တဲ့ မူဝါဒ အစည်းအဝေးအပြီးတွင် ဗဟိုဘဏ်နဲ့ အလုပ်သမားမူဝါဒအပေါ် အမြင်ပြောင်းလဲလာတဲ့သဘောကို တွေ့ရပါတယ်။ အဲဒီအစည်းအဝေးကျင်းပစဉ်ကတည်းက အလုပ်သမားအခြေအနေကျဆင်းမှု အဆုံးသတ်သွားပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အခုချိန်မှာ အလုပ်သမားဈေးကွက်ရဲ့ အခြေအနေတွေဟာ ထပ်ပြီးတိုးတက်မှုရှိလာဖို့ပဲ ရှိပါတော့တယ်လို့ အမေရိကန် ဗဟိုဘဏ်ကပြောပါတယ်။ လေ့လာ ဆန်းစစ်သူတွေကလည်း အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်သမားဈေးကွက်က ဆက်လက်ပြီး ခိုင်မာနေမယ်လို့ ယုံကြည်လျက် ရှိနေပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ထုတ်ပြန်တော့မယ့် စီးပွားရေးကိန်းဂဏန်းတွေအရ အမေရိကန်စီးပွားရေးတိုးတက်လာတာကို တွေ့ရတဲ့အတွက် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က စက်တင်ဘာလမှာ ဗဟိုဘဏ် အတိုးနှုန်းတွေကို မြှင့်တင်ပေးလိမ့်မယ်လို့ တွက်ဆကြတဲ့အတွက် ထွန်းသစ်စ အာရှဈေးကွက်ရှိငွေကြေးအများစုရဲ့ တန်ဖိုးများကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ကော်ပိုရေးရှင်းကြီးများရဲ့ ဝင်ငွေများကျဆင်းတာကို တွေ့ရပြီးနောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက တောင်ကိုရီးယားရှယ်ယာတွေကို ထုတ်ရောင်းခဲ့တဲ့အတွက် ဝမ်ငွေကြေးတန်ဖိုးကျဆင်းခဲ့ပါတယ်။

ဇူလိုင်လ ၂၉ ရက်နေ့ကကျင်းပတဲ့ ဗဟိုဘဏ်ရဲ့ မူဝါဒအစည်းအဝေးမှာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးနဲ့အလုပ်သမားဈေးကွက်ခိုင်မာမှုရှိလာပြီဖြစ်ကြောင်း ဗဟိုဘဏ်မူဝါဒ ရေးဆွဲသူတွေက ပြောကြားခဲ့ပါတယ်။ဒါကြောင့် အမေရိကန်ဗဟိုဘဏ်က စက်တင်ဘာမှာကျင်းပမယ့်နောက်တစ်ကြိမ် အစည်းအဝေးမှာ အတိုးနှုန်းတွေကိုမြှင့်တင်ပေးမယ့်သဘောသက်ရောက်နေပါတယ်။

အမေရိကန်ဒေါ်လာတန်ဖိုးက တခြားအဓိကငွေကြေးခြောက်ခုနဲ့ ဖလှယ်ရာမှာ မြင့်တက်လာခဲ့ပြီး အမေရိကန်ငွေတိုက်စာချုပ်တွေရဲ့ အမြတ်နှုန်းကလည်း မြင့်တက်ခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနမှာ တရုတ်ယွမ်ငွေကြေးရဲ့ ဗဟိုဘဏ်ဖလှယ်နှုန်းမှာ ဇူလိုင်လ ၃၀ ရက်နေ့က သုည ဒသမ ၁၅ ရာခိုင်နှုန်းကျဆင်းကာ တစ်ဒေါ်လာကို ၆ ဒသမ ၁၁၆၅ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အမေရိကန်ပြည်ထောင်စုစီးပွားရေးကောင်းလာပြီလို့ အမေရိကန်ပြည်ထောင်စုကခန့်မှန်းခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုငွေကြေးက အိန္ဒိယနိုင်ငံပြင်ပဈေးကွက်မှာ ခိုင်မာလာတဲ့အတွက် ဇူလိုင်လ ၃၀ ရက်နေ့က ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ဝ၇ ရူပီးကျဆင်းပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၉၈ ရူပီးနှုန်းရှိခဲ့ပါတယ်။ လအကုန်ငွေစာရင်း ရှင်းလင်းဖို့အတွက် သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ဒေါ်လာဝယ်လိုအားမြင့်တက်မှုကြောင့် ရူပီးတန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် စတော့ဈေးကွက်တွေမှာ ရှယ်ယာဈေးနှုန်းမြင့်တက်မှုက ရူပီးတန်ဖိုးအကျသက်သာအောင် ထိန်းထားနိုင်ခဲ့ကြောင်း ဝယ်ရောင်း သမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

အမေရိကန်စီးပွားရေးကို အမေရိကန်ဗဟိုဘဏ်က တိုးမြှင့်သုံးသပ်ခဲ့ပြီးနောက်ပိုင်း စက်တင်ဘာလမှာ ဗဟိုဘဏ်အတိုးနှုန်းတွေမြင့်တက်လာဖွယ်ရှိကြောင်း လေ့လာဆန်းစစ်သူတို့က သုံးသပ်ကြတဲ့အတွက် ဇူလိုင်လ ၃၀ ရက်နေ့မှာ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

ဒေါ်လာနဲ့ ယန်းငွေဖလှယ်နှုန်းက ဇူလိုင် ၂၉ ရက်နေ့က နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၉၁ ယန်းနဲ့ တိုကျိုမှာ ၁၂၃ ဒသမ ၆၄ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၄ ဒသမ ဝ၇ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁ ဒသမ ဝ၉၉ဝ ဒေါ်လာမှ ၁ ဒသမ ဝ၉၇၇ ဒေါ်လာနှုန်း သို့လည်းကောင်း၊ ယန်းငွေကြေးနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁၃၆ ဒသမ ၁၉ယန်းမှ ၁၃၆ ဒသမ ၂ဝ ယန်းသို့လည်းကောင်း ပြောင်းလဲခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူများရဲ့ စိတ်ဝင်စားမှုက အမေရိကန်ဒေါ်လာဘက်ကို အာရုံပြောင်းသွားတဲ့အတွက် ဇူလိုင်လ ၃၀ ရက်နေ့မနက်ပိုင်းဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက ဇူလိုင်လ ၂၉ ရက် ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၈ဝ၉၅ရင်းဂစ် နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ မနက် ၉ နာရီမှာ ၃ ဒသမ ၈၁၃ဝ ရင်းဂစ်နှုန်းသို့ ပြောင်းလဲခဲ့ပါတယ်။ ရင်းဂစ်ငွေကြေးအပေါ် ယုံကြည်မှုက ဖြည်းဖြည်းချင်းမြင့်တက်လာခဲ့ပေမယ့် အမေရိကန်ဗဟိုဘဏ်က စက်တင်ဘာမှာ အတိုးနှုန်းမြှင့်တင်ပေးမယ့် လက္ခဏာကိုတွေ့ရပြီး နောက်ပိုင်း ဒေါ်လာတန်ဖိုးက အသာစီးရခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားစီးပွားရေးတိုးတက်နှုန်းနှေးကွေးနေချိန်မှာ အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းမြှင့်တင်ပေးမယ့်အရိပ်အယောင်ကိုတွေ့ရတဲ့အတွက် ပြည်ပသို့ ငွေကြေးစီးထွက်မှု မြင့်တက်ခဲ့ပါတယ်။ ဇူလိုင်လအတွင်း တောင်ကိုရီးယားရှယ်ယာတွေ အသားတင်ရောင်းချမှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရောက်ရှိခဲ့တဲ့အတွက် တောင်ကိုရီးယားဝမ်ငွေကြေးတန်ဖိုး ကျဆင်းမှုက ဇူလိုင် ၂၉ ရက်နေ့မှာ ရက်သတ္တတစ်ပတ်အတွင်း အများဆုံး ဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းပြည်တွင်းအဖွဲ့အစည်းများရဲ့ ဘတ်ငွေကို အသားတင်ဝယ်ယူမှုက ၁ ဒသမ ၈၄ ဘီလီယံရှိခဲ့ပေမယ့် အကျိုးဆောင်လုပ်ငန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူနဲ့ လက်လီရင်းနှီးမြှုပ်နှံသူတွေရဲ့ အသားတင်ရောင်းချမှုက ဘတ် ၁၃၈ ဒသမ ၄၆ သန်း၊ ၁ ဒသမ ၃၅ ဘီလီယံနဲ့ ၃၅၁ ဒသမ ၁၉ ဘီလီယံအသီးသီးရှိခဲ့ပါတယ်။ဒါကြောင့် ဒေါ်လာနဲ့ ဘတ်ငွေဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၄ ဒသမ ၉၂ ဘတ်နှုန်းမှ ၃၅ ဒသမ ဝ၈ ဘတ်နှုန်းသို့ပြောင်းလဲခဲ့ပါတယ်။

## ကြွေးမြီပြဿနာကြောင့် ဂရိဘဏ်တွေ ဆက်လက်အကျပ်အတည်းတွေ့ကြုံ

ကြွေးမြီနဲ့ပတ်သက်တဲ့ ပြင်ဆင်မှုတွေလုပ်ဖို့ ညှိနှိုင်းနေဆဲဖြစ်တဲ့အတွက် ဥရောပမှ နောက်ထပ်ငွေကြေးမရမချင်း ဂရိဘဏ်တွေမှာ ငွေကြေးထိန်းချုပ်မှုတွေ ဆက်လက်ရှိနေဦးမှာဖြစ်ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

နိုင်ငံရဲ့ဘဏ်တွေကိုပြန်လည်ထူထောင်ရေးတွေ ဆောင်ရွက်ရတဲ့ကိစ္စကလည်း ခက်ခဲတဲ့ပြဿနာတစ်ရပ်ဖြစ်နေပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မှသာလျှင် လာမယ့်သီတင်းပတ်များအတွင်း အပြီးသတ်ဆောင်ရွက်ဖို့ ဆန္ဒရှိနေတဲ့ တတိယအကြိမ်မြောက် ကယ်တင်မှုချေးငွေအတွက် သဘောတူညီမှုကို ရရှိနိုင်မှာဖြစ်ပါတယ်။

ရက်သတ္တပတ်အလိုက် ချေးငွေထုတ်ယူမှုကို ကန့်သတ်ထားတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေနိုင်တဲ့အပြင် ငွေချေးယူပြီးမှသာကြွေးမြီကိုပြန်လည်ပေးဆပ်နိုင်မှာ ဖြစ်တဲ့အတွက် စေ့စပ်ညှိနှိုင်းမှုတွေ အချိန်ကြာလေလေ ဘဏ်တွေအတွက် အခက်အခဲပိုရှိလေ ဖြစ်လာနိုင်ပါတယ်။

ဘဏ်တွေကငွေထုတ်ယူမှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဆောင်ရွက်နေပေမယ့် နိုင်ငံရဲ့စီးပွားရေးက ပိုမိုကျဆင်းနေကြောင်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတဲ့ ချေးငွေ



တွေ တစ်စတစ်စ တိုးတက်လာတာကို ရည်ညွှန်းပြီး တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

စီးပွားရေးလုပ်ငန်းတွေရဲ့ နိုင်ငံခြားငွေလွှဲလုပ်ငန်းတွေအပေါ် ကန့်သတ်ထားတာတွေကို ဇူလိုင်လ ၂၄ ရက်နေ့က လျှော့ချပေးခဲ့ပါတယ်။ ဒီလိုငွေကြေးထိန်းချုပ်မှုတွေကို လျှော့ချပေးခဲ့ပေမယ့် ငွေကြေးတင်းကျပ်စွာထိန်းချုပ်မှုက ချက်ချင်းလျှော့ကျသွားမယ့်အလားအလာ မရှိသေးပါဘူး။

ဘဏ်တင်-စစည်းတင်ပြသည်

## မလေးရှားအစိုးရရဲ့ ဘွန်းစာချုပ် အတိုးနှုန်း တွေမြင့်တက်

အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းတွေ မြှင့်တင်ပေးမှာကို ထင်ထင်ရှားရှား တွေ့မြင်လာရတဲ့အတွက် လာမယ့်လတွေမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မလေးရှားအစိုးရရဲ့ ဘွန်းစာချုပ်တွေအပေါ် စိတ်ဝင်စားမှု ကျဆင်းလာမယ်လို့ ခန့်မှန်းထားကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌဂျနက်ယယ်လင်က အမေရိကန်လွှတ်တော်ကြားနာစစ်ဆေးပွဲမှာ ဗဟိုဘဏ်အနေနဲ့ ယခုနှစ်နှောင်းပိုင်းမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးဖို့ရှိကြောင်းပြောကြားပြီးနောက်ပိုင်း ဘွန်းစာချုပ်အတိုးနှုန်းမြင့်တက်မှုကို အားဖြည့်ပေးသလိုဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေရဲ့ လက်ထဲမှာ မလေးရှားအစိုးရရဲ့ အာမခံစာချုပ်စာတမ်း (MGS) နဲ့ အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ထုတ်ရောင်းထားတဲ့ စာချုပ်စာတမ်းများရဲ့ တန်ဖိုး ရင်းဂစ် ၁၇၆ ဒသမ ၆ ဘီလီယံအထိ ပိုင်ဆိုင်ထားတာကို တွေ့ရပါတယ်။ ယခုပမာဏက ဇွန်လအထိ တည်ရှိတဲ့ ပမာဏဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာကရှိခဲ့ တဲ့ပမာဏနဲ့ နှိုင်းယှဉ်ရင် ၂၉ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာတာကို တွေ့ရပါတယ်။

မလေးရှားအစိုးရက ထုတ်ရောင်းထားတဲ့ အာမခံစာချုပ်စာတမ်းတွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ ဝယ်လိုအားက ပထမနှစ်ဝက်မှာ ကောင်းမွန်ခဲ့ကြောင်း CIMB ရဲ့ ပုံသေဝင်ငွေ သုတေသနအဖွဲ့က ပြောပေမယ့် အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းမြှင့်တင်ပေးမှုကြောင့် မလေးရှားအစိုးရရဲ့ငွေကြေးသက်သေခံစာချုပ်စာတမ်းတွေကိုရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိတ်ဝင်စားမှု ကျဆင်းနိုင်တယ်လို့ လေ့လာဆန်းစစ်သူတွေ က ခန့်မှန်းပါတယ်။

၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်မှာ ရင်းဂစ်ငွေကြေးရောင်းဝယ်မှုကနေ အကျိုးအမြတ်ပမာဏ မည်မျှရရှိမယ်ဆိုတဲ့အချက်က အမေရိကန်ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒကို မည်မျှလျင်လျင်မြန်မြန် တင်းကျပ်မယ်၊ မည်သည့်အတိုင်းအတာအထိ တင်းကျပ် မယ်ဆိုတဲ့အပေါ် မှာ မူတည်နေကြောင်း၊ ဇူလိုင် ၁၄ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ယေဘုယျအားဖြင့် အတိုးနှုန်းတွေကျဆင်းပြီး ဝယ်လိုအား ကျဆင်းတတ်ပါတယ်။

# ဟောဟိုဂင်ရဲ့လူမျိုးရေးခွဲခြားမှုကြောင့် စိတ်ပျက်ခဲ့ရတဲ့ ဒါဝိန်းဂျွန်ဆင်

ဟာကျူလီမင်းသားဒါဝိန်းဂျွန်ဆင်က အမေရိကန် အပျော်တမ်းနပမ်းသမားလည်းဖြစ်၊ရုပ်ရှင်မင်းသားလည်းဖြစ်တဲ့ ဟောဟိုဂင်ရဲ့လူမျိုးရေးခွဲခြားပြောဆိုမှုကြောင့် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဟောဟိုဂင်ဟာ ဒါဝိန်းဂျွန်ဆင်ကို နောက်ပြောင်တဲ့သဘောမျိုးနဲ့ပြောဆိုခဲ့ပေမယ့် သူ့ရဲ့ပြောဆိုချက်တွေဟာ တစ်ဖက်သားရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်တယ်လို့ မသိတာကို စိတ်ပျက်မိတယ်လို့ လူသန်ကြီးက ဆိုပါတယ်။

ဟောဟိုဂန်ဟာ ဒါဝိန်းဂျွန်ဆင်ရဲ့ ငယ်သူငယ်ချင်းတစ်ဦးဖြစ်ပေမယ့် ခုလို နောက်ပြောင်တာမျိုးကိုတော့ မလုပ်သင့်ဘူးလို့ ဒါဝိန်းက ဆိုပါတယ်။

"သူဟာ ကျွန်တော့်ရဲ့ငယ်သူငယ်ချင်းပါ။ နပမ်းပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကျွန်တော့်အဖေကပဲ သူ့ကို ညွှန်ကြားပြသပေးခဲ့တာပါ။ ကျွန်တော်နဲ့သူက နပမ်းပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် လေ့ကျင့်ဖော်လေ့ကျင့်ဖက်ပါ။ ဟိုးနှစ်ပေါင်းများစွာကတည်းက ဖလော်ရီဒါမှာတွေ့ဆုံခဲ့တယ်။ ၁၉၇၀ ပြည့်နှစ်လောက်ကတည်းက သူနဲ့ကျွန်တော်ဟာ နပမ်းစီးပွားရေးလောကထဲကို ဝင်ရောက်ခဲ့တယ်။ သူလည်း နပမ်းသမားတစ်ယောက်ဖြစ်သလို ကျွန်တော်လည်း နပမ်းသမားတစ်ယောက်ပါပဲ။ ခုချိန်မှာတော့ လူမျိုးရေးခွဲခြားမှုဆန်တဲ့စကားမျိုးတော့ မပြောသင့်ဘူး"လို့ ဒါဝိန်းက ဆိုပါတယ်။

ဟောဟိုဂမ်ကလည်း သူ့ရဲ့ရိုင်းစိုင်းတဲ့စကားတွေအတွက် တောင်းပန်စကား ဆိုမယ်လို့မီဒီယာတွေကတစ်ဆင့် ပြောကြားလိုက်ပါတယ်။

လာမယ့်ရက်သတ္တပတ်အတွင်းမှာ World Wrestling Entertainment Inc. က ထုတ်လွှင့်ပြသမယ့် ကမ္ဘာ့နပမ်းပွဲအစီအစဉ်မှာ ဒါဝိန်းနဲ့ဟောဟိုတို့ဟာ သရုပ်ပြအနေနဲ့ပါဝင်ကြမှာဖြစ်ပါတယ်။






## One Direction အဖွဲ့ရဲ့ သီချင်းအယ်လ်ဘမ်သစ် Drag Me Down ထွက်ပြီ

One Direction အဖွဲ့ရဲ့Drag Me Down သီချင်းအယ်လ်ဘမ်သစ်ကိုစတင်ဖြန့်ချီလိုက်ပြီဖြစ်ပါတယ်။သူတို့အဖွဲ့ဟာ အဲဒီသီချင်းအယ်လ် ဘမ်အသစ်ကို ဇန်မာလစ်အဖွဲ့ကနေ မနုတ်ထွက်ခင်ကတည်းက စီစဉ်ထားခဲ့တာဖြစ်ပါတယ်။ ဇန်မာလစ်မရှိပေမယ့်လည်း သူ့ရဲ့သီချင်းတွေကို ထည့်ထားပေးတယ်လို့ One Direction အဖွဲ့ရဲ့ ဦးဆောင်သူ ဟယ်ရီစတိုင်က ပြောကြားခဲ့ပါတယ်။

One Direction အဖွဲ့ဟာ သူတို့အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိတဲ့သတင်းကို ပရိသတ်တွေအံ့အားသင့်သွားစေရန်အတွက် ဇူလိုင်လ၃၀ရက်နေ့ညဉ့်နက်ချိန်ကျမှ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

သူတို့ဟာ အဲဒီသီချင်းကို iTune အဖြစ်နဲ့အွန်လိုင်းပေါ်မှာရောင်းချမှာ ဖြစ်ပါတယ်။ ဒီသီချင်းဟာ စတင်ရောင်းချခြင်းမပြုမီကတည်းက လူသိများနေတဲ့သီချင်းတစ်ပုဒ်လည်းဖြစ်ခဲ့ပါတယ်။ဒါကြောင့်ဒီသီချင်းဟာ စံချိန်တင်လောက်တဲ့ရောင်းချရမှုမျိုးဖြစ်လာလိမ့်ဦးမယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ရဲ့ အသည်းနှလုံးမှာ မီးတွေတောက်နေတယ်။ ဒါပေမယ့် ကျွန်တော်တို့အမှောင်ကို မကြောက်ပါဘူး။ ကျွန်တော်တို့အတွက် လွတ်မြောက်နိုင်မယ့်လမ်းစကအလွယ် ကလေးပါ၊ လှေကလေးတစ်စင်းပေါ်က ဝိညာဉ်ရေ၊ ဒါဟာငါတို့အတွက် သင်ခန်းစာတစ်ခုပါပဲလို့ ရေးဖွဲ့ထားတာကို သီချင်းကို နားထောင်မိတဲ့သူတိုင်းက အရမ်းကိုကောင်းတဲ့စာသားလေးတွေပါလို့ ဝေဖန်ချီးကျူးခဲ့ကြပါတယ်။

သူတို့ရဲ့သီချင်းထွက်ပြီလို့ကြေညာပြီးတဲ့အချိန်မှာပဲ လင်မ်က သူ့ရဲ့တွစ်တာအကောင့်မှာ " သိပ်ကို အံ့ဩဖို့ကောင်းတဲ့ အဖြစ်အပျက်တစ်ခုပဲ။ သူငယ်ချင်းတို့ရေ ကိုယ်တို့ရဲ့ Drag Me Down ထွက်နေပြီ။ ဒီသီချင်းအပေါ်မှာ ငါတို့ခံစားရသလို မင်းတို့လည်း ခံစားကြမှာပါလို့ မျှော်လင့်ပါတယ်"လို့ရေးသားခဲ့ပါတယ်။

## မွေးနေ့ပွဲကို ဇနီးသည်နဲ့အတူ ပျော်ရွှင်စွာ ဖြတ်သန်းခဲ့တဲ့ မင်းသားကြီးအာနိုး

ဇူလိုင်လ ၃၀ရက်နေ့က အသက် ၆၈နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ မင်းသားကြီးအာနိုးဟာ သူ့ရဲ့မွေးနေ့ပွဲကို ဇနီးသည်မာရီ ယာရှိုးဗား နဲ့အတူ ပျော်ရွှင်စွာဖြတ်သန်းခဲ့တယ်လို့ ဒေးလီးမေးလ်က ရေးသားဖော်ပြပါတယ်။ သမ္မတဖြစ်ခွင့်ရှိရင် အိုဘားမားထက် ပိုသာအောင်လုပ်ပြမယ်လို့ ကြွေးကြော်ထားတဲ့မင်းသားကြီးအာနိုးဟာ သူ့ရဲ့မွေးနေ့ပွဲကို ကာလီဖိုးနီးယားမြို့ရဲ့ ဘီဘာလီးတောင်ကုန်းပေါ်မှာရှိတဲ့ဟိုတယ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ မင်းသားကြီးအာနိုးနဲ့သူ့ရဲ့ဇနီးသည် မာရီယာရှိုးဗားတို့ဟာအပြီးအပြတ်လမ်းခွဲခြင်း မပြုသေးပေမယ့် တစ်သီးတစ်ခြားစီ နေထိုင်ကြတဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူတို့နှစ်ဦးဟာ သားသမီးတွေကိစ္စနဲ့ အခုလိုမျိုးမွေးနေ့ပွဲတွေမှာတော့ အတူတူဆုံဖြစ်ခဲ့ကြတယ်လို့ သတင်းများက ရေးသားဖော်ပြထားပါတယ်။ သူ့ရဲ့မွေးနေ့ပွဲကို သူ့ရဲ့ ဟောလိဝုဒ်အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေရော၊အစိုးရပိုင်းက ပုဂ္ဂိုလ်တွေကိုပါ ဖိတ်ကြားခြင်းမပြုဘဲ သူတို့ မိသားစုသီးသန့်ကျင်းပတဲ့ မွေးနေ့ပွဲလေးအဖြစ် ဖန်တီးခဲ့ပါတယ်။ အာနိုးရဲ့သားတော်မောင်ပက်ထရစ်ကတော့ အဖေဖြစ်သူ မင်းသားကြီးအာနိုးနဲ့ သူ့သူငယ်ချင်းတွေ တွဲရိုက်ထားတဲ့ပုံကို သူ့ရဲ့လူမှုကွန်ရက်မှာဖော်ပြပြီး ဟက်ပီးဘတ်ဒေးပါဒယ်ဒီလို့ ရေးသားခဲ့ပါတယ်။ ပက်ထရစ်ဟာ ဖခင်ဖြစ်သူရဲ့မွေးနေ့ပွဲကို သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်လောက်ကိုပဲ ဖိတ်ကြားခဲ့ပေမယ့် သူ့ရဲ့ချစ်သူ မိုင်လေဆိုင်းရပ်စ်ကိုတော့ ဖိတ်ကြားခြင်း မပြုခဲ့ပါဘူး။ ဒါ့အပြင်ပက်ထရစ်ကသူ့ဖခင်ဟာ အသက် ၆၈နှစ်ဆိုပေမယ့် ၆၈နှစ်လို့ မထင်ရကြောင်း၊ ခုခေတ်လူငယ်များကဲ့သို့ လှုပ်ရှားသွားလာနိုင်သေးကြောင်း၊ ဆိုင်ကယ်ကို စတန့်အမျိုးမျိုးထွင်ကာ စီးနိုင်သူဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။





## PSY ရဲ့ သီချင်းသစ် မကြာမီထွက်ရှိမည်ဟု ဆို

Gangnam Style သီချင်းတစ်ပုဒ်တည်းနဲ့ ကမ္ဘာတစ်ခွင်ကို ထိုးဖောက်ခဲ့ပြီး လူငယ်ရောလူကြီးတွေကိုပါ ဖမ်းစားနိုင်ခဲ့တဲ့ ကိုရီးယားအဆိုတော် PSY ဟာ မကြာမီကာလမှာသူ့ရဲ့သီချင်းသစ်ကို ပရိသတ်တွေထံမှောက်အရောက် ပို့ဆောင်ပေးမယ်လို့ သူ့ရဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

PSY လို့လူသိများတဲ့ပတ်ဂျေးဆန်ဟာ ထွက်ရှိလာမယ့်သူ့သီချင်းသစ်ရဲ့ နာမည်ကိုလျှို့ဝှက်ထားမှာဖြစ်ပြီး ထွက်ရှိမယ့်နေ့မှသာ အဲဒီသီချင်းအမည်ကို ထုတ်ဖော်ပြောကြားမှာဖြစ်တယ်လို့ ဆို ပါတယ်။

"သူဟာ တစ်ပုဒ်တည်းနဲ့ ကမ္ဘာကျော်သွားတဲ့သူဖြစ်တာကြောင့် ခုထွက်ရှိမယ့်သီချင်းဟာလည်း လူကြိုက်များလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ သူ့သီချင်းထွက်ရှိမယ်လို့သာ ကြေညာထားတာပါ။ ဘယ်နေ့မှာ ထွက်ရှိမယ်ဆိုတာကတော့ စဉ်းစားလို့ မရသေးပါဘူး။ ဒါပေမယ့် သိပ်မကြာလောက်တော့ပါဘူး"လို့ သူ့ရဲ့အေဂျင်စီဖြစ်တဲ့ YG Entertainment မှ တာဝန်ရှိသူက ပြောကြားခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်နှစ်လောက်က Gangnam Style သီချင်းနဲ့ သူ့ရဲ့ထူးခြားတဲ့ ကကွက်ဆန်းတွေကြောင့် တစ်ကမ္ဘာလုံးက သူ့ကို သိကြသလို ချစ်ခင်ခဲ့ကြပါတယ်။

"ကျွန်တော့်ရဲ့အပြုအမူကြောင့် ကျွန်တော်ဟာ ကမ္ဘာကြီးတစ်ခုလုံးကို ရောက်သွားသလိုခံစားလိုက်ရတယ်။ အဲဒီတုန်းက ရရှိခဲ့တဲ့ခံစားမှုဟာ ဘာနဲ့မှလဲလို့မရခဲ့ပါဘူး။ ခုထိပြန်တွေးလိုက်တိုင်း ရင်ထဲမှာတလှုပ်လှုပ်နဲ့ဖြစ်နေတုန်းပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

သူ့ရဲ့ပရိသတ်ကတော့ သူ့သီချင်းသစ်မှာ PSY စီးမယ့်ဖိနပ်ကို စိတ်ဝင်တစားနဲ့စောင့်မျှော်နေကြတယ်လို့ ဆိုပါတယ်။



STZ
နွေရာသီနံ့များရတဲ့ မွှေးရနံ့
စွတ်စိုထိုင်းမှိုင်းမှုကြောင့် အဝတ်အစားတွေ
အောက်သိုးသိုးရနံ့ ထွက်တတ်တဲ့မိုးရာသီမှာ
" FUJI မှုန့်ရှင်းဆပ်ပြာခရင်(မ်) " နဲ့ လျှော်ပြီး
အိမ်ထဲမှာလှန်းလိုက်တော့ ရနံ့လေးကမွှေးလွန်းလို့
ကျေးငှက်ကလေးတွေက နွေရာသီနံ့များခဲ့ရပြီပေါ့။
FUJI
ULTRA
FUJI
ULTRA
အနံ့လေးက မွှေးနေတာပဲ




STZ
ဘီဝင်း ရေချိုးဆပ်ပြာ ခရင်(မ်)
bWin
SOOTHE & PROTECT
Shower
Cream
SMOOTH
SKIN
bWin
WHITE
Shower
Cream
bWin
SOOTHE & PROTECT
Shower
Cream
HEALTHY
SKIN
bWin
SOOTHE &
PROTECT
STZ
Shwe Tha Zin Company Limited Hot Line : 610512 . 610501 . 223493
ဘီဝင်း ခံစားကြည့်ပါ ထူးခြားမှာ

COMMERCE INTERNATIONAL

# ဗီယက်နမ်မှာ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု လျော့နည်းဖို့ စက်ယန္တရားသုံးဖို့လို

စက်ယန္တရားသုံးစွဲမှုဖွံ့ဖြိုးနှုန်းလျော့ကျတဲ့အတွက် လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုတွေမြင့်မားနေဆဲဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးကာအိုဒပ်ဖတ်က ယခုရက်သတ္တပတ်အတွင်းမှာ ပြောကြားပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုတွေလျှော့ချဖို့ ဝန်ကြီးချုပ်က ဆုံးဖြတ်ချက်ချညွှန်ကြားထားခဲ့ပြီးဖြစ်ရာ ညွှန်ကြားချက်အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေးအတွက် ကွန်ဖရင့်တစ်ရပ်ကိုကျင်းပခဲ့ပါတယ်။ အဆိုပါကွန်ဖရင့်မှာ ဖတ်က ယခုကဲ့သို့သုံးသပ်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

မူဝါဒကို အကောင်အထည်ဖော်ရာမှာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှု မရှိသေးဘဲ ဆန်စပါးတစ်ခုတည်းကိုသာ အလေးပေးဆောင်ရွက်နိုင်သေးကြောင်း သူက ပြောပါတယ်။ ဗီယက်နမ်မှာ ဆန်စပါးရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုက ခန့်မှန်းခြေဗီယက်နမ်ဒေါင် ဘီလီယံနှစ်သောင်း (အမေရိကန်ဒေါ်လာ ၁၆၆၀၀) ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဆုံးရှုံးမှုအများဆုံးဖြစ်တဲ့အချိန်က ရိတ်သိမ်းချိန်၊ သယ်ယူပို့ဆောင်ချိန်၊ အခြောက်လှမ်းချိန်နဲ့ ထိန်းသိမ်းစောင့်ရှောက်ချိန်တွေမှာ အများဆုံးဖြစ်တတ်ပါတယ်။



လွန်ခဲ့တဲ့ငါးနှစ်အတွင်း ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုတွေလျှော့ချဖို့ ယန္တရားနဲ့ ကိရိယာတွေဝယ်ယူရာမှာ အစိုးရက လယ်သမားများကိုကူညီနိုင်အောင် မူဝါဒအမျိုးမျိုးကိုထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် အကောင်အထည်ဖော်တဲ့လုပ်ငန်းတွေက ဆန်စပါးအတွက်ကိုသာ အဓိကထားဆောင်ရွက်ကြောင်း လယ်ယာထုတ်ကုန်သစ်တောနဲ့ ငါးဖမ်းလုပ်ငန်းဆင့်တက်ပြုပြင်ရေးနဲ့ လယ်ယာ-သစ်တော-ငါးထုတ်ကုန်များနဲ့ ဆားထုတ်လုပ်မှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် အန်ဗန်ခန်းကပြောပါတယ်။ တခြားသီးနှံများ၊ လယ်ယာတိရစ္ဆာန်များ၊ ငါးနဲ့ ပုစွန်လုပ်ငန်းတွေကို ဂရုမစိုက်ဘူးလို့ သူကပြောပါတယ်။ ဒါကြောင့် ဆန်စပါးရဲ့ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု တွေကနည်းပြီး ပန်းမာလ်စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနဲ့ကြံစိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဆုံးရှုံးမှုတွေမြင့်မားတယ်လို့ သူက ပြောပါတယ်။

ယခုအခါ အစိုးရက နည်းဥပဒေနှစ်ရပ်ကိုပြဌာန်းပေးခဲ့ရာ ၎င်းနည်းဥပဒေများအရ လယ်ယာထုတ်ကုန်အများစု အကျုံးဝင်နေပါတယ်။ ဒီနည်းဥပဒေအရ စက်ယန္တရားများကို ဝယ်ယူရာမှာ ဗီယက်နမ်ဖြစ်များကိုသာ ဝယ်ယူရမယ်ဆိုတဲ့ ပြဌာန်းချက်ကို ပယ်ဖျက်ပေးထားပါတယ်။ ဒီလိုပေးထားတဲ့ မက်လုံးတွေကြောင့် ဆန်စပါးတောင်သူများက လယ်ယာသုံးစက်ယန္တရားနဲ့ ကိရိယာများကို စိတ်အားထက်သန်စွာ ဝယ်ယူကြပါတယ်။ ဒါပေမယ့် ချေးငွေရရှိတဲ့ လယ်သမားဦးရေက နည်းပါးနေဆဲဖြစ်ပါတယ်။

## စင်ကာပူစီးပွားရေးဖွံ့ဖြိုးနှုန်း အားနည်းမှုကြောင့် စင်ကာပူအလုပ်လက်မဲ့နှုန်းမြင့်တက်

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးမှုကြောင့် အလုပ်လက်မဲ့နှုန်းမှာ အနည်းငယ်မြင့်တက်လာကြောင်း လူအင်အားဝန်ကြီးဌာန (MOM) ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး Bernama သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှု (ဂျီဒီပီ)တိုးတက်နှုန်းအားနည်းနေတဲ့အတွက် အလုပ်အကိုင်ရရှိမှု တိုးတက်နှုန်း နှေးကွေးနေတာကို လူအင်အားဝန်ကြီးဌာန၊ လူအင်အားသုတေသနနဲ့ စာရင်းအင်း ဌာနက ထုတ်ပြန်တဲ့ စင်ကာပူအလုပ်အကိုင်ရရှိမှုအခြေအနေ ပဏာမအစီရင်ခံစာ Employment Stituation, Second Quarter 2015 မှာ တင်ပြထားတာ ကိုတွေ့ရပါတယ်။

လွန်ခဲ့တဲ့သုံးလပတ်လေးခုမှာ အလုပ်လက်မဲ့နှုန်းထားတိုးတက်မှုအလားအလာက အကျဘက်ကိုဦးတည်နေခဲ့ပေမယ့် စီးပွားရေးတိုးတက်မှုနှုန်းက ကျဆင်းနေဆဲဖြစ်ပါတယ်။ ဒုတိယသုံးလပတ်အထိ အလုပ်မှထုတ်ပယ်မှုအခြေအနေက ဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဏာမခန့်မှန်းချက်အရ အလုပ်လက်မဲ့နှုန်း က ၂၀၁၅ ခုနှစ် ဇွန်လမှာ ၂ ရာခိုင်နှုန်းထိရောက်ရှိတဲ့အတွက် ၂၀၁၅ ခုနှစ် မတ်လကရှိခဲ့တဲ့ ၁ ဒသမ ၈ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် အနည်းငယ်မြင့်တက်ပါတယ်။

အမြဲနေထိုင်ခွင့်ရသူ (PR) များရဲ့ အလုပ်လက်မဲ့နှုန်းက ၂ ဒသမ ၅ ရာခိုင်နှုန်းကနေ ၂ ဒသမ ၈ ရာခိုင်နှုန်းထိမြင့်တက်ပြီး စင်ကာပူနိုင်ငံသားတွေရဲ့ အလုပ် လက်မဲ့နှုန်းက ၂ ဒသမ ၆ ရာခိုင်နှုန်းကနေ ၂ ဒသမ ၉ ရာခိုင်နှုန်းထိမြင့်တက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ဇွန်လအတွင်းက အလုပ်လက်မဲ့နှုန်းက အလားတူအခြေအနေမျိုး ရှိခဲ့ပါတယ်။

ဆောက်လုပ်ရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်မှုကြောင့် အလုပ်အကိုင်ရရှိမှုအခြေအနေက ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ ၁၅၇၀၀ အထိရှိခဲ့ပါတယ်။ ဒါပေမယ့် အားလုံးခြုံကြည့်ရင် အလုပ်အကိုင်ရရှိမှုဖွံ့ဖြိုးတိုးတက်နှုန်းက ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်မှာ ယခင်နှစ်အလားတူကာလနဲ့ နှိုင်းယှဉ်ရင် အနည်းငယ်သာ တိုးတက်မှုရှိခဲ့ပါတယ်။

ဉာဏ်တင်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE : 3rd August 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) A | B | C | D | E | SHANGHI | JAPAN YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | MYANMAR YANGON | THAILAND LAEM CHABANG |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 5.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။